The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 23, NO. 9
တနင်္လာနေ့တိုင်းထုတ်ဝေသည်
May 8, 2023



# စားသုံးသူတွေကျန်းမာစို့ သိကောင်းစရာဆိသနှ့ စားသုံးစို့

စာမျက်နှာ ၁၆

## ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအား သတ်မှတ်ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာကို ပြင်ဆင်ခြင်း ထုတ်ပြန်

၆

## 2023 RCEP Region Food Industry (Yanta) Expo သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

၁၂

## မြန်မာ့ရိုးရာ ဆေးသနပ်ခါးဟု တင်စားခေါ်ယူ စန္ဒကူးနံ့သာဖြူ

၂၀




HWY
TRADING CO.,LTD
Your Complete Satisfaction is our priority
US-60C+
Ultrasonic Point
Sealer
FRBM-810I
FRBM-810II
Parameters | FRBM-810I | FRBM-810II
Voltage | AC 220/50 110/60 | AC 220/50 110/60
Motor Power | 50/100 | 50/100
Sealing Power | 300 x 2 | 300 x 2
Printing Heating Power | 40 x 2 | 40 x 2
Speed | 0-12 (0-16) (0-24) | 0-12 (0-16) (0-24)
Seal Width | 10 | 10
Temperature Range | 0-300 | 0-300
Printing Type | Solid ink roller | Solid ink roller
Distance from Sealing Center to Conveyor | 10-40 | 10-40/200-320
Distance from Base Plate to interior Conveyor | 65-85 | --
Conveyor Size | 954 x 153 | 954 x 153
Max. Conveyor Load for Single Bag | ≤ 1 | ≤ 1
Overall Conveyor Load | ≤ 3 | ≤ 3
External Dimensions | 954 x 390 x 345 | 954 x 450 x 315 / 954 x 345 x 540
Net Weight | 28 | 37.6
NO. (16), Yuzana 1st Street, 25 Quarter, S/Dagon Township, Yangon, Myanmar.
+95 9 2554 87355, +95 9 7956 88571
hninhnin@hwytradingmm.com


ထိသေ စားသေနှင့် ထိုးဖေါက်စုပ်ဝင် အားကောင်းသည့်
ပိုးသတ်ဆေးရည်
မင်းမဟော်
CERTIFIED
ISO
9001:2015
COMPANY
CERTIFICATE NO. 740467
ကိုး
ထွက်တိုး
( စပါယ်ရှယ် )
17:17:17
သီးနှံမျိုးစုံ အပွင့်၊ အသီး၊ ဥ အားကောင်းစေသည့်
ရွက်ဖျန်းမြေဩဇာအရည်
တောင်သူ ပြုံးပျော် မင်းမဟော်

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာ အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၃) ကြိမ်မြောက် အစည်းအဝေးကို မေ ၅ ရက် မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထူးစီးပွားရေးဇုန် တစ်ခုချင်းအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အလေးထား ဆောင်ရွက်ရမည့်အချက်များ၊ အထူးစီးပွားရေးဇုန်များ ဆက်လက်အကောင်အထည်ဖော်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများကလည်း အထူးစီးပွားရေးဇုန်အလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြခဲ့ကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ညနေ ၄ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**MOC (IR)**

# စားသောက်ကုန်ထုတ်လုပ်ရေး နည်းပညာနှင့် အစားအစာ ဘေးကင်းရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

Korea - Myanmar Technology Advice and Solutions from Korea (TASK) စီမံကိန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် Korea Food Research Institute (KFRI) တို့ပူးပေါင်းပြီး ပို့ကုန်မြှင့်တင်ရေးအတွက် စားသောက်ကုန်ထုတ်လုပ်ရေး နည်းပညာနှင့် အစားအစာ ဘေးကင်းရေးဆိုင်ရာ ဆွေးနွေးပွဲကို ဧပြီ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ Mingalar Mandalay Hotel ၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Food Research Institute (KFRI) သုတေသနဌာနမှ ဥက္ကဋ္ဌ Dr. HONG Seok In တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့တက်ရောက်လာကြသော ကုမ္ပဏီများက ၎င်းတို့ထုတ်လုပ်သည့် စားသောက်ကုန်နမူနာများကို ခင်းကျင်းပြသထားရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက လှည့်လည်ကြည့်ရှုပြီး ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားခဲ့သည်။

ထို့နောက် ကိုရီးယား စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍ ကျွမ်းကျင်ပညာရှင်များက အစားအစာ ဘေးကင်းရေးစီမံခန့်ခွဲမှု၊ စားသောက်ကုန် အရည်အသွေးထိန်းသိမ်းမှု၊ ထုတ်ကုန်သစ်များ ဖွံ့ဖြိုးတိုးတက်ရေး စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ စားသောက်ကုန် ထုတ်လုပ်သော ကုမ္ပဏီဖြစ်သည့် NNK Top Myanmar Company နှင့် ကိုရီးယားသမ္မတနိုင်ငံမှ စားသောက်ကုန် ကုမ္ပဏီဖြစ်သည့် Ozoniad Company တို့အကြား စားသောက်ကုန် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ (MOU ) လက်မှတ်ရေးထိုးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ Korea Food Research Institute (KFRI) မှ စားသောက်ကုန်ထုတ်လုပ်ရေးပညာရှင်များ၊ မြန်မာ့စားသောက်ကုန်ထုတ်လုပ်ရေး ကုမ္ပဏီ ၁၈ ခုမှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၅ ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**MOC (IR)**

# ဈေးကွက်အတွင်း ဖြန့်ချိတော့မည့် ခနုဖြူ အုန်းချိုမွှေး

မအူပင်ခရိုင်သည် ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ ငါး၊ ပုစွန်နှင့်သဘာဝသယံဇာတများ ထွက်ရှိပြီး ဒေသထွက်ကုန်မျိုးစုံဖြစ်သည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရုံသာမက တစ်မူထူးခြား စိတ်ဝင်စားစရာကောင်းသော အုန်းချိုမွှေး (အရည်သောက်) စိုက်ပျိုးရေးခြံ၏ ရည်မှန်းချက်နှင့် ဈေးကွက်အနေအထားကို ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ခနုဖြူမြို့နယ် ဖုန်းဆိုးတောင် ကျေးရွာအုပ်စုရှိ ဦးဇော်မင်းဦး (Alloy Co,Ltd.) က ယိုးဒယားအုန်းချိုမွှေး စိုက်ပျိုးထားရှိ အကောင်အထည်ဖော်မှုအား လေ့လာသိရှိခဲ့ရသည်။

ယိုးဒယား အုန်းချိုမွှေး စိုက်ပျိုးထုတ်လုပ်မှုကို မအူပင်ခရိုင်၊ ခနုဖြူမြို့နယ်၊ ဖုန်းဆိုးတောင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၃၃) သံလွင်ငူကွင်းအတွင်းရှိ ဧရိယာ ဧက ၁၈၀ တွင် ၂၀၂၁ ခုနှစ်ကစတင် စိုက်ပျိုးခဲ့ပြီး ၂၀၂၂ ခုနှစ်ထိ စိုက်ပျိုးပြီးစီးမှု ဧကပေါင်း ၁၂၀ ရှိခဲ့ရာ တစ်ဧကပျမ်းမျှ ၉၅ ပင် စိုက်ပျိုးခဲ့ပြီး ကွမ်းသီးပင်များကိုလည်း ကြားညှပ်စိုက်ပျိုးခဲ့ကြောင်း လေ့လာသိရှိခဲ့သည်။



အုန်းချိုမွှေး (အရည်သောက်) စိုက်ပျိုးရေးခြံ၏ အဓိက ရည်မှန်းချက်နှင့် ဈေးကွက်အနေအထားမှာ မြန်မာနိုင်ငံသားများနှင့် ပြည်ပခရီးသွား ဧည့်သည်များ၊ အရည်အသွေး ပြည့်မီသော ကျန်းမာရေးနှင့် ညီညွတ်သော အုန်းချိုမွှေးများ သောက်သုံးရန်အတွက် ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဒေသအတွင်း လူငယ်များ၏ ကြိုးစားအားထုတ်မှုနှင့် ကျွမ်းကျင်မှုအလိုက် ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ ပြည်တွင်း၊ ပြည်ပခရီးသွား ဧည့်သည်များအား အုန်းချိုမွှေး(အရည်သောက်)ကို ချိုမြိန်စွာ သောက်သုံးနိုင်ရေး ရည်ရွယ်ထားရှိကာ အုန်းချိုမွှေး စိုက်ခင်းအား အခြေပြုပြီး ဒေသ၏ သာယာလှပမှုအား သဘာဝအဆင့်မြှင့် အပန်းဖြေစခန်းတစ်ခုအဖြစ် တည်ဆောက်ထားရှိပေးရန် ရည်မှန်းထားရှိပြီး ဆောင်ရွက်ခြင်း၊ ပြည်တွင်းအုန်းချိုမွှေး (အရည်သောက်) သောက်သုံးမှုအတွက် အဓိကထား ထုတ်လုပ်ထားရှိမည်ဖြစ်ပြီး လုံလောက်သော သုံးစွဲမှုထက် ကျော်လွန်ထုတ်လုပ်နိုင်ပါက ပြည်ပဈေးကွက်တစ်ခု ပေါ်ပေါက်လာစေရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း (Alloy Co,Ltd.) မှ ဦးဇော်မင်းဦး၏ ပြောကြားချက်အရ သိရှိရသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် ဆက်စပ်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များပါ သွားလာမှု လွယ်ကူလာသည့်အတွက် ဒေသထွက်ကုန်များ ဈေးကွက်ရရှိလာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာမှုအပေါ်တွင် မအူပင်ခရိုင်၊ ခနုဖြူမြို့နယ် ဖုန်းဆိုးတောင် ကျေးရွာအုပ်စုရှိ အုန်းချိုမွှေး (အရည်သောက်) လုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသည့်အပြင် သာယာလှပခြင်း၊ စားသုံးသူများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးနှင့် ညီညွတ်သည့် အုန်းချိုမွှေးများထုတ်လုပ်မည့် အစီအမံများ အကြောင်းကို လေ့လာတွေ့ရှိရသည်။

မအူပင်ခရိုင်သို့ ဖြတ်သန်းသွားလာမည့် ခရီးသွားလုပ်သား ပြည်သူများသည် ကျန်းမာရေးနှင့် ညီညွတ် အရည်အသွေးပြည့်မီ အရသာကောင်းသည့် အုန်းချိုမွှေးများကို ဈေးကွက်အတွင်း ဖြန့်ချိတော့မည့် အခြေအနေကောင်းများကို (Alloy Co,Ltd.)မှ ဦးဇော်မင်းဦးက ရှင်းလင်းပြောပြခဲ့သည်။

**Consumer(MT)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
ရန်နိုင်လွင်

**အုပ်ချုပ်ရေးမှူး**
မြမြစိန်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊ မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ)၊ ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
မေသန္တာမိုး

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# အင်္ဂပူမြို့နယ်တွင် နွေစပါးစံကွက် ရိတ်သိမ်း

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတနှင့် မြန်အောင်ခရိုင်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးမှုမှာ ဟင်္သာတမြို့နယ်တွင် ၁၀၂၂ ဧက၊ ဇလွန်မြို့နယ်တွင် ဧက ၃၀၉၀၊ လေးမျက်နှာမြို့နယ်တွင် ၁၅၅၃ ဧက၊ မြန်အောင်မြို့နယ်တွင် ၉၃၂၇ ဧက၊ ကြံခင်းမြို့နယ်တွင် ၁၄၇၂ ဧက၊ အင်္ဂပူမြို့နယ်တွင် ၂၄၄၂၉ နှင့် စုစုပေါင်း ၄၀၈၉၃ ဧက စိုက်ပျိုးခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ထက် ၃၇၈၉ ဧက ပိုမိုစိုက်ပျိုးခဲ့သည်။ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်တွင် ရေတင်စိုက်ပျိုးကြပြီး အင်္ဂပူ၊ မြန်အောင်၊ ကြံခင်းမြို့နယ်များတွင် နန်ကာသူဆည်၊ ကညင်ဆည်၊ မမြဆည်များမှ ဆည်ရေဖြင့် စိုက်ပျိုးကြသည်။ ဆည်ရေသောက် ဒေသများတွင် ဆင်းသုခ၊ မော်ဘီ ၃၊ မနောသုခ၊ သီးထပ်ရင်မျိုးများကို စိုက်ပျိုးကြပြီး စက်ရေတွင်းဖြင့် ရေတင်ရသည့် ဒေသများတွင် ပခန်း၊ ရက်ကိုးဆယ်၊ ဒဂုံသွယ်၊ GW 11 မျိုးများကို စိုက်ပျိုးကြပါသည်။

ဧပြီလဆန်းတွင် နွေစပါးများ စတင်ရိတ်သိမ်းကြပြီး တစ်ဧက လျှင် တင်း ၁၀၀ ကျော်ထွက်ရှိသည့်အတွက် နွေစပါးစိုက် တောင်သူများ တွက်ခြေကိုက်လျက်ရှိသည်။ နွေစပါးတစ်ဧကလျှင် မျိုး၊ ထွန်ယက်ခ၊ စိုက်ခ၊ သွင်းအားစု၊ ရေတင်ခ၊ ရိတ်ခြွေခ အပါအဝင် စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ်ခြောက်သိန်းဝန်းကျင်ခန့်ရှိသည်။ ပခန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၃၅၀၀၀၀ ဝန်းကျင်ရရှိသဖြင့် တဧကလျှင် ခုနစ်သိန်းခွဲဝန်းကျင်ခန့် အကျိုးအမြတ်ရရှိလျက်ရှိသည်။ နွေစပါး ပေါင် ၅၀ တင်း ၁၀၀ လျှင် စပါးအမျိုးအစားနှင့် အရည်အသွေးအလိုက် ကျပ် ၁၃၅၀၀၀၀ မှ ကျပ် ၁၅၀၀၀၀၀ ဈေးအတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အင်္ဂပူမြို့နယ် ထူကြီးမြို့ အုတ်ရှစ်ကုန်းကျေးရွာ ဟင်္သာတ- မြန်အောင် ကားလမ်းဘေးရှိ တောင်သူ ဦးထွန်းကြိုင်၏ ရက်(၉၀) စပါးမျိုး စိုက်ပျိုးထားသော လယ် ၄ ဒသမ ၀၅ ဧကတွင် မေ ၂ ရက်က စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့ပြီး အင်္ဂပူမြို့နယ် စိုက်/တိုးမြှင့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ တစ်ဧကလျှင် ရက်ကိုးဆယ်စပါး ပျမ်းမျှ ၁၀၁ ဒသမ ၅၅ တင်းနှုန်း ထွက်ရှိခဲ့သည်။

နွေစပါးသည် လိုအပ်သော ရေ Level ကို ထိန်းညှိနိုင်ခြင်း၊ သွင်းအားစုကို စနစ်တကျ ထည့်သွင်းခြင်း၊ နေရောင်ခြည်လုံလောက်စွာ ရရှိခြင်းတို့ကြောင့် တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိနိုင်သည့်အတွက် တောင်သူတို့ တွက်ခြေကိုက် အကျိုးရှိသော စိုက်ပျိုးမှုလည်းဖြစ်သည်။

**မောင်မောင်မြတ်ခိုင်**

# ပင်လယ်ရေကြောင်းမှ ဆန်နှင့် ဆန်ကွဲ တန်ချိန် နှစ်သောင်းခုနစ်ထောင်ကျော် တင်ပို့



ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၀၂ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၃၃၀၀ ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၉၃၀၀ ကျော်၊ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၄၀၀၀ ခန့် တင်ပို့နိုင်သည်။

ဥရောပတွင် ဆန်တင်ပို့သောနိုင်ငံများမှာ စပိန်နိုင်ငံသို့ ဆန် ၂၃၇၅ တန်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန် ၁၁၇၅ တန်၊ တူရကီနိုင်ငံသို့ ဆန်တန်ချိန် ၁၈၀၀၊ အင်္ဂလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၈၂၀ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၄၀၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန်၃၅၀၊ ခရိုအေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀၊ စလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၆၀၊ ချက်နိုင်ငံသို့ ဆန်တန်ချိန် ၂၀၀ ကျော်နှင့် ဟန်ဂေရီနိုင်ငံသို့ ဆန် ၁၂၅ တန်တင်ပို့ခဲ့သည်။ အာရှနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၇၅၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန် ၁၁၉၇ တန်နှင့် ဟောင်ကောင်နိုင်ငံသို့ ဆန်တန်ချိန် ၅၀ ကျော် တင်ပို့ခဲ့သည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၁၄၁၉၀ ကျော်တင်ပို့သဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၉၄ သန်းရရှိသည်။ တင်ပို့မှုအနေဖြင့် အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၀၈၇၀ ကျော်နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၃၂၀ ကျော် တင်ပို့ ခဲ့သည်။

အီးယူအဖွဲ့ဝင် နိုင်ငံများသို့ ဆန်ကွဲတင်ပို့မှုများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ၆၀၂၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၆၂၀ ကျော်၊ အင်္ဂလန်နိုင်ငံသို့ ဆန်ကွဲ ၁၂၇၅ တန်ချိန်၊ ပိုလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၆၅၀ နှင့် စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ တင်ပို့သည်။ အာရှနိုင်ငံများဖြစ်သော တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၂၂၀ ခန့်နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀ တင်ပို့သည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်နှင့် ဆန်ကွဲတန်ချိန် ၂၇၅၀၀ ခန့် တင်ပို့ခဲ့သည်။

**အေးအေးသန့် (DOT)**

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးနှုန်း (အိတ်/ကျပ်) ၅.၅ .၂၀၂၃)

| စဉ် | လိုင်းအမည် | ပေါ်ဆန်း | | နှိုင်းယှဉ်ချက် | ကြားပျံ/ တောင်ပျံ | | နှိုင်းယှဉ်ချက် | ခွံနီ/ ပေါ်ကွဲ | | နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | |
| ၁ | ဖျာပုံ | 87,000 | 86,000 | ↓ | 90,000 | 90,000 | — | 75,000 | 75,000 | — |
| ၂ | မော်ကျွန်း | 80,000 | 84,000 | ↑ | 83,000 | 87,000 | ↑ | 68,000 | 76,000 | ↑ |
| ၃ | ဘိုကလေး | 79,000 | 84,000 | ↑ | 84,000 | 89,000 | ↑ | 68,000 | 74,000 | ↑ |
| ၄ | ဒေးဒရဲ/ ကွန်းခြံကုန်း | | 88,000 | | 87,000 | 89,000 | ↑ | | | |
| ၅ | ကော့မှူး/ တွံတေး | 78,000 | 86,000 | ↑ | 86,000 | 90,000 | ↑ | 67,000 | 71,000 | ↑ |
| ၆ | ဝါးခယ်မ | | | | | | | | | |
| ၇ | မြောင်းမြ | 86,000 | 90,000 | ↑ | 88,000 | 92,000 | ↑ | 71,000 | 75,000 | ↑ |
| ၈ | ကျိုက်လတ် | | | | | | | | | |
| ၉ | လပွတ္တာ | 82,000 | 88,000 | ↑ | 87,000 | 90,000 | ↑ | | 74,000 | |
| ၁၀ | ရွှေဘို | 105,000 | 105,000 | — | | | | | | |

Source: Myanmar Rice

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၅-၅-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၅၂၂ | ၅၁၈ | ↓ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၉၈ | ၅၀၃ | ↑ | ၄၈၇ | ၄၈၇ | - | ၄၅၇ | ၄၅၇ | - | ၄၅၂ | ၅၂၇ | ↑ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၁၅% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅% | ၄၈၇ | ၄၉၁ | ↑ | ၄၆၇ | ၄၆၇ | - | ၄၄၂ | ၄၄၂ | - | ၄၃၅ | ၄၉၁ | ↑ |
| ပေါင်းဆန် | ၅၀၉ | ၅၁၅ | ↑ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီး(၅-၅-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၆၀၀၀ | - | ၆၀၀၀၀ | - | | | | |
| ပုသိမ် | ၁၄၁၀၀ | ↑ | ၅၄၀၀၀ | ↑ | | | | |
| ပဲခူး | ၁၄၇၂၀ | ↑ | ၅၇၅၀၀ | ↑ | | | | |
| ရွှေဘို | ၁၉၀၀၀ | - | ၈၀၀၀၀ | - | ၂၇၀၀၀ | ↓ | ၈၆၀၀၀ | ↓ |
| စစ်တွေ | ၁၆၇၀၀ | ↑ | ၇၃၀၀၀ | ↑ | ၁၉၈၀၀ | ↑ | ၈၂၀၀၀ | ↑ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၁၅၀၀၀ | ↑ | ၅၈၅၀၀ | - | | | ၇၇၀၀၀ | - |
| ရန်ကုန်(ဝါးတန်း) | ၁၅၀၀၀ | ↑ | ၅၈၅၀၀ | - | | | ၇၇၀၀၀ | - |
| မန္တလေး | ၁၇၅၀၀ | - | ၆၈၀၀၀ | - | | | ၈၅၀၀၀ | - |
| မကွေး | ၁၆၀၀၀ | - | ၆၅၀၀၀ | - | | | ၁၀၅၀၀၀ | - |
| မော်လမြိုင် | ၁၄၇၀၀ | ↑ | ၅၇၀၀၀ | ↑ | ၁၇၈၀၀ | ↑ | ၇၉၅၀၀ | ↑ |
| မြိတ် | ၁၄၃၀၀ | - | ၆၆၀၀၀ | ↑ | | | ၉၀၀၀၀ | ↑ |
| ဘားအံ | ၁၄၅၀၀ | - | ၅၅၀၀၀ | - | | | ၇၅၅၀၀ | - |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# သထုံခရိုင်၏ ဆန်၊ စပါးဈေးနှုန်းနှင့် စီးဝင်/စီးထွက်မှု အခြေအနေ

သထုံခရိုင်အတွင်းရှိ မြို့နယ်များ၌ ဧပြီလစတုတ္ထပတ်တွင် စပါး၊ ဆန်ဈေးနှုန်းမှာ အတက်ဘက်သို့ ဦးတည်လျက်ရှိခဲ့သည်။ သထုံခရိုင်အတွင်းမှ အခြားတိုင်းဒေသကြီးနှင့် အခြားဒေသကြီးနှင့် အခြားခရိုင်မြို့နယ်များသို့ ဆန်စီးထွက်မှုနှုန်းမှာ မော်လမြိုင်သို့ အိတ် ၃၀၀၀ ခန့်၊ ကရင်ပြည်နယ်သို့ အိတ် ၃၅၀၀ ခန့်၊ စုစုပေါင်း အိတ် ၆၅၀၀ ခန့်၊ တန်ချိန်အားဖြင့် ၃၁၀ တန် စီးထွက်ခဲ့သည်။ ယခု မေလ၏ ပထမပတ်တွင် မော်လမြိုင်သို့ အိတ် ၃၂၀၀ ခန့်၊ ကရင်ပြည်နယ်သို့ အိတ် ၃၄၀၀ ခန့်၊ စုစုပေါင်း အိတ် ၆၆၀၀ ခန့်၊ တန်ချိန်အားဖြင့် ၃၁၈ တန်ခန့် စီးထွက်ခဲ့ပြီး ယခင်ပထမပတ်နှင့် နှိုင်းယှဉ်ပါက ပုံမှန်အတိုင်း စီးထွက်ခဲ့သည်။

သထုံခရိုင်အတွင်းသို့ ဧပြီလစတုတ္ထပတ်တွင် ဆန်စီးဝင်မှုနှုန်းမှာ ရန်ကုန်တိုင်းဒေသကြီးမှ အိတ် ၁၂၀၀ ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ အိတ် ၂၁၀၀ ခန့်၊ စုစုပေါင်း အိတ် ၃၂၀၀ ခန့်၊ တန်ချိန်အားဖြင့် ၁၅၄ ခန့် စီးဝင်ခဲ့ပြီး ဧပြီလ၏ နောက်ဆုံးပတ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ၁၀၀၀ အိတ်ခန့်၊ ပဲခူးတိုင်းဒေသကြီးမှ အိတ် ၁၈၀၀ ခန့်၊ စုစုပေါင်း အိတ် ၂၈၀၀ ခန့်၊ တန်ချိန်အားဖြင့် ၁၃၅ တန်ခန့် စီးဝင်ခဲ့ပြီး သထုံခရိုင်အတွင်းသို့ ဆန်စီးဝင်မှုနှုန်းမှာ ယခင်ပထမပတ်နှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့၍ စီးဝင်ခဲ့သည်။

သထုံခရိုင်အတွင်း၌ ဧပြီလ နောက်ဆုံးပတ်တွင် ဆန်ဈေးနှုန်းများမှာ စပါးတင်း ၁၀၀ လျှင် ဒေသပေါက်ဈေး ကျားပျံဟိုတယ် ကျပ် ၂၅၅၀၀၀၀ ခန့်၊ ပေါ်ဆန်းဝါ ကျပ် ၂၃၅၀၀၀၀ ခန့်၊ ကမာကြည် ကျပ် ၂၀၀၀၀၀၀ ခန့်နှင့် ၂၄ ပြည်ဝင် ဆန်တစ်အိတ်လျှင် ကျားပျံဟိုတယ် ကျပ် ၈၁၀၀၀ ခန့်၊ ပေါ် ဆန်းဝါ ကျပ် ၇၉၀၀၀ ခန့်၊ ကမာကြည် ကျပ် ၆၉၀၀၀ ခန့်၊ ညှော့မထ ကျပ် ၅၇၀၀၀ ခန့်ရှိပြီး ယခုပတ်တွင် စပါး၊ ဆန်ဈေးနှုန်းမှာ ဆက်လက်၍ အတက်ဘက်သို့ ဦးတည်လျက်ရှိကြောင်း သိရှိရသည်။

**ထိန်လင်း (သထုံ)**

# ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ ဗိုလ်ကိတ်ပဲတို့သည် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲဈေးတို့မှာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**မတ်ပဲ**

ပြည်ကုန်စည်ဒိုင်တွင် ဧပြီလ ပထမပတ်တွင် မတ်ပဲတစ်တင်းကို ကျပ် ၆၇၅၀၀-၆၈၀၀၀ ဖြင့် ရန်ကုန်အဝယ်ရှိခဲ့သည်။ မတ်လ ဒုတိယပတ်တွင် မတ်ပဲတစ်တင်းကို ကျပ် ၆၇၀၀၀-၆၇၅၀၀ ဖြင့် ဈေးငြိမ်လျက်ရှိပြီး ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၂၅၀-၃၀၀ ခန့် အဝယ်ရှိသည်။ သင်္ကြန်ပိတ်ရက်အပြီးတွင် မတ်ပဲဈေးမြင့်လာပြီး ပဲတစ်တင်းကို ကျပ် ၆၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဧပြီလ နောက်ဆုံးပတ်တွင် မတ်ပဲတစ်တင်းကို ကျပ် ၇၀၅၀၀-၇၁၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၃၀၀ ခန့်ရှိသည်။

**ပဲစင်းငုံ**

ပြည်ကုန်စည်ဒိုင်၏ ဧပြီလ ပထမပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၇၅၀၀၀-၇၅၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၂၅၀ ခန့် အရောင်းအဝယ်ရှိခဲ့သည်။ ဧပြီလ ဒုတိယပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၇၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ သင်္ကြန်ပြီးကာလတွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၇၅၅၀၀ ဖြင့် ဈေးအေးနေခဲ့ပြီး စတုတ္ထပတ်မှာ ပဲစင်းငုံတစ်တင်းကို ကျပ် ၇၇၅၀၀-၇၈၀၀၀ ထိ ဈေးမြင့်လာခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုမှာ တစ်ရက်ကို အိတ် ၂၀၀ ခန့် ရန်ကုန်အဝယ်ရှိခဲ့သည်။

**ကုလားပဲ**

ပြည်ကုန်စည်ဒိုင်၏ ဧပြီလအစတွင် ကုလားပဲ (HL)တစ်တင်းကို ကျပ် ၇၁၅၀၀-၇၂၀၀၀ ကျပ်၊ ကုလားပဲ (မြကြေးမုံ) တစ်တင်းကို ကျပ် ၇၂၅၀၀-၇၃၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမား၊ ရန်ကုန်ဝယ်လက်နှင့် လှော်င်သမားများက တစ်ရက်ကို အိတ် ၂၀၀/၃၀၀ ခန့် အဝယ်ရှိခဲ့သည်။ ဒုတိယပတ်တွင် ကုလားပဲ (HL) တစ်တင်းကို ကျပ် ၇၂၀၀၀-၇၂၅၀၀-၇၃၀၀၀၊ ကုလားပဲ (မြကြေးမုံ) တစ်တင်းကို ကျပ် ၇၃၀၀၀-၇၃၅၀၀-၇၄၀၀၀ ဖြင့် ခွဲစက်သမားနှင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၃၀၀ ခန့် ရှိခဲ့သည်။ သင်္ကြန်ပိတ်ရက်အပြီး ဈေးများပြန်ဖွင့်ချိန်တွင် ကုလားပဲ (HL) တစ်တင်းကို ကျပ် ၇၆၅၀၀-၆၈၀၀၀၊ ကုလားပဲ(မြကြေးမုံ) တစ်တင်းကို ကျပ် ၇၇၀၀၀-၇၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဧပြီလနောက်ဆုံးပတ်မှာတော့ ကုလားပဲ (HL)တစ်တင်းကို ကျပ် ၇၅၀၀၀-၇၅၅၀၀၊ ကုလားပဲ(မြကြေးမုံ) တစ်တင်းကို ကျပ် ၇၆၀၀၀-၇၆၅၀၀-၇၇၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားနှင့် လှော်င်သမားများ တစ်ရက်ကို အိတ် ၃၀၀ ခန့် အဝယ်ရှိခဲ့သည်။

**ပဲကြီး**

ပြည်ကုန်စည်ဒိုင်၌ ဧပြီလပထမပတ်တွင် ပဲကြီး(ရွှေကျွန်း) တစ်တင်းကို ကျပ် ၈၀၀၀၀၊ ပဲကြီး(ကုန်းပဲ) တစ်တင်းကို ကျပ် ၇၇၀၀၀-၇၈၀၀၀၊ ပဲကြီး(အာမဲ) တစ်တင်းကို ကျပ် ၇၅၀၀၀ ဖြင့် ပဲကြော်ဖိုသမားများနှင့် တစ်ခါတစ်ရံ ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၂၀၀/၂၅၀ ခန့် အဝယ်ရှိသည်။ ဧပြီဒုတိယပတ်နှင့် သင်္ကြန်ပြီးကာလတွင် ပဲကြီးဈေးအေးနေခဲ့ပြီး ဧပြီ စတုတ္ထပတ်တွင် ပဲကြော်ဖိုသမားများက အဝယ်ရှိ၍ ပဲကြီး(ရွှေကျွန်း) တစ်တင်းကို ကျပ် ၉၀၀၀၀ ဖြင့် ဈေးတက်ခဲ့သည်။

**စားတော်ပဲ**

ဧပြီလ ပထမပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းကို ကျပ် ၁၁၀၀၀၀-၁၁၅၀၀၀ ဖြင့် မြို့တွင်းအဝယ်တစ်ရက်ကို အိတ် ၅၀ ခန့် အဝယ်ရှိခဲ့သည်။ ဒုတိယပတ်တွင် စားတော်ပဲ(ကျွန်း) တစ်တင်းကို ကျပ် ၁၁၀၀၀၀-၁၁၃၀၀၀ ဖြင့်အဝယ်ရှိခဲ့ပြီး သင်္ကြန်ပြီးစတွင် စားတော်ပဲ(ကျွန်း) တစ်တင်းကို ကျပ် ၁၁၀၀၀၀-၁၁၃၀၀၀ ဖြင့် ဈေးအေးနေခဲ့ပါသည်။ ဧပြီနောက်ဆုံးပတ်မှာ စားတော်ပဲ(ကျွန်း)တစ်တင်းကို ကျပ်၁၁၀၀၀၀-၁၁၃၀၀၀ ဖြင့် မြို့တွင်း အဝယ်ရှိခဲ့သည်။

**ဗိုလ်ကိတ်ပဲ**


ပြည်ကုန်စည်ဒိုင်၌ ဧပြီလ ပထမပတ်တွင် ဗိုလ်ကိတ်တစ်တင်းကို ကျပ် ၄၆၀၀၀-၄၇၀၀၀ ဖြင့် မြို့တွင်းနှင့် ရန်ကုန်အဝယ်ရှိခဲ့သည်။ ဒုတိယပတ်တွင် ဗိုလ်ကိတ်တစ်တင်းကို ကျပ် ၄၆၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၅၀-၁၀၀ ခန့် အဝယ်ရှိခဲ့သည်။ သင်္ကြန်ပိတ်ရက်အပြီးတွင် ဗိုလ်ကိတ်တစ်တင်းကို ကျပ် ၄၆၀၀၀ ဖြင့် ဈေးအေးနေခဲ့သည်။ ဧပြီလနောက်ဆုံးပတ်တွင် ဗိုလ်ကိတ် တစ်တင်းကို ကျပ် ၄၇၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိခဲ့သည်။ ပြည်ကုန်စည်ဒိုင်၏ ပဲမျိုးစုံတွင် မြို့တွင်းအဝယ်ရှိသော ကုလားပဲမှာ အရောင်းအဝယ်သွက်လျက်ရှိပြီး ဗိုလ်ကိတ်ပဲနှင့် စားတော်ပဲ(ကျွန်း)တို့သည် အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရှိရသည်။

**မိမိအေး (ပြည်)**

# မိုးညှင်းဒေသထွက် ပဲပုပ်

မိုးညှင်းခရိုင်သည် ကချင်ပြည်နယ်၏ စပါးကျီဖြစ်ပြီး စပါးအပြင် ပဲပုပ်၊ ဆီထွက်သီးနှံ နေကြာနှင့် မြေပဲများ အဓိကထွက်ရှိရာ ဒေသဖြစ်သည်။ ခရိုင်အတွင်း နန့်ယင်းလွင်ပြင်၊ ဟိုပင်ဒေသနှင့် အင်းတော်ကြီးအိုင်၏ ဘေး ဝဲ/ယာ ဒေသများတွင် ပဲပုပ်ကို အဓိကထား စိုက်ပျိုးကြပြီး စပါးသိမ်းပြီးနောက် ဆောင်းသီးနှံအဖြစ် သီးထပ်စိုက်ပျိုးကြသည်။ ခရိုင်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တစ်သောင်းကျော် စိုက်ပျိုးခဲ့ပြီး ထွက်ရှိသည့်သီးနှံများကို ဆီတို့ဟူးပြုလုပ်ခြင်းနှင့် စားသုံးဆီအဖြစ် ကြိတ်ခွဲစားသုံးကြပြီး မန္တလေး၊ ရန်ကုန်ဒေသများသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။ ဇန်နဝါရီလတွင် စတင်ထွက်ရှိခဲ့ပြီး စတင်ထွက်ရှိချိန်တွင် တစ်တင်းလျှင် ကျပ် ၄၅၀၀၀ ရှိခဲ့ပြီး ယခုဧပြီလကုန်တွင် တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပဲပုပ်သီးနှံသည် တစ်ဧက ကုန်ကျစရိတ် နည်းပါးပြီး အကျိုးအမြတ်များသည့် သီးနှံဖြစ်ခြင်းကြောင့် တောင်သူများ၏ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်း၌ အကျိုးပြုလျက်ရှိရာ နှစ်စဉ် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ဖြူသွယ် (မိုးညှင်း)**



# လွိုင်ကော်မြို့တွင် ရောင်းချနေသော အခြေခံစားကုန်ဈေးနှုန်းများ

၂၀၂၃ ခုနှစ် မေလပထမပတ်အတွင်း လွိုင်ကော်မြို့နယ် အခြေခံစားကုန်ဖြစ်သော ရွှေရင်အေးဆန် တစ်ပြည်လျှင် ကျပ် ၃၆၀၀၊ ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၆၀၀၀၊ တရုတ်မွေးဆန် တစ်ပြည်လျှင် ကျပ် ၃၃၀၀၊ ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ရွှေအဆန်တစ်ပြည်လျှင်ကျပ် ၃၃၀၀၊ ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၇၈၀၀၀ နှင့် ငစိန်ဆန် တစ်ပြည်လျှင် ကျပ် ၂၉၀၀၊ ၂၄ ပြည်တစ်အိတ်လျှင် ကျပ် ၆၈၀၀၀ တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

စားသုံးဆီအနေဖြင့် မြေပဲဆီတစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀၊ နေကြာဆီ တစ်ပိဿာလျှင် ကျပ် ၁၄၅၀၀ နှင့် စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၈၈၀၀ ခန့်ရှိသည်။

စားဖိုဆောင် သီးနှံအနေဖြင့် ငရုတ်သီးခြောက် အမျိုးအစားအလိုက် တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀ မှ ၃၀၀၀၀ ခန့်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၁၈၀၀ခန့်၊ ကြက်သွန်ဖြူ (ရှမ်းစ/ဒေသစ) တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ခန့်၊ နနွင်းတက်တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ခန့်၊ ဂျင်း(ချင်း)တစ်ပိဿာလျှင် ကျပ် ၁၈၀၀ခန့်၊ ဆား တစ်ပိဿာလျှင် ကျပ် ၆၀၀ ခန့်၊ အားလူး တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ခန့်နှင့် ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၂၀၀၀ ခန့်ရှိသည်။

အသား၊ ငါးဈေးနှုန်းများ အနေဖြင့် ကြက်သားတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ခန့်၊ ဝက်သားတစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ ခန့်၊ အမဲသားတစ်ပိဿာလျှင်ကျပ် ၁၈၀၀၀ ခန့်၊ ဆိတ်သား တစ်ပိဿာလျှင် ကျပ် ၂၆၀၀၀ ခန့်၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ကျပ် ၉၀၀၀ ခန့်၊ ငါးကြင်း တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ခန့်၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၉၀၀၀ ခန့်ရှိပြီး ကြက်ဥ/ဘဲဥဈေးနှုန်းများ အနေဖြင့် ကြက်ဥ အသေးတစ်လုံးလျှင် ကျပ် ၂၃၀၊ ကြက်ဥအကြီး တစ်လုံးလျှင် ကျပ် ၂၆၀၊ ဘဲဥ အသေးတစ်လုံးလျှင် ကျပ် ၂၇၀၊ ဘဲဥ အကြီးတစ်လုံးလျှင် ကျပ် ၃၀၀ ခန့်တို့ဖြင့် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်း ရောင်းချနေသော ဈေးသည်များထံမှ သိရသည်။

**(KMS DOCA Kayah)**

# မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

မော်လမြိုင်မြို့၌ မေလပထမပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ် ပုံမှန်ရှိနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသောဈေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင် (အနီ) ကျပ် ၁၂၀၀၀၊ ဆင် (ထိုင်း) ကျပ် ၁၆၅၀၀၊ ကြံ့တံဆိပ်(အပြာ)ကျပ် ၁၁၂၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရှိရသည်။

အရောင်းအဝယ် ဖြစ်နေသော ဈေးမှာ ယခုတစ်ပတ်တွင် ကွန်ပေါင်း (မြန်မာ့သြဘာရွှေကောမက်) 15;15;15 50kg ပါ တစ်အိတ်မှာ ကျပ် ၁၂၀၀၀၀၊ ကွန်ပေါင်း 20;12;12 50kg ပါ တစ်အိတ်မှာ ကျပ် ၁၃၂၅၀၀၊ ကွန်ပေါင်း (Thai Grow How) 15;15;15 50kg ပါတစ်အိတ်မှာ ကျပ် ၁၂၃၀၀၀၊ ပုလဲ (အသေး)၄၆% မြန်မာ(MPE) 50kg ပါ တစ်အိတ်မှာ ကျပ် ၆၈၀၀၀၊ ပုလဲ (အကြီး) ၄၆% ထိုင်း (မြင်းပျံ) 50kg ပါ တစ်အိတ်မှာ ကျပ် ၈၅၀၀၀၊ ပိုတက် (အာမို) 50kg ပါ တစ်အိတ်မှာ ကျပ် ၁၂၂၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc yg တစ်ပုလင်းမှာ ကျပ် ၃၁၀၀၊ မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 500cc ပါ တစ်ပုလင်းမှာ ကျပ် ၁၃၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန်ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင် RSS-3 ကျပ် ၁၀၈၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၁၀၀ ခဲ့ပြီး မေ ၄ ရက်မှ ၈ ရက်ထိဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၃၈၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၁၂၈၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့သယ်ယူခနှုန်းထားမှာ (50 Kg) ပါ တစ်ထုပ်လျှင် ကျပ် ၁၅၀၀၊ ရော်ဘာတစ်တန် လျှင် ကျပ် ၃၀၀၀၀ ဖြင့်လည်းကောင်း၊ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ (50 Kg) ပါ တစ်ထုပ်လျှင် ကျပ် ၂၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၅၀၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ရော်ဘာကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ် (မွန်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂၈ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

( ၂၀၂၃ ခုနှစ် ၊ မေလ ၄ ရက် )

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအား သတ်မှတ်ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာကို ပြင်ဆင်ခြင်း**

ပြည်ပသို့ တင်ပို့ခွင့်မပြုသော ပစ္စည်းများအား သတ်မှတ်ထုတ်ပြန်ခြင်း အမိန့်ကြော်ငြာစာ (အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၂၀) အပိုဒ် ၃ အပိုဒ်ခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) လက်ဝတ်ရတနာအဖြစ် ပြုလုပ်ထားခြင်းမရှိသည့် စိန်အလွတ်များ

(ပုံ)
အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး

## မြန်မာ့ဆိပ်ကမ်းတွင် ၅ . ၅ . ၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်းအမှတ်(၂) | SITC HAIPHONG | ကုန်သေတ္တာ ၅၆၅ တင် ၅၄၄ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၂) | THIN GAZAR | Y'Maize ၂၇၀၀ တန်တင်ရန် |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | MCC SHENZHEN | ကုန်သေတ္တာ ၁၁၁၅ တင် ၉၇၂ ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | SHENG YUN LAI | Steel& Equipment တန်ချိန် ၁၀၇၉၆ ချဆဲ |

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| DONG PHU | Y'Maize ၁၂၀၀၀ တန်တင်ရန် | - | ၅.၅.၂၀၂၃ |
| BANGSAO TONG | Urea တန်ချိန် ၆၅၀၀ တန်ချရန် | MALAYSIA | ၆.၅.၂၀၂၃ |
| ITT LION | Cement , ၁၀၀၀ တန်ချရန် | INDIA | ၇.၅.၂၀၂၃ |
| HONY FUTURE | Steel ၃၁၅၀၀ တန်ချရန် | CHINA | ၈.၅.၂၀၂၃ |
| ASEAN RESTORER | Steel ၃၁၅၀၀ တန်ချရန် | CHINA | ၁၀.၅.၂၀၂၃ |
| SUBARU 7 | Steel ၇၅၀၀ တန်ချရန် | CHINA | ၁၂.၅.၂၀၂၃ |
| YANGTZE CLASSIS | Urea တန်ချိန် ၂၅၀၀၀ တန်ချရန် | INDONESIA | ၁၃.၅.၂၀၂၃ |
| FORTUNE COOKIE | Wheat , တန်ချိန် ၂၇၀၀၀ တန်ချရန် | AUSTRALIA | ၁၄.၅.၂၀၂၃ |
| PETRA | Soy Bean Meal ၂၇၅၀၀ တန်ချရန် | ARGETINA | ၂၃.၅.၂၀၂၃ |

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BANDA | SINGAPORE | စက်မှုဆိပ်ကမ်း | ၅.၅.၂၀၂၃ |
| SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၆.၅.၂၀၂၃ |
| NITHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၅.၂၀၂၃ |
| IAL-001 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၅.၂၀၂၃ |
| BF TROUP | SINGAPORE | သီလဝါ/ စက်မှုဆိပ်ကမ်း | ၇.၅.၂၀၂၃ |
| MSC DHANTIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၅.၂၀၂၃ |
| MTT SAISUNEE | SINGAPORE | စက်မှုဆိပ်ကမ်း | ၈.၅.၂၀၂၃ |
| CONTRIVIA | SINGAPORE | စက်မှုဆိပ်ကမ်း | ၈.၅.၂၀၂၃ |
| KOTA HAPAS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၅.၂၀၂၃ |
| NEGAR | SINGAPORE | သီလဝါဆိပ်ကမ်း | ၉.၅.၂၀၂၃ |
| LUDWIG SCHULTE | SINGAPORE | စက်မှုဆိပ်ကမ်း | ၉.၅.၂၀၂၃ |
| SITC DANANG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၅.၂၀၂၃ |
| MSC DHANTIA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၅.၂၀၂၃ |
| ASEAN ACE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁.၅.၂၀၂၃ |
| MAERSK SONGKHLA | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၂.၅.၂၀၂၃ |
| Ti2 APPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၅.၂၀၂၃ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၅.၂၀၂၃ |
| CHERRY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၅.၂၀၂၃ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၅.၂၀၂၃ |
| HANSA SIEGBURG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၅.၂၀၂၃ |
| YANTRA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၅.၂၀၂၃ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၅.၂၀၂၃ |
| SINAR BANDUNG | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၅.၂၀၂၃ |

# နမ့်ဆန်မြို့နယ် လက်ဖက်ဈေးကွက်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ဆန်မြို့နယ်တွင် လက်ဖက်များကို အဓိကထားစိုက်ပျိုးကြကြောင်း သိရှိရသည်။ လက်ဖက်မှာ မိုးလွတ်ရွှေဖီဦးနှင့် မိုးမလွတ်သည့် ခက်ကန့်(သို့မဟုတ်) ခါးကန့်ဟူ၍ နှစ်မျိုးရှိကြောင်း သိရှိရသည်။ မိုးလွတ် ရွှေဖီလက်ဖက်ကို မတ်လအကုန် ဧပြီလပိုင်းတွင် ခူးဆွတ်ပြီး ခက်ကန့် (သို့မဟုတ်)ခါးကန့်ကို မတ်လမှ စက်တင်ဘာလအထိ ခူးဆွတ်ရကြောင်း၊ ခက်ကန့်(သို့မဟုတ်)ခါးကန့် အရွက်များကို မိုးကြောင့် လက်ဖက်စို ပြုလုပ်ကြကြောင်း သိရှိရ သည်။

ရွှေဖီလက်ဖက်မှာ ခက်ကန့် (သို့မဟုတ်) ခါးကန့် လက်ဖက် ဈေးထက်ပိုမိုရရှိကြောင်း၊ တစ်နှစ်ပတ်လျှင် ပျမ်းမျှပိဿာချိန် ၈၀၀၀ ခန့် ထွက်ရှိကြောင်း၊ အရွက်စိမ်းရွှေဖီတစ်ပိဿာကို ယမန်နှစ်က ကျပ် ၁၆၀၀ ဈေးရှိပြီး ယခုနှစ်တွင် ကျပ် ၂၅၀၀ ရရှိကြောင်း၊ ခက်ကန့်(သို့မဟုတ်)ခါးကန့်လက်ဖက် တစ်ပိဿာလျှင် ယခင်နှစ်က ကျပ် ၇၀၀ ရှိပြီး ယခုနှစ်တွင် ကျပ် ၂၀၀၀ ရှိကြောင်း သိရှိရသည်။

ထွက်ရှိလာသည့် လက်ဖက်အညွန့်လေးများဖြင့် လက်ဖက်စို၊ Black Tea နှင့် Green Tea များကို ပေါင်းလှန်းခြောက်၊ လက်လှော်ခြောက်နှင့် စက်လှော်ခြောက်ဟူသော နည်းစနစ်များဖြင့် ပြုလုပ်ကြကြောင်း သိရှိရသည်။ ယခုအချိန်တွင် နမ့်ဆန်မြို့နယ်မှ ထွက်ရှိလာသည့် လက်ဖက်စိုနှင့် လက်ဖက်ခြောက်များကို တံဆိပ်မျိုးစုံ၊ အမယ်အမျိုးစုံဖြင့် မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရသည်။ **နန်းငွေကျော်ဝင်း**

# စစ်တွေမြို့မဈေးအတွင်း အခြေခံစားကုန်များ၏ ဈေးနှုန်းများ

၂၀၂၃ ခုနှစ် မေလ ပထမပတ်အတွင်း စစ်တွေမြို့မဈေးအတွင်း အခြေခံစားကုန်များဖြစ်သော ပေါ်ဆန်း ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၇၀၀၀ မှ ၉၀၀၀၀ အတွင်း၊ ဧည့်မထ (သီရိဒုံ) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၁၀၀၀ မှ ၇၃၀၀၀ အတွင်း၊ ငစိန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၂၀၀၀ မှ ၆၃၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) ၁၀ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ မှ ၆၂၀၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း) ၁၀ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၃၀၀၀ မှ ၅၅၀၀၀ အတွင်း၊ ကြက်သွန်နီ ၁၀ ပိဿာ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ အတွင်း၊ ချင်း တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၄၂၀၀ အတွင်း၊ ငရုတ်သီးခြောက်(အိန္ဒိယ) တစ်ပိဿာလျှင် ကျပ် ၁၄၀၀၀ မှ ၁၅၀၀၀ အတွင်း၊ ငရုတ်သီးခြောက် (ဒေသထွက်) တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ မှ ၁၉၀၀၀ အတွင်း၊ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ၂၀၀၀ အတွင်း၊ ခရမ်းသီး တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၁၈၀၀ အတွင်း၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၇၃၀၀ မှ ၇၅၀၀ အတွင်း၊ ဝက်သား တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀ မှ ၂၄၀၀၀ အတွင်း၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၂၃၀၀၀ မှ ၂၄၀၀၀ အတွင်း၊



ငရုတ်သီးစိမ်း(ဒေသထွက်) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ၂၅၀၀အတွင်း အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိပြီး ဧပြီလအတွင်း အရောင်းအဝယ် ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းထက် မေလပထမပတ်အတွင်း အခြေခံစားကုန်များ မြင့်တက်လာကြောင်း ဈေးဆိုင်/ ပွဲရုံများထံမှ သိရှိရသည်။

**စားသုံးသူရေးရာဦးစီးဌာန (သတင်း/နည်းဌာနခွဲ)**

## ၂၀-၄-၂၀၂၃ မှ ၃-၅-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 409 | 73 | - | - | - | 482 |
| | Form AANZ | 11 | - | - | - | - | 11 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 267 | 4 | - | - | - | 271 |
| | Form AJ | 25 | 2 | - | - | - | 27 |
| | Form AK | 129 | 6 | - | - | - | 135 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 3 | - | - | - | - | 3 |
| | Form E | 419 | 11 | - | - | - | 430 |
| | Form Korea | 20 | - | - | - | - | 20 |
| | E Form D | 226 | - | - | - | - | 226 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 1510 | 96 | - | - | - | 1606 |

# တောင်ငူမြို့မှ ဈေးကွက်အဝယ်လိုက်သည့် ငှသီး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ ငွေလုံ့ အိုးကုန်းရပ်ကွက် နိုင်နိုင်ကျော်ပွဲရုံတွင် ငှသီးအတောင့်အမှည့် တစ်ပိဿာလျှင် ကျပ် ၈၀၀ ဖြင့် ဝယ်ယူနေသည်။ မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် အလေ့ကျပေါက်သော ငှပင်များရှိသကဲ့သို့ သီးသန့်စိုက်ပျိုးထားသည့် ငှပင်များလည်း ရှိသည်။ နိုင်နိုင်ကျော်ပွဲရုံသို့ ဒေသအနှံ့မှ တင်ပို့ရောင်းချရာ တစ်ရက်လျှင် ပိဿာ ၄၀၀ ခန့် ဝယ်ယူ ရကြောင်း၊ ဖေဖော်ဝါရီလမှစ၍ မေလအထိ ပုံမှန်ဝယ်ယူရကြောင်း သိရသည်။

ပွဲရုံသို့ ဝင်ရောက်လာသော ငှသီးများကို လုပ်သားများဖြင့် အခွံခွာကြသည်။ အခွံများခွာပြီးလျှင် အသီးအတွင်းမှ အစေ့ရောနှောလျက် အနှစ်များထွက်ရှိလာသည်။ လုပ်သားတစ်ဦး တစ်ရက်လျှင် ပိဿာ ၂၀ ခန့် အခွံခွာနိုင်သည်။ ငှသီးကုန်ကြမ်း တစ်ပိဿာ အခွံခွာပြီးလျှင် လုပ်သားခ ကျပ် ၄၀၀ ရသဖြင့် လုပ်သားတစ်ဦး တစ်ရက် လုပ်ခ ကျပ် ၈၀၀၀ရသည်။ အစေ့အနှစ်ရောများကို ကုန်ချောအဖြစ်ရရှိအောင် အစေ့များဖယ်ထုတ်ခြင်း၊ အလုံးလိုက် ဖြစ်နေသည့် အနှစ်များကို တစ်ဖတ်ခြင်းခွာခြင်း၊ ရရှိလာသည်များကို နေလှန်းခြင်းများ ပြုလုပ်ရသည်။

ငှသီးအတောင့် တစ်ပိဿာလျှင် ကုန်ချော ၃၅ ကျပ်သားခန့် ပြန်လည်ရရှိသည်။ သန့်စင်ပြီး ငှသီးအနှစ်ဖတ်များကို တစ်ပိဿာလျှင် ကျပ် ၈၀၀၀ ဖြင့် ပြန်လည်ရောင်းချရသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ ကုန်သည်များက ဝယ်ယူသည်။ ရန်ကုန်မြို့မှ လာရောက်ဝယ်ယူသည့် ကုန်သည်များသည် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့သို့ လည်းကောင်း၊ မန္တလေးမြို့မှ လာရောက်ဝယ်ယူသည့် ကုန်သည်များသည် တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့ရောင်းချကြောင်း၊ ပြည်ပနိုင်ငံများတွင် ငှသီး အနှစ် အဖတ်များကို တိုင်းရင်းဆေးဖော်စပ်ရာတွင် အသုံးပြုကြောင်း ပွဲရုံပိုင်ရှင် ဦးနိုင်နိုင်ကျော်၏ ပြောပြချက်အရ သိရသည်။

**မြင့်သူ (တောင်ငူ)**

# ပဲခူးတိုင်းဒေသကြီး၏ ကြက်သွန်နီနှင့် မန်ကျည်းသီးဈေးကွက်

ပဲခူးတိုင်းဒေသကြီး၏ ကြက်သွန်နီ ဈေးနှုန်းများမှာ မတ်လတွင် လက်လီဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ လက်ကားဈေးနှုန်း ကျပ် ၁၄၀၀ ရှိခဲ့ပြီး ဧပြီလ တတိယပတ် တွင် ကြက်သွန်နီဈေး တစ်ပိဿာ ကျပ် ၁၈၀၀၊ လက်ကားဈေးနှုန်း တစ်ပိဿာ ကျပ် ၁၆၅၀ ဖြင့် ဈေးအနည်းငယ် မြင့်တက်လာခဲ့သည်။

လက်ပံတန်းမြို့နယ်၌ မန်ကျည်းသီးအသစ်များ ထွက်ပေါ်လျက်ရှိရာ ယခင်တစ်ပတ် ဈေးနှုန်းမှာ မန်ကျည်းသီးအဟောင်း အစေ့ထုတ်ပြီး တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ မန်ကျည်းသီးအသစ် အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၁၂၀၀ မှ ကျပ် ၁၈၀၀၊ အစေ့ထုတ်ပြီး မန်ကျည်းသီးအသစ် တစ်ပိဿာလျှင် ကျပ် ၂၅၀၀ မှ ကျပ် ၂၈၀၀ ထိရှိခဲ့ရာမှ ယခုတစ်ပတ် မန်ကျည်းသီးအဟောင်း အစေ့ထုတ်ပြီး တစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဖြစ်ကြောင်း၊ မန်ကျည်းသီးအသစ် အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ အထိ ပေါက်ဈေးရှိနေကြောင်း၊ အစေ့ထုတ်ပြီး မန်ကျည်းသီးအသစ် တစ်ပိဿာလျှင် ကျပ် ၂၉၀၀ မှ ကျပ် ၃၁၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**မိမိအောင်၊ ဖြိုးဖြိုးဇာ (သာယာဝတီ)**

# ပြည်ခရိုင်၏ မန်ကျည်းမှည့်နှင့် ကြက်သွန်နီဈေးကွက်

**မန်ကျည်းမှည့်**

မန်ကျည်းမှည့်သည် ဘက်စုံအသုံးဝင်၍ ဈေးကွက်ရှိသဖြင့် ပြည်ပွဲရုံများမှ အစေ့ပါ(သို့မဟုတ်) အစေ့မပါဈေးနှုန်းများဖြင့် ပြည်ကုန်သည်များမှ ဝယ်ယူကြပြီး ပြည်မြို့မှတစ်ဆင့် ရန်ကုန်၊ ရခိုင်နှင့် ဧရာဝတီတိုင်းများသို့ တင်ပို့ကြသည်။ ပြည်ဈေးကွက်ရှိ မန်ကျည်းဈေးမှာ ဧပြီလ နောက်ဆုံးပတ်တွင် လက်ကား (ပွဲရုံဈေး) အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ နှင့် အစေ့မပါ (အသား)ဈေး တစ်ပိဿာလျှင် ကျပ် ၂၃၀၀-၂၄၀၀၊ လက်လီဈေး အစေ့ပါ တစ်ပိဿာလျှင် ကျပ် ၁၃၀၀-၁၄၀၀ အစေ့မပါ(အသားဈေး) ကျပ် ၃၀၀၀-၄၀၀၀ ဈေးဖြင့် ရောင်းချလျက်ရှိကြောင်း၊ ယခုမေလဆန်းမှစ၍ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

**ကြက်သွန်နီ**

ပြည်ဈေးကွက်အတွင်း ကြက်သွန်နီသီးနှံများ ဈေးနှုန်းမြင့်တက်လျက်ရှိပြီး တစ်ပိဿာလျှင် ပျမ်းမျှတစ်ပတ်ကို ကျပ် ၂၀၀ ခန့် ဧပြီလဆန်းပိုင်းမှစ၍ တရိပ်ရိပ် မြင့်တက်လျက်ရှိသည်။ ယခင်ဧပြီလဆန်းပိုင်းတွင် တစ်ပိဿာကို လက်လီဈေး ကျပ် ၁၂၀၀-၁၄၀၀ ရှိရာမှ ယခုကာလတွင် ကျပ် ၁၈၀၀-၂၀၀၀ ထိ မြင့်တက်လျက်ရှိပြီး ဝင်ရောက်မှုမှာလည်း မြင်းခြံ၊ ဆိပ်ဖြူ၊ မုံရွာဘက်မှ တစ်ပတ်လျှင် ပိဿာချိန် ၅၅၀၀၀ ခန့် အဝင်ရှိနေကြောင်းသိရသည်။ ပွဲရုံလက်ကားဈေး တစ်ပိဿာကို (ကြီး/လတ်/သေး) ကျပ် ၁၅၀၀-၁၆၀၀-၁၇၀၀ တို့ရှိပြီး လက်လီဈေးများတွင် ကျပ် ၁၇၀၀-၁၉၀၀-၂၁၀၀ တို့ဖြင့် အသီးသီးရောင်းဝယ်မှုရှိနေသည်။ အရောင်းအဝယ်မှာလည်း ခြောက်သွေ့ကာလဖြစ်သည့်အတွက် ကြက်သွန်နီ အရည်အသွေး ကောင်းသဖြင့် ဒေသတွင်း ဝယ်လက်များ၊ အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဧရာဝတီတိုင်း (ကြံခင်း၊ မြန်အောင်)၊ ရခိုင်(တောင်ကုတ်)တို့သို့ စီးဆင်းမှုများအပါအဝင် ဝင်ရောက်မှု၏ ထက်ဝက် ကျော်ခန့် ရောင်းဝယ်မှုရှိနေသည်။

**ဝင်းဝင်းခိုင်၊ ဝင်းလဲ့ဝါ (ပြည်)**



# ပြည်ဒေသထွက် သရက်သီး ဈေးနှုန်းဈေးကွက်

**မြကျောက်သရက်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့သည် သရက်သီးဈေးကွက်၌ တွင်ကျယ်စွာ ရောင်းဝယ်ဖောက်ကားသော မြို့တစ်မြို့ဖြစ်သည်။ ပြည်ဒေသထွက် မြကျောက်သရက်သီးသည် အရည်အသွေးကောင်းပြီး ပြည်မြို့သို့ လာရောက်လည်ပတ်သူများက ပြည်မြို့ပြန် လက်ဆောင်အဖြစ် ဝယ်ယူကြသလို ဒေသခံပြည်သူများကလည်း ဒေသထွက်ပစ္စည်းအဖြစ်တန်ဖိုးထားပြီး လက်ဆောင်ပေးခြင်းတို့အတွက် အထူးဝယ်ယူကြသည်။ မြကျောက်သရက်သီးများကို ပြည်မြို့ တစ်ဖက်ကမ်း ပန်းတောင်းမြို့နယ်၊ ဆင်တဲ၊ ရွှေဘုံသာရွာ၊ ရွှေတောင်မြို့နယ်ဘက်ရှိ ဥယျာဉ်များနှင့် ပြည်မြို့နယ်ရှိ ချောင်းနားတန်းရွာနှင့် လက်ခုပ်ပင်ရွာတို့ဘက်မှ အများဆုံးလာရောက်ရောင်းချကြသည်။ မြကျောက်သရက်သီးဈေးနှုန်းများမှာ ပေါ်ဦးပေါ်ဖျားအချိန်တွင် တစ်လုံးလျှင် ကျပ် ၁၅၀၀-၁၀၀၀-၇၀၀ ဖြင့် ရောင်းချကြပြီး ယခု သရက်သီးများ လှိုင်လှိုင်ပေါ်ချိန်မှာတော့ တစ်လုံးလျှင် ကျပ် ၇၀၀-၆၀၀-၅၀၀ ဖြင့် ဈေးအနည်းငယ်ကျဆင်းပြီး အရောင်းအဝယ်ပိုမို ကောင်းမွန်လာကြောင်း သိရသည်။

**ဘုတ်ထုံသရက်**

မြန်မာနိုင်ငံတွင် သရက်သီး အမျိုးအစားပေါင်းများစွာ ရှိသည့်အနက် ပြည်မြို့၏ တစ်ဖက်ကမ်း ရွှေဘုံသာရွာ၊ မကျည်းစုရွာ အစရှိသည့် အနီးအနားရွာများမှသာ ထွက်ရှိသော သရက်သီးအမျိုးအစားမှာ ဘုတ်ထုံသရက်သီးဖြစ်သည်။ ယခုမေလဆန်းတွင် စတင်ထွက်သည့်အချိန်တွင် ဘုတ်ထုံသရက်သီးဈေးမှာ အလုံးချော ၁၀လုံးလျှင် ကျပ် ၂၅၀၀၊ အလုံးသေး ၁၀ လုံးလျှင် ကျပ် ၂၀၀၀ ဖြင့် ဈေးများတွင် ရောင်းချလျက်ရှိသည်။

**စိန်တလုံးသရက်**

ပြည်မြို့နယ်အနီး ပတ်ဝန်းကျင်ဒေသများဖြစ်သော စက်မှုဇုန်၊ အောင်မြေမာဟု၊ ဇီးအုပ်၊ နတ်တလင်း၊ မြောင်းငယ်လှ စသည့် နေရာဒေသများတွင် ဧပြီလနောက်ဆုံးပတ်မှစ၍ စိန်တလုံးသရက်သီးများ စတင်ထွက်ရှိပြီး ပြည်မြို့၊ မြို့မဈေးကြီးနှင့် အောင်မင်္ဂလာဈေး၊ ကသည်ဈေး၊ ကိုးသောင်းဈေး အစရှိသော ဈေးများသို့ ဝင်ရောက်မှုရှိနေကြောင်း သိရသည်။ စိန်တလုံးသရက်သီးများ စတင်ဝင်ရောက်ရောက်ခြင်း ဈေးနှုန်းများအနေဖြင့် အလုံး၊ အကြီး၊ အသေးပေါ် မူတည်ပြီး တစ်လုံးလျှင် ကျပ် ၈၀၀ မှ ၁၀၀၀ အထိ ရောင်းချမှုရှိကြောင်း သိရသည်။ ယခု မေလဆန်းတွင် သရက်သီးတစ်လုံးလျှင် ကျပ် ၅၀၀-၆၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**အေးမြတ်သီတာ၊ နွယ်နွယ်လှိုင်၊ စိုးစိုးနိုင် (ပြည်)**

# ရွှေတောင်ဒေသထွက် ပိန်းပန်းဈေးကွက်

ပိန်းပန်းပင်သည် မြန်မာလိုအခေါ် အဝေါ်ဖြစ်ပြီး အင်္ဂလိပ်လိုဆိုလျှင် Flamingo Flower၊ Tail Flower၊ Painter's Palette၊ Laceleaf စသည်ဖြင့် အမျိုးမျိုးခေါ်ဆိုကြသည်။ မြန်မာပြည်တွင် ပိန်းပန်းပင်များအား လူကြိုက်များသလို ထိုင်း၊ မလေးရှား၊ တရုတ်နှင့် ဖိလစ်ပိုင်တို့တွင်လည်း လူကြိုက်များကြောင်းသိရသည်။

ပိန်းပန်းပင်များသည် ပူနွေးစိုစွတ်သော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ ပိန်းပန်းပင်များသည် အရွက်၊ အပွင့်၊ အရောင်၊ အရွယ်အစားမျိုးစုံရှိပြီး ရာသီမရွေး ပန်းများပွင့်ရန်အတွက် ပြုစု၍စိုက်ပျိုးရသည်။ မူလမျိုးရင်းမှာ အနီရောင်၊ ပန်းရောင်၊ အညိုရောင်နှင့်အဖြူရောင်တို့ဖြစ်ပါသည်။ ပိန်းပန်းပင်များအား စိုက်ပျိုးရာတွင် တိုက်ရိုက် နေရောင်မထိဘဲ စိုထိုင်းမှုကို ကြိုက်နှစ်သက်သည်။ ပိန်းပန်းပင်များ သည် ပုံမှန်အားဖြင့် သုံးလလျှင် တစ်ကြိမ်ပွင့်တက်ပြီး ပွင့်လင်းရာသီနေရောင်ကောင်းစွာ ရရှိလျှင် အပွင့်များစွာပွင့်သည်။ မိုးရာသီ ရောက်လျှင် အပင်များမှ ပင်ပွားများထွက်လာပြီး ထိုပင်ပွားများကို ဖြတ်တောက်၍ မျိုးပွားစိုက်ပျိုးနိုင်သည်။

ပိန်းပန်းပင်များကို အိုးများဖြင့်စိုက်ပျိုးကြပြီး ထိုအိုးများထဲသို့ အုန်းခွံခြောက်၊ အုန်းဆံမှုန့်၊ အုန်းဆံဖတ်၊ မီးသွေးခဲ၊ စပါးခွံပြာနှင့် အုတ်နီခဲအကျိုးအကြေများကိုထည့်၍ စိုက်ပျိုးကြသည်။ ပိန်းပင်များအား အိုးအတွင်းသို့ထည့်၍ စိုက်ပျိုးလျှင် အပင်များ ခွေခေါက်၍ မနေစေရန် မြေဆွေးများလည်းထည့်၍ စိုက်ပျိုးရသည်။ ရေလောင်းရာ၌လည်း စိုစွတ်ရုံသာ လောင်းပေးရသည်။ ပိန်းပန်း ပင်မျိုးများအား ပြင်ဦးလွင်နှင့် မန္တလေးမြို့များမှဝယ်ယူပြီး ရွှေတောင်မြို့နယ် တောင်လုံးညိုရွာတွင် စီးပွားဖြစ်စိုက်ပျိုးကြသည်။ ထိုပိန်းပန်းများကို အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများတွင် အလှပန်းများ ထိုးရာတွင် အသုံးပြုကြသည်။

ရွှေတောင်ဒေသထွက် ပိန်းပန်းများအား ခြံအတွင်းသို့ လာရောက်ဝယ်ယူကြသလို ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကြသည်။ ရန်ကုန်မြို့သို့ တင်ပို့ရာတွင် ပိန်းပန်းခက် ၁၀ ခက် တစ်စည်းအား သတင်းစာစက္ကူဖြင့် ထုပ်ပိုး၍ လေလုံသော စက္ကူပုံးများသို့ ထည့်၍ တင်ပို့ရောင်းချကြသည်။ ယခုအချိန်တွင် အလှူပွဲ၊ မင်္ဂလာဆောင်ပွဲများတွင် အလှပန်းအိုးများ ထိုးရန်အတွက် ဈေးကွက်တွင် အရောင်း အဝယ်သွက်နေသဖြင့် တစ်ခက်လျှင် ကျပ် ၂၅၀ နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။

**ခင်ဆွေဦး(ပြည်)**

# ချစ်သောသနပ်ခါး ကမ္ဘာတစ်လွှား ကျော်ကြားသင်းပျံ့မွှေးပါစေ

ဆုလပြည့်ဝင်း (မကွေး)

မြန်မာ့သနပ်ခါးသည် မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သော ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုပင်ဖြစ်သည်။ မြန်မာ့သနပ်ခါးသည် အပူပိုင်းဒေသ၏ ရတနာတစ်ပါးဖြစ်၏။ မြန်မာတစ်နိုင်ငံလုံးတွင် သနပ်ခါးစိုက်ပျိုးမှု ဧရိယာသုံးသိန်းမှ လေးသိန်းကြား ရှိသောကြောင့် အပူပိုင်းဒေသ၏ စိမ်းလန်းစိုပြည်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုလျက်ရှိသည်။

မြန်မာ့သနပ်ခါးအသင်းကြီးကို ၁၁. ၁၀. ၂၀၁၇ ရက်နေ့က စတင်ဖွဲ့စည်း တည်ထောင်နိုင်ခဲ့သည်။ မြန်မာ့သနပ်ခါးကို တန်ဖိုးထားသည့်အနေဖြင့် တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် မြန်မာနိုင်ငံသနပ်ခါးအသင်းကြီးက ကြီးမှူးကာ သတ်မှတ်ပေးခဲ့ကြသည်။

သနပ်ခါးပင်များကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး စသည်တို့တွင် စိုက်ပျိုးပေါက်ရောက်ပြီး အရာတော်၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်၊ မြိုင် စသည့် ငါးမြို့နယ်တွင် အများဆုံးတွေ့ရတတ်ကာ မြင်းခြံ၊ ပြည်၊ ရွှေဘို၊ စစ်ကိုင်း၊ နွားထိုးကြီး၊ တောင်သာ စသည့် အပူပိုင်းဒေသများတွင်လည်း သနပ်ခါးကို စီးပွားဖြစ် စိုက်ပျိုးကြသည်။

နံ့သာဆယ်ပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်သော သနပ်ခါးသည် ရှောက်မျိုးရင်းဖြစ်သည်။ မြန်မာပြည်အထက်ပိုင်းရှိ ရွက်ပြတ်တောခြောက်များတွင်လည်း သနပ်ခါးပင်များ တွေ့ရတတ်သည်။ သနပ်ခါးပင်သည် ပင်လတ်မျိုးဖြစ်သည်။ အမြင့်နှစ်ပေမှ ပေ ၃၀ အထိမြင့်သည်။ ပင်စည်၏ အကိုင်းအခက်သည် လက်မဝက်မှ တစ်လက်မအထိရှည်သော ချွန်ထက်မာကျောသည့် ဆူးများရှိကြသည်။ သနပ်ခါးမှာ အဖိုပင်၊ အမပင်ဟူ၍ နှစ်မျိုးရှိပြီး အဖိုပင်က အသီးအပွင့်မဖြစ်ထွန်းဘဲ အမပင်က အသီးအပွင့် ဖြစ်ထွန်းသည်။ အမပင်သည် အပွေးစောင်းများကွဲတက်၍ မာကျောပြီး အဆင်းရနံ့မှာလည်း အဖိုပင်ထက် ပိုမိုကောင်းသည်။ အရွက်ပုံသဏ္ဍာန်မှာ ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်သည်။ အလျား ၃-၅လက်မထိရှည်ပြီး ရွက်ညှာမှာ အတောင်ပါသည်။ ရွက်မြွှာ ၂-၃စုံထိရှိပြီး ထိပ်ရွက်တစ်ရွက် ပါရှိသည်။ ရွက်ပြားပြောင်ချောပြီး တောင့်တင်းမာကျော၍ အစိမ်းရင့်ရောင်ရှိသည်။ အပင်နုစဉ်က အပွေးမဲ့ပြီးအပင်ရင့်လာပါက ပွေးထူလာသည်။ သနပ်ခါးပန်းပွင့်သည် သေးငယ်ပြီး အဝါနုရောင်ရှိသည်။ တန်ခူး၊ ကဆုန်လများတွင် အဆုပ် လိုက်ပွင့်တတ်သည်။ သနပ်ခါးအသီးမှာ ချဉ်သောအရသာရှိပြီး အပြွတ်လိုက်သီးသည်။ အစေ့သည် အဝါနုရောင် ပျော့ပျော့ဖြစ်ပြီး အရွယ်အစားမှာ ငရုတ်ကောင်းစေ့ခန့်ဖြစ်သည်။ ဝါခေါင်၊ တော်သလင်းလမှာ အသီးမှည့်တတ်သည်။ သနပ်ခါးအမြစ်က ရေသောက်မြစ် ရှည်လျားသည်။ ဘေးမြစ်များလည်း ရှည်လျားပြီး ဘေးသို့ဖြန့်ထွက်တတ်သည်။ အပွေးအခေါက်များရှိပြီး ပင်စည်ထက် အရောင်ပိုဝါသည်။

သနပ်ခါးပင်သည် မြေနီဆန်သော ဂဝံဆန်မြေ၊ ကျောက်စရစ်ရောနှော မြေ၊ ဖွတ်ချေးမြေ၊ သဲနုန်းမြေများတွင် အပင်ဖြစ်ထွန်းမှုမြန်ဆန်သည်။ သနပ်ခါးပင်သည် မြေကောင်းမလို၊ ရေကိုမတ၊ မြေနီကျောက်သား မြေပတ်ကြားမှာပင် ရှင်သန်နိုင်စွမ်းရှိသော အပင်မျိုးဖြစ်သည်။ ကျောက်စရစ် ကုန်းမြေတွင် နွေရာသီ၏အပူဒဏ် မည်သို့ပင် ထန်စေကာမူ ကြံ့ကြံ့ခံ ရှင်သန်နိုင်စွမ်းရှိသည်။ အပင်ပျိုးသက်သုံးလခွဲအရွယ်တွင် ပျိုးပင်အရွယ် ၁၀ လက်မခန့် ရှိလာပါက စိုက်ခင်းထဲကို ပြောင်းရွှေ့စိုက်ပျိုးရန် အသင့်တော်ဆုံး အရွယ်ဖြစ်ပြီး စိုက်ပျိုးပြီး သနပ်ခါးပင်များကို တစ်နှစ်လျှင်နှစ်ကြိမ် ပေါင်းသင်၊ မြေဆွေး၊ သဘာဝမြေသြဇာ ကျွေးမွေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ပေးပါက အပင်အသက် ၇-၈နှစ်ခန့်တွင် ရောင်းတန်းဝင်ဖြစ်လာ။ မပြုမပြင်ဘဲထားပါက အပင်အသက် ၁၀နှစ်ကျော်မှ ရောင်းတန်းဝင်သည်။ သနပ်ခါးပင်များ အပွေးတက်၍ ပထမအကြိမ် ခုတ်ရောင်းပြီးသားအပင်မှ နှစ်ပင်မှ လေးပင်အထိ ပွားများလာပြီး ၎င်းအပင် ခြောက်နှစ်ကြာမှ ဒုတိယအကြိမ် ခုတ်ရောင်းနိုင်သည်။ သနပ်ခါးပင်တန်ဖိုးသည် သူ၏ အပွေးအခေါက်ဖြစ်သည်။ ရေစကြိုမြို့က ရှင်မတောင်သနပ်ခါးသည် ထိုဒေသ၏ ရေမြေသဘာဝ ထူးခြားချက်များကြောင့် အခြားနယ်ထွက် သနပ်ခါးများထက် ပြောစမှတ်ပြုရလောက်အောင် အပွေးညို၍ အမွှေးပိုလေ့ရှိသည်။

၂၀၁၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံရှိ သုတေသီများက သနပ်ခါးအခေါက်တွင် ပါရှိသော ဓာတ်ပစ္စည်းများကို အသေးစိတ် လေ့လာခဲ့ကြရာ သနပ်ခါးမှာ အင်တီအောက်ဆီဒင့်(ခေါ်) ခန္ဓာကိုယ် အကျိုးပြု ဓာတ်တိုးဆန့်ကျင် ပစ္စည်းတစ်မျိုးပါရှိနေသည့်အပြင် အသားအရေ ရောင်ရမ်းခြင်းကို သက်သာစေသည့် ဓာတ်ပစ္စည်းများ၊ ဘက်တီးရီးယားများကိုသေစေသော ဓာတ်များနှင့် အရေပြား အရောင်ကို အပြောင်းအလဲဖြစ်စေသော ဟော်မုန်းထွက်ရှိမှုကို ဟန့်တားပေးနိုင်သည့် ဓာတ်ပစ္စည်းများလည်း သဘာဝအလျောက် ပါရှိနေကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။ မြန်မာအမျိုးသမီးများ၏ ကျက်သရေရှိသော အလှတရားများကို ပံ့ပိုးပေးနေသည့်အရာမှာ မြန်မာ့သနပ်ခါးပင်ဖြစ်သည်။ ကမ္ဘာတွင် အိန္ဒိယမျက်လုံး၊ ထိုင်းအပြုံးနဲ့ မြန်မာအသားအရေဟူ၍ တင်စားခံရသော အဆိုစကားမျိုးလည်းရှိဖူးသည်။

မြန်မာ့ရိုးရာသနပ်ခါးသည် ဓာတ်မတည့်သူ မရှိသလောက်ရှားပါးသည်။ မြန်မာနိုင်ငံ သနပ်ခါးအသင်းကြီးက မြန်မာ့သနပ်ခါးကို ပြည်ပဈေးကွက်သို့ထိုးဖောက်ကာ နိုင်ငံခြားငွေ ရရှိလာနိုင်ရေး နိုင်ငံတကာအသိအမှတ်ပြု SOP ထောက်ခံချက်များ ရရှိရန်အတွက် ဆွစ်ဇာလန်နိုင်ငံ Helvetas မြန်မာ NGO အဖွဲ့တို့နှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၉ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်ခဲ့သော သဘာဝထုတ်ကုန်များ ကုန်စည်ပြပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ၎င်းပြပွဲ၌ မြန်မာ့သနပ်ခါးကို ပထမဆုံးအကြိမ် ပြသခဲ့ကြောင်း၊ ပြပွဲတွင် မြန်မာ့သနပ်ခါးအမှုန့်(နမူနာ)များကို ထိုင်းနိုင်ငံ SPA လုပ်ငန်းရှင်များက ဝယ်ယူခဲ့ကြကြောင်း၊ ထိုင်းနိုင်ငံ၏ SPA ဝန်ဆောင်မှုလုပ်ငန်းများတွင် ကမ္ဘာလှည့်ခရီးသည်များကို သဘာဝသနပ်ခါးအမှုန့်ဖြင့် အသားအရေ ထိန်းသိမ်းခြင်း (Beauty SPA)များ ပြုလုပ်ပေးကြကြောင်း သိရှိရသည်။ ထိုင်းအလှကုန်ဈေးကွက်မှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် အားယူနေပြီလည်းဖြစ်သည်။

ယနေ့အလှကုန်ပစ္စည်းများသည် Mercury, Hydroquinon, Betame, Thason, Valerate စသည့် တားမြစ်ဓာတုဆေးဝါးများဖြင့် ပြုပြင်ဖော်စပ်ထားသည်ကများသည်။ နည်းပညာသာ နောက်မကျပါက ယနေ့ကမ္ဘာ့နောက်ဆုံးပေါ် အလှကုန်ပစ္စည်းအားလုံးကို မြန်မာ့သနပ်ခါးဖြင့် ယှဉ်ပြိုင်အနိုင်ယူနိုင်စွမ်းရှိသည်။ မြန်မာနိုင်ငံတွင် ပေါက်ရောက်သည့် ဆေးဖက်ဝင်သနပ်ခါးကို ပိုမိုတိုးချဲ့ စိုက်ပျိုးပြီး ခေတ်မီအလှကုန်ပစ္စည်းများ၊ ဆေးဝါးများအဖြစ်သို့ ဖန်တီး၍ နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သင့်သည်။ မြန်မာသနပ်ခါးသည် အရွက်၊ အသီး၊ ပင်စည်၊ အမြစ်(ပဥ္စငါးပါး) အားလုံးအသုံးပြုနိုင်သည်။ အပူနာ၊ အအေးနာ နှစ်မျိုးစလုံးအတွက်သင့်လျော်သော အပင်ဖြစ်သည်။ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည်မို့ ဈေးကွက်လည်း ထွင်သင့်သည်။

မြန်မာ့သနပ်ခါးကို Myanmar Traditional Make-Up အဖြစ် ကမ္ဘာက လက်ခံထားကြသည်။ "ကမ္ဘာမှာမြန်မာ မြန်မာမှာအညာ အညာမြေမှာ သူမွေးဖွားခဲ့ အမှတ်အသားတစ်ခုလည်းဖြစ်ရဲ့ ပျိုမေတို့ ပါးပြင်ထက်က မြန်မာ့ရိုးရာ သနပ်ခါး"ဟူသော ဆရာဆက်းဝင်းအောင် ရေးသားသော ကဗျာကဲ့သို့ပင် သနပ်ခါးနှင့်မြန်မာ၊ မြန်မာနှင့်သနပ်ခါးသည် ခွဲခြား၍ ရမည်မထင်ပါ။ ထွက်ရှိရာဒေသကို အခြေမခံဘဲ သနပ်ခါးဟုဆိုလိုက်လျှင်ပင် မြန်မာဆိုတာ ထင်ရှားသကဲ့သို့ နိုင်ငံတကာကပင် သနပ်ခါးကို အလှကုန်ပစ္စည်းတစ်ခုအဖြစ် ယခုမျက်မှောက်ခေတ်တွင် အသိအမှတ်ပြုလာရပေသည်။ သနပ်ခါးကို အမွှေးတိုင်အဖြစ်လည်းကောင်း၊ သနပ်ခါးကို ကြိတ်၍ ထုတ်ကုန်ပစ္စည်းအဖြစ် ထုတ်လုပ်ခဲ့ရာ အိမ်နီးချင်းဖြစ်သော တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ ဈေးကွက်ထိုးဖောက်လျက်ရှိကြောင်း တွေ့ရပြီး ဂျာမနီ၊ ပြင်သစ် စသည့်နိုင်ငံများကိုပါ တင်ပို့နေပြီး သနပ်ခါးမှ အဆီထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ထိတွေ့ကိုင်တွယ်၍မရသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များစွာ ရှိသော်လည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရခြင်း မရှိသေးသည့်အတွက် လွန်ခဲ့သည့်နှစ်တစ်ထောင်ကျော် ကာလကတည်းက ရိုးရာယဉ်ကျေးမှုဓလေ့အဖြစ် လိမ်းချယ်ခဲ့ကြပြီး ယနေ့တိုင် ဆက်လက်ရှင်သန်နေသည့်အပြင် တစ်မျိုးသားလုံး၏ ယဉ်ကျေးမှု လက္ခဏာအဖြစ် ကိုယ်စားပြုဖြစ်သော မြန်မာ့သနပ်ခါးကို UNESCO မှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည့် စံနှုန်း(၅)ချက်နှင့်လည်း ကိုက်ညီမှုရှိနေသဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အမည်စာရင်း တင်သွင်းနိုင်ရန်လည်း ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

သနပ်ခါး စစ်မှန်ရေး၊ သန့်ရှင်းရေး၊ ဓာတ်မြေသြဇာ သုံးစွဲမှုနည်းပါးရေးနှင့် နှစ်ကာလသက်တမ်းပြည့်ရန် လိုအပ်သည်မှာလည်း မလွဲပင်ဖြစ်သည်။ သနပ်ခါးကို မသုံးစွဲဖူးသူများအတွက် အန္တရာယ်ကင်းရှင်းကြောင်းနှင့် မည်သည့်ဓာတ်ပစ္စည်းပါဝင်ကြောင်း ဦးစွာမိတ်ဆက်ပေးရမည်။

မြန်မာ့သနပ်ခါးဈေးကွက် ဦးမော့လာစေရန်အတွက် သနပ်ခါးစိုက်ပျိုးသော တောင်သူများအနေဖြင့်လည်း သနပ်ခါးကို သဘာဝနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ပါသည်။ သနပ်ခါးဈေးကွက် ရေရှည်တည်တံ့ ကောင်းမွန်စေရန် စဉ်းစားသင့်သည်။ သဘာဝနည်းစနစ်ဖြင့် ထုတ်လုပ်ထားသော သနပ်ခါးပင်များကို ခေတ်မီတိုးတက်သော နည်းပညာများ လေ့လာဆည်းပူး၍ နိုင်ငံတကာအဆင့်မီ အလှကုန်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် ကြိုးစားရန် လိုအပ်လျက်ရှိသည်။ ကုန်ကြမ်းပစ္စည်း၏ အရည်အသွေးမှာ အဆင့်မြင့်သဖြင့် ခေတ်မီနည်းပညာနှင့် ပေါင်းစပ်ပါက မြန်မာ့သနပ်ခါးသည် မြန်မာပြည်တွင်သာမက ကမ္ဘာကိုပင် လွှမ်းခြုံလာနိုင်လိမ့်မည်ဖြစ်သည်။

မြန်မာပြည်သည် သနပ်ခါးပင်ပေါက်ရင်း တိုင်းပြည်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သကဲ့သို့ မြန်မာ့သနပ်ခါးသည် မြန်မာတစ်မျိုးသားလုံးပိုင်ဆိုင်သော သယံဇာတစစ်စစ်ဖြစ်သည်။ မြန်မာ့ရတနာတစ်ပါးဖြစ်သော မြန်မာ့သနပ်ခါး စည်ပင်ဖွံ့ဖြိုးပြီး ကမ္ဘာ့အလယ် ဝင့်ထည်လာစေရန် ပညာရှင်များ၊ စိတ်ဝင်စားသူများ စုပေါင်းညှိနှိုင်း၍ တက်ကြွစွာ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပေသည်။

မြန်မာ့သနပ်ခါး ကမ္ဘာ့အနှံ့အပြား ကျော်ကြား မွှေးပျံ့စေလိုသည်။ မြန်မာ့သနပ်ခါး၏ ဂုဏ်၊ ကျက်သရေ၊ သဘာဝ အလှတရားတို့ကို မြန်မာလူမျိုးတိုင်းက အလေးအနက် တန်ဖိုးထားခြင်းဖြင့် ပြည်ပစီးပွားရေးဈေးကွက်တွင် ရနံ့သင်းသော မြန်မာ့သနပ်ခါး၏ ပုံရိပ် ထာဝရပေါ် လွင်နေမည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

## ပြည်တွင်းဈေးကွက် ဝယ်လိုအားရှိသော ဆေးဖက်ဝင် ကံ့ကော်ပန်းခြောက် အရောင်းအဝယ်ဖြစ်

ပုသိမ်မြို့ပေါ် တွင် ပြည်တွင်းဈေးကွက် ဝယ်လိုအားရှိသော ကံ့ကော်ပန်းခြောက်များကို ကံ့ကော်ပန်းပွင့်ချိန် မတ်လမှစတင်၍ ဝယ်ယူလျက်ရှိပြီး မေလအထိသာ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ကံ့ကော်ပန်းခြောက်များကို သာပေါင်းမြို့နယ်၊ ချောင်းသာ၊ ဟိုင်းကြီးကျွန်းနှင့် ပုသိမ်မြို့ပေါ် မှ လာရောက်ရောင်းချလျက် ကံ့ကော်ပန်းခြောက် တစ်ပိဿာကို ကျပ် ၁၅၀၀ ဈေးနှုန်းဖြင့် ပုသိမ်မြို့ပေါ် အဝယ်ဒိုင်များက ဝယ်ယူလျက်ရှိပြီး ပြည်တွင်းဈေးကွက် အသုံးပြုရန် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကံ့ကော်ပင်က လေထုကို သန့်စင်ပေးသလို ကံ့ကော်ပန်း၊ အရွက်နှင့် အခေါက်အားလုံးက ဆေးဖက်ဝင်ကြောင်း ကျန်းမာရေးနှင့်ပတ်သက်၍ ကံ့ကော်ပန်းခြောက်ကို အသုံးပြုမှုရှိသလို မြန်မာ့သနပ်ခါးဘူးများတွင်လည်း ကံ့ကော်ပန်းခြောက်ကို အသုံးပြုလျက်ရှိကြောင်း၊ အစာချေစနစ် ကောင်းမွန်စေရန်၊ အသက်ရှူလမ်းကြောင်း ကောင်းမွန်စေရန်၊ ဝမ်းကိုက်ဝေဒနာ၊ အဆစ်ရောင်နာ၊ လေးဖက်နာ၊ ဆီးရောဂါဝေဒနာ၊ အရေပြားယားယံ၊ အသားအရောင် မညီခြင်း စသည့် ရောဂါများနှင့် အခြားရောဂါများအတွက် မြန်မာ့တိုင်းရင်းဆေး ဖော်စပ်ရာတွင် ကံ့ကော်ပန်းခြောက်ကို ထည့်သွင်းအသုံးပြုလျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး (ပသ)**

# တစ်ပတ်အတွင်း ဓာတ်မြေဩဇာနှင့် ဘိလပ်မြေ တင်သွင်းမှုအခြေအနေ

ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၈၀ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၂၄၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၈၂၀၀ ကျော်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၆၅၀၀ ကျော်၊ အိုမန်နိုင်ငံမှ တန်ချိန် ၅၀၀၀ ကျော်၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၃၀၀၀ ကျော်၊ ဂျာမနီနိုင်ငံမှ တန်ချိန် ၅၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၂၀၀ ကျော် တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဓာတ်မြေဩဇာ တန်ချိန် ၂၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိကာလအတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၂၃၇ သန်း တန်ဖိုးရှိ ဓာတ်မြေဩဇာ တန်ချိန် ၃၈၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၃၇၀၀ ကျော်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၁၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက နယ်စပ်မှဓာတ်မြေဩဇာ တန်ချိန် ၂၃၀၀ ကျော် ပိုမို တင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိကာလအတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၄၀၇ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၅၀၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေ တန်ချိန် ၂၆၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# တစ်ပတ်အတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၉၁ သန်း တန်ဖိုးရှိ နို့ဆီ တန်ချိန် ၄၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် စင်ကာပူနိုင်ငံမှ တန်ချိန် ၃၀၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၅၀ ကျော်နှင့် မလေးရှားနိုင်ငံမှ တန်ချိန် ၅၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့ဆီ တန် ချိန် ၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၀၇ သန်းတန်ဖိုးရှိ နို့မှုန့် တန်ချိန် ၃၀၀ ကျော် တင်သွင်း ခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့မှုန့်တန်ချိန် ၂၀၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၁၇ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၇၀၀ ခန့် တင်သွင်းခဲ့သည်။ ယခုတစ်ပတ်တွင် အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်းသိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဆေးဝါးပစ္စည်းများ တန်ချိန် ၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

သစ်သီးဝလံဈေးနှုန်းနှိုင်းယှဉ်ဖော်ပြချက်

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဒေါ်လာ) ၁၅-၄-၂၀၂၃ မှ ၂၁-၄-၂၀၂၃ ထိ | ဈေးနှုန်း(ကီလို/ဒေါ်လာ) ၂၂-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ ထိ | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| | မူဆယ် | | | | |
| (က) | တင်ပို့မှု | | | | |
| | သခွားမွေး | ၀.၂၁၈ | ၀.၂၁၈ | - | မူဆယ်ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်နေသော ယွမ်ဈေးပေါ် မူတည်၍ ဈေးနှုန်း အပြောင်းအလဲ ရှိနိုင်ကြောင်း သိရှိရသည်။ |
| | ဖရဲသီး | ၀.၁၀၂ | ၀.၁၀၂ | - | |
| | သရက်သီး | ၀.၄၂၂ | ၀.၄၂၂ | - | |
| (ခ) | တင်သွင်းမှု | | | | |
| | ပန်းသီး | ၀.၄၁၃ | ၀.၄၁၃ | - | |
| | လိမ္မော်သီး | ၀.၃၂၃ | ၀.၃၂၃ | - | |
| | ပန်းသစ်တော်သီး | ၀.၃၆၄ | ၀.၃၆၄ | - | |

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဘတ်) ၁၅-၄-၂၀၂၃ မှ ၂၁-၄-၂၀၂၃ ထိ | ဈေးနှုန်း(ကီလို/ဘတ်) ၂၂-၄-၂၀၂၃ မှ ၂၈-၄-၂၀၂၃ ထိ | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| | မြဝတီ | | | | |
| | တင်သွင်းမှု | | | | |
| | ပန်းသီး | ၂၀.၆၆၄ | ၂၀.၈၀၈ | ↑ | မြဝတီ ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ဘတ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| | နဂါးမောက်သီး | ၁၃.၇၂၁ | ၁၃.၈၂၂ | ↑ | |
| | နန်းမြားသီး | ၆.၈၇၆ | ၆.၈၆ | ↓ | |
| | သရက်သီး | ၁၃.၆၄၁ | ၁၃.၇၁၆ | ↑ | |
| | လိမ္မော်သီး | ၂၀.၅၇၆ | ၂၀.၆၀၇ | ↑ | |
| | သစ်တော်သီး | ၂၀.၁၆၇ | ၂၀.၁၇၇ | ↑ | |
| | တည်သီး | ၁၃.၆၈၄ | ၁၃.၇၂ | ↑ | |
| | ရေငန်းသီး | ၆.၈၅၈ | ၆.၈၅၆ | ↓ | |

**စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**
**(၂.၅.၂၀၂၃)ရက်နေ့မှ (၇.၅.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်**
**ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု**

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1038 |
| ပျမ်းမျှငွေလဲနှုန်း | 2488 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 3,228,180 | 5.27 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ပျမ်းမျှငွေလဲနှုန်း | 12,912,720 | 21.09 |
| ၄ | ဆိပ်ကမ်းသိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 108,990,000 | 177.97 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,837,200 | 12.80 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **139,450,820** | **227.72** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,582,544,000 | 4,217.16 |
| | **စရိတ်စုစုပေါင်း** | | **2,721,994,820** | **4,444.87** |

## ပြည်တွင်းရွှေဈေး ကျပ် သိန်း ၃၀ နီးပါး ဖြစ်ပေါ်

လက်ရှိပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သား ကျပ် သိန်း ၃၀ နီးပါး ဖြစ်ပေါ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ မေ ၄ ရက် ဈေးနှုန်းများအနေဖြင့် ကမ္ဘာ့ရွှေတစ်အောင်စလျှင် ၂၀၁၆ ဒေါ်လာ၊ ပြည်တွင်းရွှေဈေး တစ်ကျပ်သား ကျပ် ၂၉၉၈၀၀၀ ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ပြီးခဲ့သည့် ဧပြီလ နောက်ဆုံးပတ်က ကျပ်သိန်း ၃၀ ကျော်အထိ ဈေးနှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းအနေဖြင့် ရွှေဈေးနှုန်းမှာ ဈေးကွက်အတွင်း ဈေးကစားသူများကြောင့် ဈေးနှုန်းမြင့်တက်လာခြင်း ဖြစ်သည့်အတွက် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားပြီး ဈေးကစားသူများကိုလည်း ဖော်ထုတ်အရေးယူမှုများ လုပ်ဆောင်ရန် စီစဉ်နေကြောင်း သိရသည်။

**ပန်းဆု**



## ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ပြည်တွင်းငွေလဲနှုန်း တည်ငြိမ်စေရေး ဆောင်ရွက်လျက်ရှိရာ လက်ရှိ ငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း သိရသည်။

ပြည်တွင်း ရွှေနှင့် ငွေကြေးဈေးကွက် တည်ငြိမ်စေရန်အတွက် ဗဟိုဘဏ်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်အတူ ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ပြင်ပဈေးအတိုင်း ရောင်းဝယ်မှုများ ပြုလုပ်နေသည့် ၎င်းတို့လိုင်စင်ထုတ်ပေးထားသော ငွေလဲကောင်တာများကိုလည်း ဗဟိုဘဏ်အနေဖြင့် အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဗဟိုဘဏ်က မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသည့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများသည် Money Changer လုပ်ငန်းဆောင်ရွက်လိုပါက ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းအောက်မှ မဟုတ်ဘဲ သီးခြားကုမ္ပဏီ သို့မဟုတ် မိခင်ကုမ္ပဏီအမည်ဖြင့်သာ လျှောက်ထားရန် မူဝါဒချမှတ်ထားကြောင်း သိရသည်။

**ပန်းဆု**

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၂၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ဧပြီ ၂၀ ရက်မှ မေ ၂ ရက်အထိ စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၁၂၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။

အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာအစောင်ရေ စုစုပေါင်း ၄၇၆၇၄ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၂၂ ဒသမ ၅၄ သန်း ရှိခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာ ရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၇၇၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၁၆ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၂၇၀၈၃ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၈၀ ဒသမ ၉၅ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၉၄၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၅၈ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၁၈၁၃၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၆ ဒသမ ၂၀ သန်း ရရှိခဲ့သည်။ ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၁၈၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၄၅ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၂၅၁ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၆၅ သန်း၊ Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၃၁၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၅၅ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် ၂၀၂၃ ခုနှစ် ဧပြီ ၂၇ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၀၁ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မေ ၄ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၀၃၃ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၃ ခုနှစ် ဧပြီ ၂၇ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၉၉၅၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ မေ ၄ ရက်တွင် ကျပ် ၂၉၉၇၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၃ ခုနှစ် ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိတွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၁၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း (ဗဟိုဘဏ်သတ်မှတ်နှုန်းထား)မှာ တည်ငြိမ်လျက်ရှိသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် ဧပြီ ၂၇ ရက်မှ မေ ၂ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၈၅၃-၂၈၅၈ ကျပ်ကြား ရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၇-၄-၂၀၂၃ | ၂၈-၄-၂၀၂၃ | ၂-၅-၂၀၂၃ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၁၂၀ | ၃၄.၁၂၀ | ၃၄.၂၁၅ | ၀.၂၈ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၃၆ | ၁.၃၃၇ | ၁.၃၃၆ | ၀.၀၀ | - |
| ၄ | Malaysian Ringgit | MYR | ၄.၄၆၃ | ၄.၄၆၀ | ၄.၄၆၄ | ၀.၀၂ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၄၇၀၃ | ၁၄၆၇၀ | ၁၄၇၀၅ | ၀.၀၁ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၉၂၃ | ၆.၉၂၃ | ၆.၉၀၂ | -၀.၁၆ | ↓ |
| ၇ | Indian Rupee | INR | ၈၁.၈၃၉ | ၈၁.၈၂၇ | ၈၁.၈၈၄ | ၀.၀၅ | ↑ |
| ၈ | Japanese Yen | JPY | ၁၃၃.၇၁၅ | ၁၃၆.၀၉၉ | ၁၃၇.၄၀၈ | ၂.၇၆ | ↑ |
| ၉ | Australian Dollar | AUD | ၁.၅၁၃ | ၁.၅၁၉ | ၁.၄၉၆ | -၁.၁၂ | ↓ |
| ၁၀ | Euro | EUR | ၀.၉၀၆ | ၀.၉၁၀ | ၀.၉၁၃ | ၀.၇၇ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၈၀၃ | ၀.၈၀၃ | ၀.၈၀၃ | ၀.၀၀ | - |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် မေ ၁ ရက်တွင် Thai Rice Exporter Association Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၇ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ် ဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၁၈ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၃ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိ ကန်ဒေါ်လာ ၄၉၁ ဒေါ်လာဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၁၂ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၈၇ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၆၇ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၂ ဒေါ်လာဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများနှင့် ပါကစ္စတန်နိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာ မြင့်တက်ခဲ့ပြီး ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

ပြည်တွင်း ဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း ဆန်စပါး ကုန်စည်ဒိုင်(ဝါးတန်း) ဆန်ဈေးကွက်တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၈၂၀၀၀ မှ ၈၈၀၀၀ ကြား ပေါက်ဈေးရှိပြီး ယခင်တစ်ပတ်ထက် ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀ ကျော် မြင့်တက်လာပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ မှ ၁၀၅၀၀၀ ကြားရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးနှုန်း တည်ငြိမ်လျက်ရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန် ဆန်တစ်အိတ်လျှင် ကျပ် ၅၃၅၀၀ မှ ၅၅၀၀၀ ကြား ပေါက်ဈေးရှိကာ ဧည့်မထရိုးရိုးဆန် တစ်အိတ်လျှင် ကျပ် ၅၆၅၀၀ မှ ၅၇၅၀၀ ကြား ပေါက်ဈေး ရှိနေပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်ဈေးနှုန်းမှာ တစ်အိတ်လျှင် ကျပ် ၂၀၀၀ ကျော် မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ၂၈ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၄၄၈၀၆ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၃၈၇ သန်း၊ ဆန်ကွဲ တန်ချိန် ၄၄၆၂၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၆၉ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၈၉၄၂၇ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၃၇ ဒသမ ၃၅၆ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန် တန်ချိန် ၁၄၆၁၉၅ ဒသမ ၄၀၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၅၀ ဒသမ ၇၀၅ သန်း၊ ဆန်ကွဲတန်ချိန် ၈၄၀၁၀ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၉၂၆ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၂၃၀၂၀၅ ဒသမ ၉၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၆၃၁ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၁၀၁၃၈၉ ဒသမ ၄၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၁၈ သန်း နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၃၉၃၈၉ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၅၇ သန်း လျော့နည်းတင်ပို့ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့၌ ၂၀၂၃ ခုနှစ် မေ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဧည့်မထ ဆန်တစ်အိတ်လျှင် ၁၅၅ - ၁၆၀ ယွမ် (ပြင်ပ ငွေလဲနှုန်း တစ်ယွမ်လျှင် ၄၁၇ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ၆၄၆၃၅ ကျပ်မှ ၆၆၇၂၀ ကျပ်ကြား) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့၌ ၂၀၂၃ ခုနှစ် မေ ၄ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဘတ်လျှင် ၈၄ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ကျပ် ၄၂၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၃၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိ ရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၆၆ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက် ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ်၊ မေလ ပထမပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးမှ ဓာတ်မြေသြဇာနှင့် ဘီလပ်မြေ ဈေးနှုန်းဈေးကွက် အခြေအနေ

ညောင်လေးပင်မြို့ရှိ ဓာတ်မြေသြဇာဈေးနှုန်းများသည် ယခုတစ်ပတ်တွင် ယူရီးယား ဓာတ်မြေသြဇာ (အာမို) 50kg တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ယူရီးယားဓာတ်မြေသြဇာ (သြဘာ) 50kg တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ယူရီးယား ဓာတ်မြေသြဇာ (ရွှေနဂါး) 50kg တစ်အိတ်လျှင် ကျပ် ၉၅၀၀၀ ၊ ကွန်ပေါင်း (အာမို) ဓာတ်မြေသြဇာ 50kg တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ပိုတက် ဓာတ်မြေသြဇာ ( ဂျာမနီ) 50kg တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ရွှေကောမတ် (သြဘာ) 50kg တစ်အိတ်လျှင် ကျပ် ၁၃၀၀၀၀ ၊ ကွန်ပေါင်း (သြဘာ) ဓာတ်မြေသြဇာ 50kg တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဧပြီလ ပထမပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ အတက်အကျရှိသည်ကို တွေ့ရှိရသည်။

ပဲခူးတိုင်းဒေသကြီးရှိ ဘီလပ်မြေဈေးနှုန်းများအနေဖြင့် မတ်လတွင် ကြံ့နှစ်ကောင် (နီ) တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၊ ကြံ့နှစ်ကောင် (စိမ်း) တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ ထိုင်းဆင် တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၊ မြန်မာဆင် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ ALPHA တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၊ Apache တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၊ Blue Diamond တစ်အိတ်လျှင် ကျပ် ၉၅၀၀၊ Rhino တစ်အိတ်လျှင် ကျပ် ၉၀၀၀၊ Max တစ်အိတ်လျှင် ကျပ် ၈၄၀၀ ဖြစ်ပြီး ယခု ဧပြီလ တတိယပတ်တွင် ကြံ့နှစ်ကောင် (နီ) တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၊ ကြံ့နှစ်ကောင် (စိမ်း) တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၊ ထိုင်းဆင် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ၊ မြန်မာဆင် တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ၊ ALPHA တစ်အိတ်လျှင် ကျပ် ၉၈၀၀ ၊ Apache တစ်အိတ်လျှင် ကျပ် ၁၁၀၀၀၊ Blue Diamond တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၊ Rhino တစ်အိတ်လျှင် ကျပ် ၉၁၀၀ ၊ Max တစ်အိတ်လျှင် ကျပ် ၈၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြပြီး ယခင်လနှင့် ယခုလ ဈေးနှုန်းများ နှိုင်းယှဉ်ပါက အတက်အကျရှိသည်ကို တွေ့ရှိရသည်။

**Bago**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မေ ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၁ နိုင်ငံအနက် ဆူရီနမ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၁၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အာဂျင်တီးနားနိုင်ငံတွင် ၈ ဒသမ ၆၀ ရာခိုင်နှုန်း၊ ကိုလံဘီယာနိုင်ငံတွင် ၅ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် UAE နိုင်ငံတွင် ၅ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၄ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ဘာဘေဒို၊ ဘရာဇီး၊ အီဂျစ်၊ ကင်ညာ၊ လက်ဘနွန်၊ မိုနာကိုနှင့် ဆွစ်ဇာလန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၆ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဂျပန်၊ ယူကရိန်း၊ ဘီလာရုစ်၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင်၊ အီတလီ၊ ကနေဒါ၊ ပြင်သစ်၊ ဂရိ၊ ဒိန်းမတ်၊ နယူးဇီလန်နှင့် ဟန်ဂေရီ အပါအဝင် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၂၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မေ ၁ ရက် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၇ ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများအားလုံးတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် မေ ၁ ရက် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၁ နိုင်ငံအနက် အာဂျင်တီးနားနိုင်ငံသည် ယခုတစ်ပတ်တွင် ၇ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး လစ်ချတင်စတိန်းနိုင်ငံတွင် ၅ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဆူရီနမ်နိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် Grenada နိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ခုနစ်နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ နီပေါ၊ အန်ဒိုရာ၊ အိုက်စလန်၊ အစ္စရေး၊ လက်ဘနွန်၊ မိုနာကို၊ ဆူဒန်၊ တူရကီနှင့် ဇင်ဘာဘွေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၉ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယား၊ ဘရာဇီး၊ ဖင်လန်၊ အိုင်ယာလန်၊ ဂျာမနီ၊ ပီရူး၊ နော်ဝေ၊ စပိန်၊ ကနေဒါ၊ ဆွီဒင်၊ ပိုလန်နှင့် ဒိန်းမတ် အပါအဝင် နိုင်ငံပေါင်း ၅၅ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၇ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မေ ၁ ရက် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံတွင် ၅ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် မြန်မာ နိုင်ငံတွင် ၇ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများ အားလုံးတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် မေ တစ်ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၀၃ | ၀.၉၄ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၅ | ၀.၉၉ |
| ၃ | ထိုင်း | လီတာ | ၁.၂၈ | ၀.၉၇ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၄ | ၀.၈၃ |
| ၅ | စင်ကာပူ | လီတာ | ၂.၀၀ | ၁.၇၃ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၄၈ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၉ | ၁.၀၀ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၂၁ | ၀.၉၈ |
| ၉ | လာအို | လီတာ | ၁.၅၂ | ၁.၀၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၃ ခုနှစ် မေ ၁ ရက် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၀၃ ဒေါ်လာနှုန်းဖြင့် ၄၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၉၄ ဒေါ်လာနှုန်းဖြင့် ၃၃ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

### DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယ နိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်သည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၃ | ၁.၀၉ |
| ၂ | ဂျပန် | လီတာ | ၁.၂၃ | ၁.၀၉ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၇ | ၁.၁၄ |

တရုတ်နိုင်ငံ၏ စီးပွားရေး အချက်အလက်များ ဆောင်ရွက်မှုသည် ဧပြီလအတွင်းတွင် ကျဆင်းခဲ့ကြောင်း တရားဝင် အချက်အလက်များက ဖော်ပြခဲ့ပြီး အမေရိကန်ဗဟိုဘဏ်သည် ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် အတိုးနှုန်းများ တိုးမြှင့်လိုက်ခြင်းကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၂၃ ခုနှစ် ဧပြီ ၂၇ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၇၈ ရှိခဲ့ရာမှ မေ ၃ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၆၀ သို့ ဈေးနှုန်း ကျဆင်းလာခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် မေ ၄ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၁၉၁၅ ကျပ်၊ အောက်တိန်း -95 တစ်လီတာလျှင် ၁၉၉၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၁၇၉၅ ကျပ်နှင့် ပရီမီယံ ဒီဇယ်တစ်လီတာလျှင် ၁၈၇၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၃၉၅၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၈၈၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာ လျှင် ၂၈၈၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၃၁၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၀၇၅၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၁၉၀၀၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၀၈၀၊ ဒီဇယ်တစ်လီတာလျှင် ၁၉၁၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်အပတ် နှင့် နှိုင်းယှဉ်လျှင် ယခင်အပတ်ထက် ဓာတ်ဆီတစ်လီတာလျှင် ၈၅ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၁၀၅ ကျပ် ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# တစ်နိုင်တစ်ပိုင် ပြောင်းဖူးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ရီရီရှိန်နှင့် ဝန်ထမ်းများသည် ဧပြီ ၁၉ ရက် နံနက် ၁၁ နာရီတွင် ပျဉ်ထောင်တွင်းအုပ်စု နွယ်ခွေရပ်ကွက် မြရတနာလမ်းရှိ ပြောင်းစိုက်တောင်သူ ဦးသိန်းစိုးနှင့် တွေ့ဆုံ၍ ပြောင်းဖူးစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် အကျိုးအမြတ်ရရှိမှု အခြေအနေတို့ကို သွားရောက်ကွင်းဆင်း လေ့လာခဲ့သည်။

တောင်သူဦးသိန်းစိုးက ယခုနှစ်ပြောင်းဖူး စိုက်ဧကတစ်ဝက်ကို စိုက်ပျိုးထားရှိကြောင်း ၊ စိုက်ပျိုးရာတွင် တောင်သူမှ ပြောင်းဖူးမျိုးကောင်းမျိုးသန့်စေ့ ၅၀၀ ဂရမ်ပါ မဟာရွှေ ၁၇၅၉ တစ်ဘူးကို ကျပ် ၃၅၀၀၀ ဖြင့် နှစ်ဘူး၊ Miki အဖြူမျိုးအထုပ် ၁၀ ထုပ်၊ တစ်ထုပ်လျှင် ကျပ် ၁၈၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရသည်။ ဘူးထဲတွင်ပါရှိသော မျိုးစေ့များအားလုံး အောင်မြင်ကြသည်။ ယင်းမျိုးစေ့များကို ရှစ်နာရီကြာ ရေစိမ်ပြီး မျိုးစေ့ကို ဆယ်ယူကာ စွပ်ကျယ်ဖြင့် နှစ်ရက်ခန့် ထုပ်ထားရသည်။ အစို့လေးများ ထွက်လာချိန်တွင် စတင်စိုက်ပျိုးရသည်။ ပြောင်းဖူးမှာ အရွယ်အစား ကြီးမားညီညာပြီး ဈေးကွက်အတွင်း ကြိုက်နှစ်သက်ကြသည်။ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး အဖူးထိပ်ဖက်အထိလုံ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးဖြစ်ထွန်းသည်။ အပင်သန်စွမ်းပြီး အပင်ယိုင်လဲမှုဒဏ် ခံနိုင်ရည်ရှိသည်။ ပြောင်းသားအစေ့အစံ နူးညံ့ပြီး အထားခံကာ အဝေးသယ်ယူခံနိုင်သောကြောင့် ပြောင်းအချို မျိုးကောင်းမျိုးသန့်ဖြစ်သည်။

ပြောင်းစိုက်ပျိုးရာတွင် ဧကဝက်ကို မြောင်း ၁၃ မြောင်းဖော်ပြီး စိုက်ပျိုး၍ တစ်ပင်နှင့် တစ်ပင်ကို ၉ လက်မခွာ၍ စိုက်ရသည်။ မြောင်းတစ်တန်းနှင့် တစ်တန်းကို ၄ ပေတန်းခြား စိုက်ပျိုးရသည်။ ပြောင်းဖူးပင်ကို တစ်ပတ်တစ်ခါ ကန်ရေမှ စက်ဖြင့် ရေတင်၍ ရွှဲရွှဲလောင်းပေးရသည်။ ပြောင်းဖူးပင် အမြင့်မှာ ခြောက်ပေကျော်ခန့်မြင့်သည်။

ဇန်နဝါရီလတွင် ပြောင်းဖူးကို စတင်စိုက်ပျိုးပြီး ဧပြီလတွင် ခူးဆွတ်ရသည်။ တစ်ကြိမ်ခူးဆွတ်လျှင် အဖူးရေ ၄၅၀ မှ ၅၀၀ အထိ တစ်နှစ်ပတ်လုံး ငါးကြိမ်မှ ခြောက်ကြိမ်လောက် ခူးဆွတ်ရရှိကြောင်း သိရှိရသည်။

ပြောင်းဖူးဈေးကွက်အနေဖြင့် သကြားပြောင်းဖူး သုံးဖူးကို ကျပ် ၁၀၀၀ ၊ ပြောင်းအဖြူပြောင်းလေးဖူးကို ကျပ် ၁၀၀၀ ၊ အဖူးချော သုံး ဖူးကို ကျပ် ၁၀၀၀ နှင့် မြို့တွင်းညနေခင်းဈေးတွင် ကိုယ်တိုင် ရောင်းချကြသည်။ အကျိုးအမြတ်အနေဖြင့် ဧကဝက် ကုန်ကျစရိတ်မှာ ကျပ် ၂၀၀၀၀၀ သာကုန်ကျပြီး ကျပ် ၇၀၀၀၀၀ ခန့်ရရှိကြောင်း ပြောင်းစိုက်တောင်သူထံမှ သိရှိရသည်။

ရီရီရှိန် (ကြို့ပင်ကောက်)

# မြိတ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့်မြင့် ရေထွက်ပို့ကုန်များ တင်ပို့လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း မြိတ်နှင့် ကျွန်းစုမြို့နယ်တို့ရှိ ဒေသခံပြည်သူအများစုသည် ကမ်းနီးကမ်းဝေး ငါးဖမ်းခြင်းလုပ်ငန်းများကို နေထိုင်လုပ်ကိုင်ကြပြီး ရရှိလာသော ပုစွန်၊ ကင်းမွန်နှင့် အရည်အသွေး၊ အရွယ်အစားပြည့်မီသော ငါးမျိုးစုံတို့ကို ကုန်သည်လုပ်ငန်းရှင်များက ဝယ်ယူပြီး ကော့သောင်းဆိပ်ကမ်း(Check Point)မှတစ်ဆင့် တစ်ဖက် ထိုင်းနိုင်ငံ ရနောင်းမြို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ အရွယ်အစားသေးငယ်သည့် ငါးမျိုးစုံနှင့် ပြည်ပရောင်းချရန် ဈေးကွက် စံချိန်စံညွှန်းမမီ အရွယ်အစားသေးငယ်သည့် ငါးမျိုးစုံတို့အား ဒေသတွင်း စားသုံးရန်အတွက်နှင့် ပိုလျှံသော ငါးများအား ငါးအသားလွှာ၊ ငါးကြိတ်သား၊ ငါးမှုန့် ထုတ်လုပ်သည့် ကုမ္ပဏီများက ဝယ်ယူကာ ၎င်းတို့စက်ရုံများတွင် တစ်ဆင့်မြင့်ကုန်ချောအဖြစ် ပြုပြင်ထုတ်လုပ်ပြီး ထိုင်းနိုင်ငံ၏ အကောက်ခွန် သက်သာခွင့် Form-D အကျိုးခံစားခွင့်ကို ရယူ၍ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည်။

တစ်ဖက် ထိုင်းနိုင်ငံတွင် ၎င်းကုန်ပစ္စည်းများအား တိရစ္ဆာန်အစားအစာ ထုတ်လုပ်ရာတွင် အသုံးပြုကြောင်း သိရှိရသည်။ မြိတ်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(ဧပြီလမှ မတ်လအထိ) တင်ပို့နိုင်ခဲ့မှုအနေဖြင့် ငါးကြိတ်သား (Threadfin Bream Fish Meat) ၁၄၂ ဒသမ ၅၆ တန်၊ တန်ဖိုး သုည ဒသမ ၂၃၂ ဒေါ်လာသန်း၊ ငါးအသားလွှာ (Fish Meat Frozen) ၃၆၈၄ဒသမ ၇၃၀ တန်၊ တန်ဖိုး ၃ဒသမ၅၁၇ ဒေါ်လာသန်း၊ ငါးမှုန့် (Fish Meal) ၉၇၈၇ ဒသမ ၁၂၃ တန်၊ တန်ဖိုး ၂၀ ဒသမ ၁၂၁ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ကြောင်းသိရှိရသည်။

ထုတ်လုပ်တင်ပို့သည့် အဓိကကုမ္ပဏီများမှာ Vantage Co.,Ltd, Pyi Phyo Tun Co.,Ltd, Htoo Htoo Toe Co.,Ltd, Macro Industry Co.,Ltd နှင့် အဆောင်ကောင်းကုမ္ပဏီများဖြစ်ပြီး အခြေခံလုပ်သားတို့၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးလျက်ရှိသလို နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေ တိုးပွားစေလျက်ရှိကြောင်း သိရသည်။ **မြိတ်ကုန်သွယ်ရေးစခန်း**

# တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဧပြီလအတွင်း ကုန်သွယ်မှုအခြေအနေ



ဧပြီ ၁ ရက် မှ ၃၀ ရက်ထိကာလအတွင်း တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၅၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၈၈ သန်း ကုန်သွယ်မှုပမာဏ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၄၄ သန်းဖြစ်၍ ကုန်သွယ်မှုလျာထားချက်အပေါ် ၈၉ ဒသမ ၅၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ကာလတူလုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၁ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၀ သန်း ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏအနေဖြင့် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၉ သန်း ပိုမိုခဲ့ကြောင်း သိရသည်။

ကာလတူထက် ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ ရေထွက်ပစ္စည်းအုပ်စုတွင် ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ သစ်တောထွက်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်အုပ်စု၊ စက်မှုကုန်ချောအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတွင် တင်ပို့မှု လျော့နည်းခဲ့ခြင်းဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၀၉ သန်း လျော့နည်းတင်သွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုပစ္စည်းအုပ်စုနှင့် လုပ်ငန်းသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၉ သန်း ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံး ကာလဖြစ်သော မတ်လ လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန် ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၇၉ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၄၉ သန်း လျော့နည်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၄၅ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုင်းတွင်လျော့နည်းရခြင်းမှာ သစ်တောထွက် ကုန်ပစ္စည်းအုပ်စုတွင် ပိုမိုတင်ပို့နိုင်ခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းအုပ်စု၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊ ရေထွက်ကုန်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောအုပ်စုနှင့် အခြားပစ္စည်းအုပ်စုတွင် တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ လုပ်ငန်းသုံး ကုန်ပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ၀၄၄ သန်း ပိုမိုတင်သွင်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၉ သန်းနှင့် လူသုံးကုန်ပစ္စည်းများအုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၁ သန်း တင်သွင်းမှု လျော့နည်းခဲ့ကြောင်း သိရသည်။ **အိမ့် (DOT)**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဧပြီလအတွင်း ကုန်သွယ်မှုအခြေအနေ

ဧပြီ ၁ ရက် မှ ၃၀ ရက်ထိကာလအတွင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၄ သန်း ကုန်သွယ်မှုပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅၄ သန်းဖြစ်၍ ကုန်သွယ်မှုလျာထားချက်အပေါ် ၁၂ ဒသမ ၁၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ကာလတူလုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၈၂ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၂၆၅ သန်း လျော့နည်းခဲ့ပြီး ကုန်သွယ်မှု ပမာဏအနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၄၇ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလဖြစ်သော မတ်လ လုပ်ငန်းဆောင်ရွက်မှုနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၉၉၈ သန်း၊ သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၂ သန်း လျော့နည်းခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂၁၀ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

ကော့သောင်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလနှင့် ကာလတူထက် ပို့ကုန်ပိုင်းတွင် လျော့နည်းရခြင်းမှာ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရာတွင် ၆၅/၃၅ ရာခိုင်နှုန်းမူအရ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်သည့် ရေယာဉ်များ လျော့နည်းသွားခြင်း၊ ငါးအထိအမိ နည်းခြင်း၊ ငါးမဖမ်းရကာလကို ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ သတ်မှတ်ထားခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် တရားမဝင်ကုန်သွယ်မှုများကို ပင်လယ်ပြင်တွင် ထိရောက်စွာ တားဆီးနိုင်မှုမရှိခြင်း၊ သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့် လျော့နည်းရခြင်းဖြစ်သည်။ **အိမ့် (DOT)**

# 2023 RCEP Region Food Industry (Yanta) Expo သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသရန် ဖိတ်ကြား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းတုန်ပြည်နယ် Yantai မြို့ Yantai International Expo Centre ၌ ၂၀၂၃ ခုနှစ် ဇွန် ၂ ရက် မှ ၅ ရက်အထိ ကျင်းပပြုလုပ်မည့် 2023 RCEP Region Food Industry (Yanta) Expo သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

အဆိုပါပြပွဲသည် RCEP ဒေသတွင်းနိုင်ငံများမှ စားသောက်ကုန်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှာဖွေရာတွင် အထောက်အကူဖြစ်စေရေးအတွက် နိုင်ငံတကာနှင့် အပြန်အလှန်ချိတ်ဆက်နိုင်သည့် ပလက်ဖောင်းတစ်ခု တည်ဆောက်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအား ပြသရန်ဖိတ်ခေါ်ကြောင်း၊ ပြခန်းနေရာနှင့် ပြခန်းတည်ဆောက်မည့် ကုန်ကျစရိတ်များကို ကျခံပေးသွားမည်ဖြစ်ကြောင်း၊ ပါဝင်ပြသခြင်းအားဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပြင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း - ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

**MOC (IR)**

ရန်ကုန်သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

| စဉ် | သစ်သီးအမျိုးအမည် | ၂၈-၄-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | ၅-၅-၂၀၂၃ ဈေးနှုန်း(လုံး/ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဖရဲသီး | ၂၀၀၀-၁၀၀၀၀ | ၃၀၀၀-၁၂၀၀၀ | ၅-၅-၂၀၂၃ နေ့တွင် ရန်ကုန်သီရိမင်္ဂလာဈေးသို့ ဝင်ရောက်သည့် သစ်သီးဝလံ ဟင်းသီးဟင်းရွက် ကုန်ပိသာချိန် ခန့်မှန်း ၂၅၇၅၀၀၀ ဝင်ရောက်ကြောင်း သိရှိရသည်။ ကုန်ဈေးနှုန်းများ အနေနှင့် နယ်စုံမှ ဝင်ရောက်လာသော ကုန်ပစ္စည်း အနည်းအများပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အတက်အကျ ရှိနိုင်ကြောင်း ဈေးများဌာနမှ သိရှိရသည်။ |
| ၂ | ကျွဲကောသီး | ၂၀၀၀-၃၀၀၀ | ၁၅၀၀-၃၅၀၀ | |
| ၃ | ထောပတ်သီး | ၅၀၀-၁၀၀၀ | ၈၀၀-၁၀၀၀ | |
| ၄ | ပျားလိမ္မော်သီး(ပိသာ) | ၅၀၀၀-၇၀၀၀ | ၅၀၀၀-၆၀၀၀ | |
| ၅ | သရက်သီး | ၃၀၀-၂၀၀၀ | ၃၀၀-၂၀၀၀ | |
| ၆ | သဘော်သီး | ၅၀၀-၁၆၀၀ | ၅၀၀-၁၅၀၀ | |
| ၇ | နာနတ်သီး | ၅၀၀-၁၀၀၀ | ၅၀၀-၁၀၀၀ | |

ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း (တန်/ ဒေါ်လာ) (၅.၅.၂၀၂၃)

| စဉ် | အမျိုးအစား | ယခင်တစ်ပတ် | ယခုတစ်ပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|---|
| 1 | RSS-1 | 1225-1275 | 1225-1275 | — |
| 2 | RSS-2 | 1175-1225 | 1175-1225 | — |
| 3 | RSS-3 | 1125-1175 | 1125-1175 | — |
| 4 | RSS-4 | 1075-1125 | 1075-1125 | — |
| 5 | RSS-5 | 1025-1075 | 1025-1075 | — |

Source: MRPPA

# ပြည်တွင်းထုတ်ကုန်ကဏ္ဍ

ယခုတစ်ပတ်အတွက် ပြည်တွင်းထုတ်ကုန် ကဏ္ဍတွင် Shwe Cocoa ကုမ္ပဏီက ထုတ်လုပ်ရောင်းချလျက်ရှိသည့် ချောကလက်ထုတ်ကုန်များနှင့် မိတ်ဆက်ပေးလိုက်ပါသည်။ ကုမ္ပဏီသည် ကျန်းမာရေးဝန်ကြီးဌာန၏ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ (FDA) အသိအမှတ်ပြုလက်မှတ် ရရှိထားပြီးဖြစ်သည်။ ယခင်က ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ စင်ကာပူ၊ မလေးရှားနိုင်ငံထုတ် ချောကလက်များကို ပြည်တွင်းသို့ တင်သွင်းပြီး စားသုံးခဲ့ရသော်လည်း ယခုအခါ ဘယ်လ်ဂျီယံနည်းပညာဖြင့် ပြည်တွင်း၌ ထုတ်လုပ်ထားသည့် ချောကလက်များကို အရည်အသွေးမီ၊ ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူနိုင်ပြီဖြစ်သည်။

ကုမ္ပဏီမှ Chococity အမှတ်တံဆိပ်ဖြင့် Chocolate souvenir box များ၊ tablet ချောကလက်ပြားများ၊ Lollipop များ၊ ပြင်သစ်အချိုပွဲဖြစ်သည့် macaron တို့ကို စူပါမားကတ်နှင့် ဈေးဝယ်စင်တာကြီးများသို့ ချိတ်ဆက်ရောင်းချသည့်အပြင် ဟိုတယ်၊ စားသောက်ဆိုင်၊ ဘဏ်များ၏ အထိမ်းအမှတ်နေ့များနှင့် ကုမ္ပဏီ နှစ်ပတ်လည် အခမ်းအနားများတွင် လက်ဆောင်ပေးရန်အတွက် မှာကြားလျှင်လည်း စိတ်တိုင်းကျ ဆောင်ရွက်ပေးလျက်ရှိသည်။ ယခင်က ချောကလက်ကို ပြည်ပမှ





တင်သွင်းခဲ့သော်လည်း ယခုအခါ ချောကလက်ကုန်ကြမ်းကိုသာ ပြည်ပမှ တင်သွင်းပြီး ပြည်တွင်း သစ်သီးကုန်ကြမ်းများနှင့် ရောစပ်၍ အရည်အသွေးမီ ကုန်ချောထုတ်လုပ်လျက်ရှိကြောင်း ဖော်ပြလိုက်ပါသည်။

ထပ်မံ၍ ပြည်တွင်းထုတ်ကုန်ဖြစ်သည့် Myanmar Honey Food Factory Co.,Ltd မှ ထုတ်လုပ်သည့် အသင့်စား ကော်ပြန့်ကြော်၊ အေးခဲ (စမူဆာ၊ ပလာတာ၊ ကော်ပြန့်လိပ်၊ ပေါက်စီ၊ ကော်ပြန့်ရွက်နှင့် ဖက်ထုပ်များ) အကြောင်း မိတ်ဆက်ပေးလိုက်သည်။ ထုတ်ကုန်များကို တရုတ်(တိုင်ပေ)နည်းပညာဖြင့် ပြည်တွင်းမှ ကုန်ကြမ်းများကို အသုံးပြု၍ အသင့်စားနှင့် အေးခဲစားသောက်ကုန်ဟူ၍ နှစ်မျိုးခွဲကာ ထုတ်လုပ်ခဲ့သည်။ အသင့်စား ကော်ပြန့်လိပ်ကြော် (Ready made Fried Spring Rolls) ကို ကြက်၊ ပုစွန်၊ ချိစ်၊ ရေညှိ၊ မာလာ/ကာရီ အမဲသား အရသာများဖြင့် စက္ကူဘူး၊ ကော်ဘူး အကြည်များဖြင့် ၅၀ ဂရမ်၊ ၁၀၀ ဂရမ်၊ ၁၈၈ ဂရမ်ဟူ၍ ထုပ်ပိုးပြီး ဈေးကွက်သို့ ဖြန့်ချိလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ FDA ထောက်ခံချက်လက်မှတ် ရရှိထားသောစက်ရုံဖြစ်သည်။

ပြည်တွင်းဈေးကွက်များသို့ ဖြန့်ဖြူးရုံသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။ ယခင်က အသင့်စား ကော်ပြန့်ကြော်များကို တရုတ် (တိုင်ပေ)မှ တင်သွင်းခဲ့သော်လည်း ယခုအခါ ပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသောကြောင့် ကုန်ကျစရိတ် သက်သာပြီး ဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူ စားသောက်နိုင်သည်။ "ရွှရွှလေးနဲ့ စားကောင်းတာ ဟန်နီပါ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စားလိုက်တိုင်း ကြွပ်ရွလတ်ဆတ်မှုကို ခံစားနိုင်မည့် ထုတ်ကုန်ဖြစ်သည်။

**MMS**












GL

# GREAT LINE CO.,LTD.

## EXPORTER & IMPORTER

Mr.Mahender

(Managing Director)

Add : No.115, 46 Street, 4th Floor, Botataung Township, Yangon, Myanmar.

Ph : 09 421019905, 09 254127211

Email : kmahendar83@gmail.com




We Have Your Needs
GRAND WYNN MANUFACTURING LIMITED
TWIN BROTHERS SEAFOOD COLD STORAGE
FIRST COLD STORAGE PLANT IN MYANMAR TO BE HACCP CERTIFIED BY EU
HACCP
GMP
TRADEMARK OF QUALITY
RIGHT WEIGHT, RIGHT SIZE, RIGHT QUALITY
OWN FARM
RECEIVING
PROCESSING
METAL DETECTOR
FREEZING
PACKING ROOM
COLD STORAGE
READY TO COOK
Mix Seafood
Salmon Fillet
Sea White (HL)
READY TO EAT
READY TO COOK
GRAND FOOD MART
www.grandfoodmart.net Hot Line: 09 969684121, 09 977433290
Exclusive Sole Distributor Ownership Brand
QUALITY DAIRY PRODUCTS
Cheese & Butter
"Cooking Master"
Ready for Cook Products
US Potato
Hot pot & Seafood
Chicken Nugget / Sausage
Australian Beef
GFM (1) : No.(251/ 04), Mahar Bandula Street, Between 45th & 46th Street, Botahtaung Township, Yangon. Tel: 09 940802817.
GFM (2) : No. (226- 228) Anawrahta Road Between 31 Street - Bo Son Pat Street Pabedan Township, Yangon. Tel: 09 940802815.
GFM (3) : No.(A- 4), 78 Street, Between 27 Street and 28 Street, Chan Aye Thar Zan Township, Mandalay. Tel: 09 91027645.


A.ONE.TOP & STARLIGHT
A.ONE.TOP & STAR LIGHT CO.,LTD
BIZOL
Made in Germany
SCT
MANNOL
Germany
Authroized Distributor by A.ONE.TOP AND STARLIGHT CO.,LTD
Yangon ရုံးချုပ်
အမှတ် C10/11 သီရိရတနာလက်ကားဈေး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
Ph; 09-250 411 288, 09 772 928 187, 09 674 709 688, 09 674 709 699
မန္တလေးရုံးခွဲ
၆၂လမ်း (၁၀၃နှင့်၁၀၃-အေ ကြား)၊ အမှတ် (တ၄/၃၀)၊ ကုတင် ၃၀၀ မျက်စောင်းထိုး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
Ph; 09-782055527, 09-792055527
မြစ်ကြီးနားရုံးခွဲ
အမှတ်(၁)၊ တိုက်(၁)၊ စံပြမိန်းလမ်းဘေး၊ Good Boy ကားရေဆေးဆိုင်ရှေ့၊ မြစ်ကြီးနားမြို့။
09-257936493, 09-94045248

# စားသုံးသူကျန်းမာဖို့ ဆီကောင်းဆီသန့် စားသုံးစို့

အိအိချော(CTQM)

စားသုံးဆီသည် မြန်မာတို့၏ အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့တွင် တစ်ခုအပါအဝင်ဖြစ်သည်။ “ဆီကိုရေချိုး”ဟု ဆိုရလောက်အောင် ပြည်တွင်းစားသုံးဆီဖူလုံပေါများခဲ့သည့် ခေတ်ကာလတစ်ခုတွင် မြန်မာတို့စားသုံးခဲ့ကြသည့် စားသုံးဆီမှာ မြေပဲဆီနှင့် နှမ်းဆီတို့သာဖြစ်ပါသည်။ ခေတ်အဆက်ဆက် ဖြတ်သန်းလာပြီး လူဦးရေတိုးတက်လာသည်နှင့်အမျှ ပြောင်းလဲလာသော နေထိုင်စားသောက်မှုပုံစံများနှင့် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးမှုတို့ကြောင့် မြန်မာ့စားသုံးဆီဈေးကွက်တွင် စားသုံးဆီအမျိုးမျိုးတို့ကို တွေ့မြင်လာရသည်။

မြန်မာ့စားသောက်ကုန်ဈေးကွက်ရှိ စားသုံးဆီအမျိုးမျိုးတို့ကို လေ့လာကြည့်မည်ဆိုလျှင် ပြည်တွင်းထုတ် စားသုံးဆီနှင့် ပြည်ပမှ မှာယူတင်သွင်းလာသော စားသုံးဆီဟူ၍ အုပ်စုနှစ်စုတွေ့မြင်နိုင်သည်။ ပြည်တွင်းထုတ်စားသုံးဆီအုပ်စုတွင် အဓိကထုတ်လုပ်သော စားသုံးဆီများမှာ မြေပဲဆီနှင့်နှမ်းဆီဖြစ်ပြီး ပဲပုပ်ဆီနှင့် နေကြာဆီတို့ကို အနည်းငယ်ထုတ်လုပ်သည်။ ဈေးကွက်တွင် မြေပဲဆီကို ဆီထုတ်ယူသည့် နည်းစနစ်ပေါ် မူတည်ပြီး စက်ဆီနှင့် ဆုံဆီဟူ၍ ခွက်မှောက်ခွက်လှန်စနစ်ဖြင့်လည်းကောင်း၊ တံဆိပ်ကပ်ဆီဘူးများဖြင့်ထည့်၍လည်းကောင်း ရောင်းချနေကြသည်။ ပြည်ပမှ မှာယူတင်သွင်းလာသော စားသုံးဆီများတွင် စားအုန်းဆီ၊ ပဲပပ်ဆီ၊ နေကြာဆီ၊ ကနိုလာမုန်ညင်းဆီ၊ ပြောင်းဖူးစေ့ဆီ၊ ဖွဲနုဆီ၊သံလွင်ဆီနှင့် နှမ်းဆီမွှေးတို့ပါဝင်ပြီး ပမာဏအများဆုံး တင်သွင်းဆီမှာ စားအုန်းဆီဖြစ်သည်။

ခေတ်ရေစီးကြောင်းအတိုင်း လိုက်ပါပြောင်းလဲနေထိုင်ကြရသော လူနေမှုပုံစံအရ စီးပွားရေးသမားများ၏ ဈေးကွက်သစ်ချဲ့ထွင်မှုကြောင့် အွန်လိုင်းပေါ်တွင် ဈေးဝယ်ရန်နေရာများ ဖြစ်ပေါ်လာရသည်။ အဆိုပါအွန်လိုင်းဈေးကွက်တွင်လည်း စားသုံးဆီမျိုးစုံကို တံဆိပ်အမျိုးမျိုးကပ်၍ အိမ်ရောက်ငွေချေစနစ်ဖြင့် ရောင်းချလာခြင်းမျိုးကိုလည်း တွေ့မြင်နေရသည်။

မည်သို့ပင်ဖြစ်စေ စားသုံးသူများသည် စားသုံးဆီ အမျိုးမျိုးတို့ကို မိမိတို့ကြိုက်နှစ်သက်ရာ ဝယ်ယူစားသောက်ကြရာ၌ ကျန်းမာရေးအသိ၊ ကျန်းမာရေးအမြင်ဖြင့်လည်း ရွေးချယ်တတ်ကြရန်အထူး လိုအပ်လှသည်။ ထိုသို့ရွေးချယ်နိုင်ရန်အတွက် စားသုံးဆီတစ်မျိုးချင်းအလိုက် အားနည်းချက်၊ အားသာချက်များကို ယေဘုယျအားဖြင့်သိရှိထားကြရန် လိုအပ်လှသည်။

မြန်မာတို့၏ စားသုံးဆီများသည် အများအားဖြင့် အပင်ထွက် ဆီများသာဖြစ်ကြပါသည်။ အဓိကအားဖြင့် ဆီထွက်သီးနှံအုပ်စုဝင်သီးနှံများမှအစေ့အဆန်များကို ကြိတ်ချေခြင်းဖြင့်ဖြစ်စေ၊ ဖိညှစ်ခြင်းဖြင့်ဖြစ်စေ၊ ဓာတုဖျော်ရည်တစ်ခုခုဖြင့် ဆီဖျော်ထုတ်ယူခြင်းဖြင့်ဖြစ်စေ၊ စားသုံးဆီထုတ်ယူထားခြင်းဖြစ်သည်။ ကြိတ်ချေဖိညှစ်ခြင်းနည်းစဉ်ဖြင့် ထုတ်ယူရရှိသောဆီကို ဆီရိုင်း (cool pressed virgin oil)ဟု သတ်မှတ်ကြသည်။ ၎င်းဆီရိုင်းကို ပြန်လည်သန့်စင်ခြင်းမပြုဘဲ အနည်ထိုင်စေ၍ အရည်ကြည်ကဲ့ခြင်းဖြင့်လည်းကောင်း၊ အနည်းစစ်ခြင်းဖြင့်လည်းကောင်း ပြုလုပ်ပြီး တိုက်ရိုက် စားသုံးကြသည်။ ဓာတုဖျော်ရည်သုံး၍ ထုတ်ယူထားသောဆီကို ဆီကြမ်း(crude oil)ဟုသတ်မှတ်ပြီး ပြန်လည်သန့်စင်ခြင်းအဆင့်ဆင့်ကို ဆောင်ရွက်ပြီးမှသာ စားသုံးဆီအဖြစ် ဈေးကွက်တွင် ရောင်းချသည်။

ယေဘုယျအားဖြင့် မူလဆီထွက်သီးနှံတွင် ဆီပါဝင်မှုရာခိုင်နှုန်း ၂၅ ရာခိုင်နှုန်းအောက် လျော့နည်းပါက ဓာတုဖျော်ရည်ဖြင့် ဆီဖျော်ထုတ်ခြင်းနည်းစဉ်ကို အသုံးပြုပြီး ၎င်းရာခိုင်နှုန်းထက်များပါက ကြိတ်ချေ ဖိညှစ်ခြင်းဖြင့် ဆီထုတ်ယူလေ့ရှိသည်။ မည်သည့်နည်းလမ်းကိုအသုံးပြု၍ ဆီထုတ်ယူခြင်းဖြစ်စေကာမူ ရရှိလာသောစားသုံးဆီသည် လူတို့စားသုံးရန် သင့်လျော်သည့် အရည်အသွေးရှိရပါမည်။

စားသုံးဆီ၏အရည်အသွေးကို ဓာတ်ခွဲခန်းတွင် စစ်ဆေးပါက ရုပဆိုင်ရာဝိသေသလက္ခဏာရပ်များ စစ်ဆေးခြင်း (Determination of physical characteristics)၊ ဓာတုဆိုင်ရာ ဝိသေသလက္ခဏာရပ်များ စစ်ဆေးခြင်း (Determination of chemical characteristics)၊ အဓိကပါဝင်ပေါင်းစပ်ဖက်များစစ်ဆေးခြင်း (Determination of principal constituents)၊ သဘာဝအလျောက်ပါဝင်လာတတ်သော အခြားပါဝင်ဖက်များ စစ်ဆေးခြင်း (Determination of the other natural constituents)၊ အရည်အသွေးနှင့် တည်မြဲမှုကို စစ်ဆေးခြင်း (Determination of quality and stability) နှင့် ပြင်ပ ပစ္စည်း ပါဝင်မှုစစ်ဆေးခြင်း (Determination of foreign substance and the additives) စသည့်စစ်ဆေးမှုများကို ပြုလုပ်လေ့ရှိသည်။

စစ်ဆေးမှုတစ်ခုချင်းစီတိုင်းအတွက် သတ်မှတ်ထားသော အကြောင်းအရာများ (parameters)ကို တိုင်းတာခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။ ဥပမာ- စားသုံးဆီ၏ အရောင် (colour)၊ သိပ်သည်းဆ (density)နှင့် ယိုင်ညွှန်းကိန်း (refractive index) တို့ကို တိုင်းတာခြင်းသည် ဆီ၏ရုပဆိုင်ရာ ဝိသေသလက္ခဏာများကို စစ်ဆေးခြင်းဖြစ်ပေသည်။ ထိုနည်းတူစွာပင် ဆီ၏ဓာတုဆိုင်ရာ ဝိသေသလက္ခဏာများကို စစ်ဆေးရန် အချဉ် ဓာတ်ကိန်း (acid value)၊ အဆီအက်စစ်လွတ်ပါဝင်မှုရာခိုင်နှုန်း (free fatty acid content) နှင့်အိုင်အိုဒင်းတန်ဖိုး(iodine value) တို့ကို ဓာတ်ခွဲစစ်ဆေးကြရသည်။ ထိုသို့ တိုင်းတာခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ခြင်းများ ပြုလုပ်ပြီးပါက ရရှိလာသောရလဒ်အဖြေများသည် အခွင့်ရ အာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။ သို့မှသာ စားသုံးရန် သင့်လျော်သော ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီဖြစ်သည်ဟု မှတ်ချက်ချနိုင်မည်ဖြစ်သည်။

တစ်ဖန်စားသုံးဆီဖြစ်စေမည့် ဓာတုဗေဒဖွဲ့စည်းပုံသည် အဆီအက်စစ်နှင့် အယ်ကိုဟောလ်တို့ပေါင်းစပ်ထားသည့် ထရိုင်ဂလစ်စရိုက်ဖြစ်သည်။ စားသုံးဆီအမျိုးမျိုးတို့၏ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများနှင့် ဂုဏ်သတ္တိများဖြစ်ကြသော ဆီအရည်ပိုင်းများပြီး ခပ်သွက်သွက်ပုံစံဖြစ်နေခြင်း၊ ဆီအခဲပိုင်းများပြီး ခပ်ပျစ်ပျစ် အသွင်ဖြစ်နေခြင်းနှင့် တည်တံ့ခိုင်မြဲမှု ရှိ/မရှိ တို့ကို ဆုံးဖြတ်သည့် အပိုင်းသည် အဆီအက်စစ်အပိုင်းဖြစ်သည်။

စားသုံးဆီတိုင်းတွင် မိုနိုမပြည့်ဝအဆီအက်စစ် (မပြည့်ဝသည့်နေရာတစ်ခုသာပါသောအဆီအက်စစ်)၊ ပိုလီ မပြည့်ဝအဆီအက်စစ်(မပြည့်ဝသည့်နေရာတစ်ခုထက်ပို၍ပါသောအဆီ အက်စစ်)နှင့်ပြည့်ဝအဆီအက်စစ် (မပြည့်ဝသည့်နေရာလုံးဝမရှိသော အဆီအက်စစ်)တို့သည် အချိုးအစားအလိုက် ပေါင်းစပ်ပါဝင်နေကြပါသည်။ ထိုကဲ့သို့ အချိုးအလိုက် ပေါင်းစပ်ပါဝင်ကြရာတွင် ပါဝင်မှုပမာဏပိုများသော အဆီအက်စစ်၏ ဝိသေသလက္ခဏာနှင့် ဂုဏ်သတ္တိတို့က ၎င်းတည်ရှိရာ စားသုံးဆီ၏ရုပ်ပိုင်းဆိုင်ရာ အခြေအနေနှင့်ဂုဏ်သတ္တိကိုလွှမ်းမိုးသွားခြင်းဖြစ်သည်။ထို့ကြောင့်ပင် မိုနိုမပြည့်ဝအဆီအက်စစ်အမျိုးအစား ပိုမိုများပြားစွာ ပေါင်းစပ်ပါဝင်နေသော ဆီများကို မိုနိုဆီအုပ်စု၊ ပိုလီ မပြည့်ဝအဆီအက်စစ်အမျိုးအစား ပိုမိုများပြားစွာ ပေါင်းစပ်ပါဝင်နေသော ဆီများကို ပိုလီဆီအုပ်စုဟု ခွဲခြားသတ်မှတ်လေ့ရှိသည်။ မြေပဲဆီ၊ သံလွင်ဆီ၊ ဖွဲနုဆီ၊ ကနိုလာမုန်ညင်းဆီနှင့် နှမ်းဆီတို့သည် မိုနိုဆီများဖြစ်ကြပြီး နေကြာဆီ၊ ပြောင်းဖူးစေ့ဆီ၊ ပဲပုပ်ဆီနှင့် နှမ်းချပ်ဆီတို့သည် ပိုလီဆီများ ဖြစ်ကြပါသည်။

သာမန်အားဖြင့် မပြည့်ဝအဆီ အက်စစ်(ပိုလီ မပြည့်ဝအဆီအက်စစ်) ပါဝင်မှုပိုများလေ ကျန်းမာရေးအတွက် ကောင်းလေဟု သိထားကြသည်။ သို့သော်လည်း ဆီသား တည်မြဲခိုင်ခံ့မှုရှုထောင့်မှကြည့်လျှင် ပိုလီဆီ များသည် မိုနိုဆီများထက် ဓာတ်တိုးမှုများတတ်သောကြောင့် ဆီသားတည်မြဲမှု အားနည်းသည်။ အကြောင်းရင်းမှာ ပိုလီဆီများ၌မပြည့်ဝမှုများသဖြင့်ပြင်ပမှအောက်ဆီဂျင်က ထိုမပြည့်ဝသည့်နေရာများတွင် ဝင်ရောက် ပေါင်းစပ်နိုင်ခြင်းကြောင့် ဓာတ်တိုးမှု(oxidation) ဖြစ်ပေါ်လာသည်။ ထိုအခါ ဆီသား ပျက်စီးမှုဖြစ်လာပြီး အနံ့ဆိုး၊ အရသာဆိုးများကို ဖြစ်ပေါ်လာစေသည်။ ယင်းကဲ့သို့ဖြစ်တတ်သည့် သဘာဝကိုပိုင်ဆိုင်ထားသောပိုလီဆီများသည် အထားခံနိုင်မှုသက်တမ်း (shelf life) ကိုတို စေသဖြင့် ၎င်းဆီ အုပ်စုဝင် စားသုံးဆီများကို အမြောက်အမြားဝယ်ယူပြီး ကြာရှည်သိုလှောင် စားသောက်ခြင်း မပြုလုပ်သင့်ပေ။

ထို့ပြင် အဆိုပါပိုလီဆီအုပ်စုဝင် စားသုံးဆီများကို ၎င်းတို့၏ ဆူမှတ်ရောက်သည်အထိ ကြော်လှော်ပြီးပါက နောက်တစ်ကြိမ်ထပ်၍ အသုံးမပြုသင့်ပါ။ ပိုလီမပြည့်ဝအဆီအက်စစ်များဖြင့်ဖွဲ့စည်းထားသဖြင့် မပြည့်ဝသည့်နေရာများမှ ကွဲပြတ်တောက်ပြီး ပုံစံတကျမဟုတ်သော ပုံပြောင်းအဆီအက်စစ်များအဖြစ် ပြောင်းလဲဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ယင်းကဲ့သို့ပြောင်းလဲမှုဖြစ်ပေါ်နေသောစားသုံးဆီကို နောက်တစ်ကြိမ် အသုံးပြုမိပါက ပြန်ကြော်ဆီ သုံးစွဲခြင်း၏ ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများကို ရရှိလာနိုင်သည်။

ပြည်တွင်းစားသုံးဆီဈေးကွက်တွင် ရောင်းချနေသောမြေပဲဆီဈေးနှုန်းများကို လေ့လာကြည့်မည်ဆိုလျှင် ဆုံဆီက စက်ကြိတ်ဆီထက် ဈေးနှုန်းအနည်းငယ် မြင့်တက်နေသည်ကို သိမြင်နိုင်ပါသည်။ ထိုသို့ဖြစ်နေရခြင်းမှာ ထုတ်လုပ်မှုဖြစ်စဉ်အရ သစ်သားဆုံဖြင့် ဆီကြိတ်ရာ၌ ကျန်ရှိခဲ့သည့်မြေပဲဖတ်တွင် ဆီကျန်ရှိမှုရာခိုင်နှုန်းသည် စက်ကြိတ်မြေပဲဖတ်တွင် ကျန်ရှိခဲ့သည့် ဆီကျန် ရာခိုင်နှုန်းထက် ပိုများခြင်းကြောင့် ဆီသားရရှိမှုရာခိုင်နှုန်း ကွာခြားခြင်းနှင့် စားသုံးသူများ၏ မိရိုးဖလာဆုံဆီပေါ်တွင် တန်ဖိုးထားစားသုံးမှုပိုများခြင်းတို့ကြောင့်ဖြစ်သည်။ ဈေးနှုန်းနှိုင်းယှဉ်ချက် အရသာဆုံဆီကစက်ကြိတ်ဆီထက် ပိုမြင့်တက်နေသော်လည်း အရည်အသွေးပိုင်း နှိုင်းယှဉ်ချက်ဖြစ်သော ဓာတ်ခွဲစစ်ဆေးချက်အဖြေများအရ ဆုံဆီတွင်ရေငွေ့ပါဝင်မှုမြင့်မားပြီး ဆီသားပျက်စီးမှု ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်စေကြောင်းတွေ့ရသည်။ ဆုံဆီကြိတ်လျှင် ရေနွေးဖြင့်ဖျန်းကြိတ်ရသဖြင့် ဆီသားတွင်ရေပါဝင်မှုရှိလာရပြီး ဆီကိုရေသွင်းဖြိုခွဲမှုပြုသကဲ့သို့ဖြစ်ပေါ် သောကြောင့် အချိန်မတိုင်မီ ဆီသားပျက်စီးခြင်း ဖြစ်လာရခြင်းဖြစ်သည်။ ထို့ကြောင့်စားသုံးသူများအနေဖြင့် ဆုံဆီကို ဝယ်ယူသုံးစွဲမည်ဆိုလျှင် ထုတ်လုပ်မှုရက်စွဲကို စစ်ဆေးပြီးမှ ဝယ်ယူကြရန်၊ အနည်းငယ်ချင်းစီသာ ဝယ်ယူပြီး အမြန်သုံးစွဲရန်နှင့် ကြာရှည်သိုလှောင်ခြင်း မပြုလုပ်သင့်ကြောင်း သတိချပ်သင့်ပါသည်။

ဤသို့ဆိုလျှင် မြန်မာပြည်တွင်းထုတ်စားသုံးဆီအပါအဝင် ပြည်ပမှတင်သွင်းလာသော စားသုံးဆီများသည် အပင်အခြေခံ ဆီထွက်ပင်ရင်းမှ ထုတ်လုပ်ထားသောဟင်းသီးဟင်းရွက်ဆီများဖြစ်ကြသည်နှင့်အညီ လူ၏ကျန်းမာရေးထိခိုက်စေသည့် မကောင်းသောကိုလက်စထရောများကင်းစင်သောကြောင့် ဆီကောင်းများဟုဆိုနိုင်ပါသည်။ စားသုံးသူတစ်ဦးချင်းအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်ငွေကြေးအတိုင်းအတာတစ်ခုကိုသုံးစွဲပြီး ဝယ်ယူရသော စားသုံးဆီများကို ဆီကောင်းဖြစ်ရုံမျှမက ဆီသန့်ဖြစ်ရန်လည်း လိုအပ်ကြောင်း သတိရှိသင့်သည်။ ဆီကောင်းများကို ညစ်ညမ်းသွားစေမည့် ဆီသားပျက်စီးမှုအဆင့်သို့ ရောက်ရှိခြင်းမှကင်းဝေးစေရန် ဆီတစ်မျိုးချင်းအလိုက် ကွဲပြားသည့် သဘောသဘာဝများကို သိရှိထားရန်လည်း လိုအပ်ပေသည်။ ထိုသို့သိရှိထားမှသာလျှင် ဆီအမျိုးအစားအလိုက် ဆီကောင်း၊ဆီသန့်ကို ရွေးချယ် ဝယ်ယူနိုင်မည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက အကောင်းဆုံးဆီကို ရွေးချယ် ဝယ်ယူခဲ့ပြီး ဆီသန့်မဖြစ်ခဲ့လျှင် ကျန်းမာရေးအတွက် ဆေးကုသစရိတ်ပါ အပိုဆောင်း ကုန်ကျရပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုရလျှင် စားသုံးသူတို့ကျန်းမာရေးအတွက် စားသုံးဆီ ဝယ်ယူရာတွင် ဆီသားပျက်စီးမှုဖြစ်ပေါ်စေရန် အခွင့်သာသည့် ခွက်မှောက်ခွက်လှန်စနစ်သုံး၍ ရောင်းချနေသည့်ဆီများကို ရှောင်ရှားပြီး ကုန်အညွှန်းအမှတ်အသားအပြည့်အစုံနှင့် တကွ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ အသိအမှတ်ပြုထောက်ခံချက်ပါသော ဘူးသွင်းဆီ (Consumer pack) အမျိုးအစားများကိုသာ ဝယ်ယူကြရန်၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်မည့်ရက်စွဲတို့ကို သေချာစွာဖတ်ရှုကြရန် လိုအပ်ကြောင်းကို ဆီအမျိုးအစား ရွေးချယ်မှုမှန်ကန်ပြီး ဆီကောင်း၊ ဆီသန့်စားသုံးနိုင်ရန် ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။

# ယူနန်ပြည်နယ်ရှိ ကြီးမားသော အလားအလာရှိသည့် စီးပွားရေးကြီးသုံးခု

MOC(IR)

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ယူနန်ပြည်နယ်၏ (၁၃) ကြိမ်မြောက် ယူနန်ပြည်နယ် နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် ပထမအကြိမ် အစည်းအဝေးနှင့် (၁၄) ကြိမ်မြောက် ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် ပထမအကြိမ်အစည်းအဝေးတို့ကိုကျင်းပနိုင်ခဲ့သည်။ ၂၀၂၃ခုနှစ် ယူနန်ပြည်နယ် ပြည်သူ့အစိုးရ၏လုပ်ငန်းအစီရင်ခံစာတွင် သယံဇာတအရင်းအမြစ် စီးပွားရေး၊ နယ်စပ်ဂိတ်စီးပွားရေးနှင့် စက်မှုဇုန်စီးပွားရေးဟူသော စီးပွားရေးကြီးသုံးခုကို အကောင်းဆုံးဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်၍ ဒေသအသီးသီး၏ အာသာချက်များကို ကောင်းစွာအသုံးချကာ သယံဇာတ အရင်းအမြစ်စီးပွားရေးကို အထူးအားကောင်းအောင် လုပ်ဆောင်မည်၊ နယ်စပ်ဂိတ်စီးပွားရေးကို အကောင်းဆုံးဖြစ်အောင် ရှင်သန်အောင် လုပ်ဆောင်သွားမည်၊ စက်မှုဇုန်စီးပွားရေးကို ကြီးမားဖွံ့ဖြိုးအောင် လုပ်ဆောင်သွားမည်၊ ယူနန်၏ တည်နေရာ အားသာချက်၊ သယံဇာတအားသာချက်၊ ဖွံ့ဖြိုးရေး အားသာချက်အဖြစ်သို့ အသွင်ပြောင်းလဲသွားမည်ဟု ဖော်ပြထားသည်။

ယူနန်ပြည်နယ်သည် သယံဇာတအရင်းအမြစ် ပြည်နယ်ကြီးတစ်ခုဖြစ်သည့်အပြင် နယ်စပ်ဂိတ်တံခါးဖွင့်မှု၏ရှေ့တန်းစခန်းလည်းဖြစ်သောကြောင့် သယံဇာတအရင်းအမြစ်စီးပွားရေး၊ နယ်စပ်ဂိတ်စီးပွားရေး၊ စက်မှုဇုန်စီးပွားရေးတို့ကို ဖွံ့ဖြိုးအောင် လုပ်ဆောင် နိုင်ရန် အခြေခံများ၊ အခြေအနေများ၊ မျှော်မှန်းချက်များရှိပေသည်။

## ၁။ သယံဇာတအရင်းအမြစ် စီးပွားရေး

ယူနန်ပြည်နယ်သည် သယံဇာတအရင်းအမြစ် အားသာချက်ကို အပြည့်အဝအသုံးချ၍ ကုန်းပြင်မြင့်ဝိသေသဆောင်သော စိုက်ပျိုးရေးလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေး၊ အပန်းဖြေ ခရီးသွားလုပ်ငန်း၊ ကုန်ကြမ်းသစ် တူးဖော်ရေးလုပ်ငန်း၊ ဇီဝဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းတို့ကိုအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်၍ အစိမ်းရောင်စွမ်းအင်နှင့်အစိမ်းရောင် ထုတ်လုပ်မှုပေါင်းစပ်ဖွံ့ဖြိုးရေးကို နက်ရှိုင်းစွာဆောင်ရွက်သွားမည်ဖြစ်သည်။ အသေးစိတ်အနေဖြင့် ရာသီဥတုအမျိုးအစားစုံလင်ခြင်း၊ ထုတ်ကုန်အမျိုးအစား စုံလင်ခြင်း စသော အားသာချက်များကို အသုံးချကာ ကုန်းပြင်မြင့် ဝိသေသဆောင်သော စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးရေးကို အရှိန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

သန့်ရှင်းသောစွမ်းအင်ကြွယ်ဝမှုအားသာချက်ကို အသုံးချကာ အစိမ်းရောင်စွမ်းအင်နှင့် အစိမ်းရောင်ထုတ်လုပ်မှုပေါင်းစပ်ဖွံ့ဖြိုးရေးကို နက်ရှိုင်းစွာဆောင်ရွက်သွားမည်။ သဘာဝပတ်ဝန်းကျင်၊ လူသားဆိုင်ရာပညာရပ်များနှင့် ဂေဟစနစ် ဘက်စုံအားသာချက်များကို အသုံးချကာ ယဉ်ကျေးမှုနှင့်ကျန်းမာရေး အပန်းဖြေ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အရှိန်မြှင့်လုပ်ဆောင်သွားမည်။ သတ္တုသယံဇာတအရင်းအမြစ်ကြွယ်ဝမှု၊ အမျိုးအစားစုံလင်မှု အားသားချက်ကိုအသုံးချကာ ကုန်ကြမ်းသစ် တူးဖော်ရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင် အရှိန်မြှင့်လုပ်ဆောင်သွားမည်။ ဇီဝအရင်းအမြစ်ကြွယ်ဝမှုနှင့် အရည်အချင်းရှိသော ပုဂ္ဂိုလ်များရှိခြင်း အားသာချက်ကိုအသုံးချကာ ဇီဝဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးမှုကို အရှိန်မြှင့်လုပ်ဆောင်သွားမည် ဖြစ်သည်။

### ယူနန်ပြည်နယ်၏ နေရောင်ခြည်စွမ်းအင် ဓာတ်အားထုတ်လုပ်ရေး

ယူနန်ပြည်နယ် ချိုကျင့်မြို့ ကျန်းယိမြို့နယ် လင်းကျောင်းကျေးရွာအုပ်စု လျူကျားကျွမ်းကျေးရွာကော်မတီ၏ လူသူအရောက်အပေါက်နည်းသော တောင်ကုန်းတစ်နေရာတွင် နေရောင်ခြည်အောက်၌ အလင်းဗို့တိတ် ဆိုလာပြားများ အရောင်တဖိတ်ဖိတ်တောက်နေသည်။ ယျန်းယိမြို့နယ်သည် ကျိုးကျန်းမြစ်၏ မြစ်ဖျားခံရာဒေသ၌ တည်ရှိပြီး နေရောင်ခြည် အရင်းအမြစ်ကြွယ်ဝသည်။ ယခုနှစ်များတွင် ကျန်းယိမြို့နယ်သည် မြို့နယ်ထဲရှိ လူသူအရောက်အပေါက်နည်းသော တောင်များ၊ တောင်ကုန်းများ၌ နေရောင်ခြည် အရင်းအမြစ်ကြွယ်ဝခြင်းကို အသုံးချကာ ဟွာနင်လျှန်ချန်းမြစ်ကုမ္ပဏီကို ဖိတ်ခေါ်၍ အလင်းဗို့တိတ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်ခဲ့သည်။ ၎င်းအပြင် ဆိုလာပြားထောက်တိုင်များအောက်ဘက်ရှိ မြေလွတ်များတွင်လည်း ဟင်းသီးဟင်းရွက်ပင်များ၊ ထပ်တရာပန်းများစသည်တို့ကို စီးပွားဖြစ် စိုက်ပျိုးကြသည်။

အလင်းဗို့တိတ် လျှပ်စစ်ဓာတ်အားစက်ရုံ၏ ဇုန်နေရာ(၁) ရှိဆိုလာပြားများ အောက်က မြေလွတ်ပေါ်တွင် ဧကပေါင်းမြောက်မြားစွာစိုက်ပျိုးထားသော ထပ်တရာပန်းခင်းကြီးမှာ ရွှေရောင် ပန်းပင်လယ်ကြီးဖြစ်နေသည်။ ကျေးရွာပြည်သူများမှာ ထပ်တရာ ပန်းများကိုခူး၍ အိတ်သွတ်ပြီးနောက် အဝယ်ဒိုင်သို့ ပို့ဆောင်ရင်း မအားလပ်နိုင်ဘဲ ရှိနေကြသည်။

လျူကျားကျွမ်းကျေးရွာ၊ ကော်မတီခွဲုက်ချီကျေးရွာ ဆပ်ကော်မတီမှ ကျန်းကျားဟုန်က ၎င်းတို့မိသားစုပိုင် မြေလွတ်များကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံအသုံးပြုခွင့် ၂၅နှစ် ငှားပေးထားသည်။ ပထမ ငါးနှစ်တွင် မြေတစ်မူလျှင် တစ်နှစ် မြေငှားရမ်းခယွမ် ၇၅၀ ရရှိပြီး နောက်ပိုင်းငါးနှစ်တစ်ကြိမ် မြေငှားရမ်းခ တိုးမြှင့်နိုင်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်မှစ၍ ယူနန်ပြည်နယ်၏အစိမ်းရောင်စွမ်းအင် အားသာချက်မှာ မပြတ်အားကောင်းလာခဲ့သည်။ အစိမ်းရောင်စွမ်းအင်နှင့် အစိမ်းရောင်ထုတ်လုပ်မှုပေါင်းစပ်ဖွံ့ဖြိုးရေးမှာ အရှိန်အဟုန်နှင့် အားကောင်းလျက်ရှိကာ မိရိုးဖလာကုန်ထုတ် လုပ်ငန်းများအား ခိုင်မာစွာအဆင့် မြှင့်တင်ပေးလျက်ရှိသည်။ ဆန်းသစ်စလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးမှုအားကောင်းလာစေ၍ ယူနန်ပြည်နယ်၏စက်မှုလုပ်ငန်းအရည်အသွေးမြှင့်ဖွံ့ဖြိုးရေးအတွက် ထိရောက်အားကောင်းစွာ အကျိုး ပြုလျက်ရှိပေသည်။

## ၂။ နယ်စပ်ဂိတ်စီးပွားရေး

ယူနန်ပြည်နယ်သည် နယ်စပ်ဂိတ် တည်ဆောက်မှုများအကောင်အထည်ဖော်၍နယ်စပ်ဂိတ်လုပ်ဆောင်ချက်များ အဆင့်မြှင့်တင်ခြင်း၊ နယ်စပ်ဂိတ် စီးပွားရေးဖွံ့ဖြိုးမှု၊ နယ်စပ်ဂိတ်မြို့ တည်ဆောက်မှုတို့ကို တစ်စုတစ်စည်းတည်း ဆောင်ရွက်ကာ ဩဇာသက်ရောက်မှုရှိသော အချက်အချာ နယ်စပ်ဂိတ်များကို ဖန်တီးတည်ဆောက်မည်ဖြစ်သည်။ နယ်စပ်ဂိတ် အဓိကစက်မှုဇုန် တည်ဆောက်ရေးကိုအရှိန်မြှင့်လုပ်ဆောင်၍ ပြည်ပကုန်ထုတ်လုပ်မှုကွင်းဆက်များ၊ လုပ်ငန်းများစက်မှုဇုန်တွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ဆွဲဆောင်သွားမည်ဖြစ်သည်။ နယ်စပ်ကုန်သွယ်မှုဖြင့် တင်သွင်းသည့် ကုန်ပစ္စည်းများဆိုက်ရောက်ပြီးနောက် အဆင့်မြှင့်ပြုပြင်ခြင်းကိုအားပေးကာ ဒေသဝိသေသဆောင်သော ဝန်ဆောင်မှုစီးပွားရေးအဖြစ် ဖွံ့ဖြိုးအောင်လုပ်ဆောင်ပြီး နယ်စပ်ဂိတ် စီးပွားရေးကို "လမ်းကြောင်းစီးပွားရေး"အဖြစ်မှ "ကုန်ထုတ်လုပ်ငန်းစီးပွားရေး"အဖြစ်သို့ အသွင်းပြောင်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

### မောဟန်းနယ်စပ်ဂိတ်တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆန်းသစ်လာခြင်း

မောဟန်းနယ်စပ်ဂိတ်တွင် စမတ်ပိုးသတ်စက်ရုပ်က ရောဂါပိုး အန္တရာယ်ရှိသော နေရာများကို နေ့စဉ်ပိုးသတ်ခြင်းလုပ်ငန်းဆောင်ရွက်ပေးသည်။ စမတ်စစ်ဆေးခွင့်ပြုခြင်းစနစ်သည် အပူချိန် တိုင်းတာခြင်း၊ သက်သေခံလက်မှတ် စစ်ဆေးခြင်း၊ယာဉ်နံပါတ်ပြားခွဲခြားခြင်းတို့ကို အလိုအလျောက် လုပ်ဆောင်ပေးသည်။ ကုန်တင်ယာဉ်များ၊ ယာဉ်မောင်းများကို စစ်ဆေးခြင်းနှင့်ခွင့်ပြုခြင်းတို့ကို မူလတွင် ကြာချိန် ၈ မိနစ်မှ ၁၀ မိနစ်အထိရှိခဲ့ရာမှ ၄ မိနစ်အတွင်း အပြီးဆောင်ရွက်ပေးလာနိုင်ခဲ့သည်။ ဒစ်ဂျစ်တယ်ပလက်ဖောင်း အကူအညီဖြင့် နယ်စပ်ဂိတ်အခြေအနေကို ပိုမိုသိမြင်နိုင်ခြင်း၊ထိန်းချုပ်နိုင်ခြင်း၊နောက်ကြောင်းပြန်ခြေရာခံနိုင်ခြင်း စသည့်စနစ်များကိုအသုံးပြု၍ စီမံဆောင်ရွက်လာနိုင်ခဲ့သည်။ ကုမ္ပဏီများအနေဖြင့်လည်း အကောက်ခွန်ရှင်းလင်းခြင်းနှင့် ကုန်စည်စီးဆင်းမှု၏ တိုးတက်မှုအခြေအနေတို့ကို အချိန်မရွေး၊ နေရာမရွေး စစ်ဆေးလာနိုင်ခဲ့သည်။

အကယ်၍ ယာဉ်ပိတ်ဆို့ခြင်း၊ နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်းစသည့် ထူးခြားဖြစ်စဉ်များ ရှိလာခဲ့ပါက AR မြင်ကွင်းကျယ်မြင်နိုင်သည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းက အလိုအလျောက်သတိပေးလာသဖြင့် ဖြစ်ပွားသည့်နေရာတွင် အရေးယူစီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဟွာဝေး၏ သက်ဆိုင်ရာ နည်းပညာတာဝန်ခံက " စမတ်နယ်စပ်ဂိတ်စနစ်ကို စတင်အသုံးပြုလာခဲ့ပြီးနောက်ပိုင်းမောဟန်းနယ်စပ်ဂိတ်၏ ကုန်တင်ယာဉ် အကောက်ခွန်ရှင်းလင်းမှုပမာဏမှာ တစ်ရက်လျှင် ယာဉ်အစီး ၃၆၀ မှ အစီး ၈၀၀ကျော်အထိ တိုးမြှင့်ဆောင်ရွက်ပေးလာနိုင်ခဲ့သဖြင့်အကောက်ခွန်ရှင်းလင်းမှုအား သိသိသာသာ မြှင့်တင်ပေးလာနိုင်ခဲ့ကြောင်း" ရှင်းပြခဲ့ပါသည်။ နယ်စပ်ဂိတ်စီမံဆောင်ရွက်မှုနှင့် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးမှာလည်း ပိုမိုလုံခြုံစိတ်ချ မြန်ဆန်လာခဲ့သည်။

ယခုနှစ်များတွင် ယူနန်ပြည်နယ်သည် စမတ်နယ်စပ်ဂိတ် တည်ဆောက်မှုဖြင့် နယ်စပ်ဂိတ် လုပ်ဆောင်ချက်၊ နယ်စပ်ဂိတ်မြို့၊ နယ်စပ်ဂိတ်စီးပွားရေးပေါင်းစပ်ဖွံ့ဖြိုးမှုတို့ကို အရှိန်မြှင့် ဆောင်ရွက်လာနိုင်ခဲ့ပြီး တရုတ်ပြည်(ယူနန်)လွတ်လပ်သော ကုန်သွယ်မှုရှေ့ပြေးစမ်းသပ်ဇုန် တယ်ဟုန်ဧရိယာ၌ "နယ်စပ်ဂိတ်တစ်ခုတည်းတွင် လမ်းကြောင်းများစွာပါဝင်သော စီမံခန့်ခွဲမှုစနစ်"ကို တီထွင်ကျင့်သုံးလာနိုင်ခဲ့သည်။ ကူမင်း၊မောဟန်းနယ်စပ်ဂိတ်တွင် "ဒေသရပ်ဝန်းနှင့် ပိုးလမ်းမ" သီးသန့် လမ်းကြောင်းခြောက်ခုကို အသစ်သတ်မှတ်ပေးရန် ဆောင်ရွက်လာနိုင်ခဲ့သည်။ထိုင်းနိုင်ငံမှတစ်ဆင့် တတိယနိုင်ငံသို့ သစ်သီးတင်ပို့ရန် နယ်စပ်ဂိတ်လေးခု အသစ်ထပ်တိုးဖွင့်လှစ်နိုင်ခဲ့သည်။ နယ်စပ်ဖြတ်ကျော် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုပုံစံသစ်ကို စတင်အကောင်အထည်ဖော်၍ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ အသားစားနွားများ တရုတ်ပြည်သို့ တင်သွင်းခွင့်ပြုလာနိုင်ခဲ့သည်။ "အင်တာနက်+နယ်စပ်ကုန်သွယ်မှု" ကြီးကြပ်စီမံမှုပုံစံကို တီထွင် ကျင့်သုံး၍ "Bian Hu Tong" လက်ကိုင်ဖုန်း Application ကိုအသုံးပြုနိုင်အောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

## ၃။ စက်မှုဇုန်စီးပွားရေး

ယူနန်ပြည်နယ်သည် နိုင်ငံတော်အဆင့် ဖွံ့ဖြိုးရေးဇုန် ၁၅ခုအား "ဇုန်တစ်ခုလုပ်ငန်းတစ်မျိုး"မူဖြင့် အရည်အသွေးမြှင့် ဖွံ့ဖြိုးအောင် လုပ်ဆောင်လျက်ရှိရာ အကောင်းဆုံးဖြစ်အောင်နှင့် ပိုမိုအားကောင်းလာအောင် နောက်တစ်ဆင့်မြှင့်၍ဆောင်ရွက်သွားမည်ဖြစ်သည်။ အန်းနင်၊ ကျောင်းယန်၊ ကျန်းယိ၊ လုဖုန်း၊ လူရှီး၊ယန်ဆန်း၊ ရှန်ယွင် ဟူသောပထမအသုတ် မြို့နယ်အဆင့် အဓိကဖွံ့ဖြိုးရေးဇုန် ခုနစ်ခုအား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာအောင် အားပေး၍ ဘီလီယံရာ ချီအဆင့်ရှိသော စက်မှုဇုန်များဖြစ်အောင် ဖန်တီးတည်ဆောက်သွားမည်ဖြစ်သည်။ အခွံမာသီး၊ ရာဘာ၊ ကော်ဖီ စသည့် အားသာချက်ရှိသောလုပ်ငန်းများကို ဗဟိုပြုကာ ဒေသဝိသေသဆောင်သော စက်မှုဇုန်ကို အဆင့်မြှင့်စီမံကိန်းချ၍ ဖန်တီးတည်ဆောက်သွားမည်ဖြစ်သည်။

### စက်မှုဇုန်စီးပွားရေးယန္တယား

ကူမင်းစီးပွားရေးနည်းပညာဖွံ့ဖြိုးရေးဇုန်ရှိ Yunnei Power ကုမ္ပဏီလီမိတက်၏ အလုပ်ရုံသည် ၂၀၂၂ ခုနှစ်အတွင်း အင်ဂျင်အလုံးရေ စုစုပေါင်းလေးသိန်းအထိ ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ပြည်တွင်းမော်တော်ကားကုမ္ပဏီဖြစ်သော အဆိုပါကုမ္ပဏီသည် ကူမင်းစီးပွားရေးနည်းပညာဖွံ့ဖြိုးရေးဇုန်၏ ထောက်ပံ့မှုဖြင့် တရုတ်နိုင်ငံ၏ ယာဉ်မှ စွန့်ထုတ်မှုစံနှုန်းအဆင့် (၆)နှင့် ကိုက်ညီသောအင်ဂျင်များ စမ်းသပ်ထုတ်လုပ်ရေးကို အရှိန်မြှင့်ဆောင်ရွက်၍ ပြည်တွင်းဖြစ်ထုတ်ကုန်ဖြင့် အစားထိုးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆင့်မြှင့်အင်ဂျင်များနေရာတွင် ပြည်ပကုန်အမှတ်တံဆိပ်များ အချိန်ကာလရှည်ကြာစွာနေရာယူထားသည့် အခြေအနေကိုပြောင်း လဲလာနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ကုမ္ပဏီကပုံစံသစ် ဓာတ်ဆီအင်ဂျင်ကိုအောင်မြင်စွာ စမ်းသပ်တီထွင်လာနိုင်ခဲ့ပြီး အရေအတွက်အမြောက်အမြား ထုတ်လုပ်လာနိုင်ခဲ့သဖြင့် ပြည်တွင်းရှိ လုပ်ငန်းသုံး မော်တော်ယာဉ်များအတွက် ရည်ရွယ်ထုတ်လုပ်သည့် ပထမဆုံးသော ဓာတ်ဆီအင်ဂျင်ဖြစ်လာခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကူမင်းမြို့၏ကုန်သွယ်ဘက်နိုင်ငံ(ဒေသ) အရေအတွက်မှာ ၁၈၉ခုအထိ တိုးတက်လာခဲ့သည်။ တံခါးဖွင့်ကုန်သွယ်ရေးပလက်ဖောင်းမှာ အသွန့်တလူလူဖြင့် ဖွံ့ဖြိုးပွင့်လန်းလာခဲ့သည်။ Kunming Comprehensive Bonded Zone က -တရုတ်-လာအိုရထားလမ်း + နယ်စပ်ဖြတ်ကျော် e-commerce" နှင့် -တရုတ်-လာအိုရထားလမ်း + နယ်စပ်ဖြတ်ကျော် Cold-chain" ဝန်ဆောင်မှုတို့ကို စတင်ဆောင်ရွက်ပေးလာနိုင်ခဲ့သည်။

*စာမျက်နှာ - ၁၈ သို့*

## ယခု မေလအတွင်း UMFCCI MSME FAIR 2023 ကျင်းပမည်

အသေးစား၊အငယ်စား၊ အလတ်စားလုပ်ငန်းများကို ထောက်ပံ့ပေးရန်နှင့် ဈေးကွက်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ယခု မေလအတွင်း UMFCCI MSME FAIR ၂၀၂၃ ကို ကျင်းပသွားမည်ဖြစ်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ သိရသည်။

ကော်မတီအနေဖြင့် အဆိုပါပြပွဲကို မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၏ ဦးဆောင်မှုဖြင့် မေ ၇ ရက်နှင့် ၈ ရက်တို့တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ပြပွဲတွင် အသိပညာပေး စကားဝိုင်း အစီအစဉ်များ၊ ရိုးရာဝတ်စုံများကို ဖန်တီးပြသမည့်အစီအစဉ်များ၊MSME Outstanding Award ဆုပေးမည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပြပွဲအတွက် ပြခန်းများကို ဈေးနှုန်းအချိုသာဆုံးနှင့် ရောင်းချသွားမည်ဖြစ်သည့်အပြင် ညီနောင်အသင်းများမှ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ပြသရန်နှင့် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်စုံမှ ပါဝင်ပြသနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကို ထုတ်ကုန်ပြခန်းပေါင်း ၁၂၀ကျော်ဖြင့် နှစ်ရက်တိုင် ကျင်းပပြုလုပ်သွားမှာဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများအလိုက် ခင်းကျင်းပြသပုံ၊ တီထွင်ဆန်းသစ်မှု၊ ထုပ်ပိုးမှုပုံစံ၊ ဝန်ဆောင်မှုများအပေါ် မူတည်ပြီး MSMEs Outstanding Award ဆု ချီးမြှင့်မှုများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

## ကမ္ဘာ့သကြားဈေး မြင့်တက်နေသည့်အတွက် ပြည်တွင်းသကြားဈေး လိုက်ပါမြင့်တက်

ကမ္ဘာ့သကြားဈေး မြင့်တက်နေသည့်အတွက် လက်ကျန် နည်းနေသည့် ပြည်တွင်း သကြားဈေးမှာလည်း လိုက်လံမြင့်တက်နေကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကမ္ဘာ့သကြားဈေးမှာ ယခင်က တစ်တန်လျှင် ဒေါ်လာ ၆၇၀၊ ၆၈၀ သာရှိခဲ့ပြီး လက်ရှိတွင် တစ်တန်လျှင် ၇၁၁ ဒေါ်လာအထိ မြင့်တက်နေခြင်းဖြစ်ကြောင်း ယင်းအသင်း အတွင်းရေးမှူး ဦးစိန်ထွန်းက မေ ၄ ရက်တွင် ပြောသည်။



"လက်တလော ကမ္ဘာ့သကြားဈေးက တော်တော် တက်နေတယ်။ ဒါကြောင့် ပြည်တွင်းဈေးက လိုက်လံမြင့်တက်လာတဲ့ သဘောပါ။ နောက်ပြီး export ထွက်ထားတော့ ပြည်တွင်းမှာ သကြား လက်ကျန်လည်း တော်တော်နည်းနေတယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်း သကြားဈေးမှာ ယခင်က တစ်ပိဿာလျှင် ၂၉၃၀ ကျပ်သာ ပေါက်ဈေးရှိပြီး လက်ရှိတွင်တော့ တစ်ပိဿာလျှင် ၃၁၇၅ ကျပ်အထိ အမြင့်ဈေးတွင် ရှိနေကြောင်း သိရသည်။

ပြည်ပတင်ပို့မှုတွင် ဗီယက်နမ်သို့ အများဆုံး တင်ပို့နေခြင်းဖြစ်ပြီး ကြံမကြိတ်မှုကတည်းက ကြိုတင်စာချုပ်ချုပ်ဆိုထားသည့် သကြားများကို တင်ပို့နေခြင်းဖြစ်ကာ လက်ရှိအချိန်အထိ အဆိုပါနိုင်ငံသို့ ပျမ်းမျှ တန်ချိန် ၉၀၀၀၀ ခန့် တင်ပို့ထားကြောင်း သိရသည်။ ယခု ၂၀၂၃ ခုနှစ်တွင်သကြားဈေးကွက် ကောင်းမွန်နေသည့်အတွက် ပြည်တွင်းသကြားစက်ရုံ အသီးသီးမှ ကြံဈေးနှုန်းများကို တိုးမြှင့်ပေးခဲ့ကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။

ပြည်တွင်း သကြားစက်ရုံများအနေဖြင့် ကြံကြိတ်ရာသီအတွက် ယခင်က ကြံတစ်တန်ဈေး ကျပ် ၉၀၀၀၀ သတ်မှတ်ထားရာမှ လက်ရှိ သကြားဈေးကောင်းမွန်နေသည့်အတွက် စက်ရုံအလိုက် ကြံဈေးများကို ကျပ် ၉၅၀၀၀ မှ ၁၀၀၀၀၀ အထိ ထပ်တိုးပေးဝယ်နေခြင်းဖြစ်သည်။

ကိုဗစ်ကြောင့် ပြီးခဲ့သည့်နှစ်များက သကြားဈေးကွက်မှာ အရှုံးပေါ်ခဲ့ပြီး တောင်သူများအနေဖြင့် ကြံစိုက်ဧကများကို လျှော့ချ စိုက်ပျိုးခြင်းများ ရှိခဲ့သော်လည်း ယခုနှစ်တွင် ဈေးကောင်းရရှိနေသည့်အတွက် ကြံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီသည် နှစ်စဉ် ဒီဇင်ဘာလတွင် စတင်ကာ ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိပြီး ကြံကို အဓိကအားဖြင့် စစ်ကိုင်းတိုင်း၊ပဲခူးတိုင်း (အရှေ့ခြမ်းနှင့် အနောက်ခြမ်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

## ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်ကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ခဲ့

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဝင်ရောက်ခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် လျှပ်စစ်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန(DICA)မှ သိရသည်။ လျှပ်စစ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ သန်း ၈၂၀ကျော်ဖြင့် အများဆုံး ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ယင်းကဏ္ဍကအတွက် ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံအတွက်လျှပ်စစ်ကဏ္ဍသည် လိုအပ်နေသည့် ကဏ္ဍကြီးတစ်ခုဖြစ်သည့်အတွက် လက်ရှိတွင် ဖြေလျှော့မှုများကိုလည်း ပြုလုပ်ပေးနေပြီး မကြာခင်တွင် နိုင်ငံတော်အဆင့်အနေဖြင့် တင်ဒါဖိတ်ခေါ်သွားရန်လည်းရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဧပြီလမှ ယခု ၂၀၂၃ ခုနှစ်၊ မတ်လအထိ မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၆၄၀ ကျော် ဝင်ရောက်ထားပြီး စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၁၁၅၈ သန်းကျော်ဖြင့် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်သည်။

ယခုကဲ့သို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် လျှပ်စစ်ကဏ္ဍက အများဆုံးဖြစ်သည့်အပြင် ကျန်ကဏ္ဍများအနေနှင့် ဝန်ဆောင်မှုကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၅၀၄ ဒသမ ၁၂၃သန်းဖြင့် ဒုတိယအများဆုံးဖြစ်ခဲ့ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင်တော့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် အမေရိကန်ဒေါ်လာ ၂၇၁ ဒသမ ၈၀၆ သန်းဖြင့် တတိယအများဆုံးဖြစ်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် နှစ်အလိုက်ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၂၈ သန်း၊၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၂၆ ဒသမ ၈၉ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၁၂၁ ဒသမ ၃၂၃ သန်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ ခြောက်လအတွင်း အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၈၄ သန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၈၂၀ ဒသမ ၂၇ သန်း စသည်ဖြင့်ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ရခိုင်တွင် ဆားထုတ်လုပ်တောင်သူများကို အစုအဖွဲ့ပုံစံနှင့် ငွေကျပ်သိန်း ၁၀၀၀၀ ထုတ်ချေးမည်

ရခိုင်ပြည်နယ်ရှိ ဆားထုတ်လုပ်တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေထဲမှ အစုအဖွဲ့ပုံစံနှင့် ငွေကျပ်သိန်း ၁၀၀၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

အဆိုပါ ရခိုင်ပြည်နယ်ရှိ ဆားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ပြီး ဆားထုတ်လုပ်သည့် မြို့နယ်အများစုကို ယခု မေလအတွင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဖြူ၊ စစ်တွေ၊ ပေါက်တော မြို့နယ်များက ဆားတောင်သူများကို မေလလယ်ခန့်တွင် ချေးငွေထုတ်ချေးပေးသွားမည်ဖြစ်ပြီး ထုတ်ချေးမည့် ပမာဏနှင့် လူဦးရေကို စာရင်းပြုစုနေဆဲဖြစ်ကြောင်း သိရသည်။လက်ရှိ ရခိုင်ပြည်နယ်က ထွက်ရှိသည့်ဆားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်လိုအား များနေသည့်အတွက် ဒေသတွင်း ဆားလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ရာခိုင်နှုန်းခန့် တိုးလာကြောင်း သိရသည်။

ယင်း ပြည်နယ်အတွင်း နေလှန်းဆားလုပ်ငန်းများကို ကျောက်ဖြူ၊ သံတွဲ၊ ပေါက်တော၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြေပုံ၊ သံတွဲ၊ မောင်တော၊ တောင်ကုတ်၊ မြောက်ဦး၊ မင်းပြားနှင့် ရမ်းဗြဲမြို့နယ်တို့တွင် ဇန်နဝါရီလမှ ဧပြီလအထိ လုပ်ကိုင်လေ့ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိအပတ်အတွင်းက နိုင်ငံတော်မှ လယ်ယာစီးပွား မြှင့်တင်ရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအပါအဝင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ၏ စီးပွားရေး မြှင့်တင်နိုင်ရန်အတွက် စီမံခန့်ခွဲမှုရန်ပုံငွေကျပ် ဘီလီယံ ၄၀၀ ကို သီးသန့်ရန်ပုံငွေအဖြစ် ထူထောင်ထားခြင်းဖြစ်သည်။

ထိုရန်ပုံငွေကို ခွဲဝေဖြန့်ဖြူးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံ ကျပ် ၁၇၀ဘီလီယံ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနထံ ကျပ် ၆၀ ဘီလီယံ၊ ကယား၊ ချင်း၊ ရခိုင်ပြည်နယ်တို့ထံ ကျပ် ၁၀ ဘီလီယံ၊ ကချင်၊ ကရင်၊ မွန်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ထံ ငွေကျပ် ၈ ဘီလီယံ၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများထံ ကျပ် ငါးဘီလီယံ အသီးသီး ခွဲဝေဆောင်ရွက်ထားပြီး ကျန်ရှိသည့် ငွေများကိုတော့ အခြားလုပ်ငန်းများ လုပ်ဆောင်ရန်ထားရှိကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

*စာမျက်နှာ(၁၇)မှအဆက်-*

လွတ်လပ်သော ကုန်သွယ်မှု ရွေ့ပြေးစမ်းသပ်ဇုန် ကူမင်းဧရိယာ၏ ပြုပြင်ပြောင်းလဲရေး ရည်မှန်းချက်တာဝန် ၁၄၁ ခု စလုံးကို ၁၀၀ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်နိုင်ခဲ့သည်။ တရုတ်-လာအိုမောဟန်း-မောတင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်မှာ အရှိန်အဟုန်ဖြင့် တိုးတက်သည့်အဆင့်သို့ ရောက်ရှိလာခဲ့သည်။

အရင်းအနှီးများ ဖိတ်ခေါ်မှုတွင်လည်း ရလဒ်ကောင်းများရရှိခဲ့သည်။ "စွမ်းဆောင်သူ" အရင်းအနှီးဖိတ်ခေါ်ခြင်း၊ ကုန်ထုတ်လုပ်မှု ကွင်းဆက်အရင်းအနှီးဖိတ်ခေါ်ခြင်း၊ ထိမိတိကျသော အရင်းအနှီးဖိတ်ခေါ်ခြင်းတို့ကို ထဲထဲဝင်ဝင် နက်ရှိုင်းစွာ အကောင်အထည်ဖော်၍ "ဘီလီယံရာချီအဆင့် ပရောဂျက်ကြီး"ငါးခုကို ရယူလာနိုင်သည်။ အရေးကြီးသော ကုန်ထုတ်လုပ်ငန်းပရောဂျက်အသစ် ၂၆၉ ခုကို ဖိတ်ခေါ်လာနိုင်ခဲ့ပြီး ၎င်းတို့အထဲမှ ယွမ်သန်း ၁၀၀၀ အထက်ရှိသော ပရောဂျက် ၄၅ ခုပါဝင်သည်။

**အရင်းအမြစ်။ ။ယူနန်ပြည်နယ် ပြည်သူ့အစိုးရသတင်းပြန်ကြားရေးဌာနမှ ထုတ်ဝေသည့် "မင်္ဂလာ"မဂ္ဂဇင်း**

# "ပလတ်စတစ်က သုံးတတ်ရင်မိတ်ဆွေ၊ မသုံးတတ်ရင် ရန်သူဖြစ်တဲ့ အတွက် စနစ်တကျ စွန့်ပစ်တတ်ဖို့ပဲ လိုအပ်တာပါ"

## မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပလတ်စတစ်သုံးစွဲမှု သိသိသာသာ လျော့ကျလာပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ပလတ်စတစ်သုံးစွဲမှု မြင့်တက်နေဆဲဖြစ်သည်။ ပလတ်စတစ် အမှိုက်များကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှုက သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာခြင်းကြောင့် ပလတ်စတစ်သုံးစွဲမှု လျော့ကျစေရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ဆော်သြလျက်ရှိသည်။သို့ဖြစ်ရာ ပြည်တွင်းတွင် ပလတ်စတစ်သုံးစွဲမှု အခြေအနေ၊ ကုန်ကြမ်းရရှိမှုနှင့် လတ်တလောဈေးနှုန်း အခြေအနေအား မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းဝင်းနှင့် တွေ့ဆုံခိုက် မေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**



**ပြည်တွင်းမှာ ပလတ်စတစ်သုံးစွဲမှု အခြေအနေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ပလတ်စတစ်အနေနဲ့ ပြောရရင် မနက်စောစောထ သွားတိုက်တာနဲ့ ပလတ်စတစ်နဲ့လုပ်ထားတဲ့ သွားတိုက်တံကို သုံးရပါတယ်။ဘောပင်မှာလည်း ပလတ်စတစ်ပါတယ်။ ပြောရမယ်ဆိုရင် တစ်နေ့တာ သုံးစွဲမှုများမှာ ပလတ်စတစ်နဲ့ ကင်းကွာလို့ မရပါဘူး။ နေ့တစ်နေ့ လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှ ပလတ်စတစ်က လွှမ်းမိုးနေတာ။ ပလတ်စတစ်က ကောင်းကျိုးရှိသလို ဆိုးကျိုးလည်းရှိပါတယ်။ ရှိတဲ့ ဆိုးကျိုးကို အစိုးရသော်လည်းကောင်း၊ အသင်းအဖွဲ့သော်လည်းကောင်း၊ သုံးစွဲတဲ့သူတွေပါ ဝိုင်းဝန်းပြီးတော့ စနစ်တကျ စွန့်ပစ်နိုင်ရင် အကျိုးပိုရှိမယ်လို့ မျှော်လင့်ပါတယ်။ အားလုံးဝိုင်းဝန်း စနစ်တကျသုံးစွဲပါမှ ပလတ်စတစ်အကျိုးကို ပိုခံစားရမှာပါ။

**လတ်တလော ပလတ်စတစ် ကုန်ပစ္စည်းတွေ ဈေးတက်လာတဲ့အပေါ် အသင်းအနေနဲ့ ဘာတွေများ ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ကော်စေ့ ဈေးနှုန်းက ကုန်ကြမ်း၊ ကုန်ချောဈေးနှုန်းအားလုံးဟာ နိုင်ငံခြားက ရေနံဈေးအပေါ် မူတည်တာပေ့ါ။ နောက်ပြီးတော့ ငွေလဲနှုန်းအပေါ် မူတည်တာပေ့ါ။ အဲအပေါ် မူတည်ပြီးတော့ ဈေးနှုန်းက အပြောင်းအလဲတော့ ရှိပါတယ်။ ပြောင်းလဲတဲ့ဈေးနှုန်းကို ပြောရမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ပလတ်စတစ်ဈေးနှုန်းက တော်တော် မျှခြေရှိတယ်လို့ပဲ ပြောရပါမယ်။ ပုံမှန်အားဖြင့်ပြောရရင် ကုန်ချောမှာလည်း အရမ်းဈေးမဟာဘူး။ ပြည်ပဈေးနှုန်းထက်တောင် သက်သာတဲ့အနေအထားမှာ ရှိပါတယ်။ ဈေးနှုန်းအခြေအနေနဲ့ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်တာကတော့ သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာကို နိုင်ငံတကာမှာ ပလတ်စတစ်ပေါက်ဈေး ဘယ်လောက်ရှိတယ်။ လိုင်စင်ချတဲ့ အချိန်၊ အခွန်ကောက်တဲ့အချိန်မှာ သင့်တင့်မျှတတဲ့ဈေးနဲ့ကောက်နိုင်ဖို့တော့ အသေးစိတ် အချက်အလက်ကိုတော့ ပုံမှန်သုံးလတစ်ကြိမ်တော့ အကောက်ခွန်ကို ပေးနေပါတယ်။ အဲဒါကြောင့် ဈေးနှုန်းလည်း သက်သာတာဖြစ်နေပါတယ်။

**ပြည်ပနိုင်ငံတွေကနေ ပလတ်စတစ် ကုန်ကြမ်းတင်သွင်းမှု အခြေအနေလည်း သိပါရစေ။**

ပလတ်စတစ်က ရေလမ်းကသော်လည်းကောင်း၊ ကုန်းလမ်းကသော် လည်းကောင်း သွင်းနေပါတယ်။ နယ်စပ်ကို အားထားပြီးတော့ သွင်းနေရတာရှိပါတယ်။ အခက်အခဲတော့ နည်း နည်းပါးပါးတော့ရှိပါတယ်။ ကုန်ကြမ်းပြတ်လပ်တဲ့ ပုံစံမျိုးအဆင့်ထိတော့ မမြင်ရသေးဘူးပေ့ါ။ အဲလိုအခြေအနေမျိုးရှိပါတယ်။ ပလတ်စတစ်က အဓိကတော့ ရေနံထုတ်လုပ်တဲ့ အရှေ့အလယ်ပိုင်းကတော့ တော်တော်များတယ်။ဈေးပိုသက်သာတယ်။ ထို့နည်းတူစွာပဲ အမေရိကန်တို့၊ ရုရှားတို့လည်း ထုတ်တယ်။ အိမ်နီးချင်းနိုင်ငံကျတော့ ဗီယက်နမ်လည်း ထုတ်ပါတယ်။ ထိုင်း၊ စင်ကာပူလည်း ထုတ်ပါတယ်။

**မြန်မာနိုင်ငံ ပလတ်စတစ် လုပ်ငန်းရှင်များအသင်းအကြောင်းလည်း သိပါရစေ။**

၁၉၉၅ ခုနှစ်မှစတင်ခဲ့တာ နှစ်ပေါင်း ၂၈ တိုင်တိုင်ရှိခဲ့ပါပြီ၊ အသင်းသားအနေနဲ့ ၃၂၀ ဦးရှိပြီဖြစ်သလို အသင်းသားဦးရေလည်း တိုးပွားနေပါပြီ၊ အသင်းအနေနဲ့တော့ ပလတ်စတစ်လုပ်ငန်း အသင်းသားတွေရဲ့ အကျိုးစီးပွား၊ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွား၊ ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ အကျိုးစီးပွားတွေ အကုန်လုံးကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ အခြားအသင်းအဖွဲ့တွေပေ့ါနော်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့ တွဲဖက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ နောက်ပြီး အသင်းကြီးကို စတင်တည်ထောင်စဉ်ကတည်းက ပလတ်စတစ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းဈေးကွက် တိုးချဲ့နိုင်ရေး ပလတ်စတစ်လုပ်ငန်းအပြင် အခြားသော ဆက်နွယ်တဲ့လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများကို ထဲထဲဝင်ဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ဒ့ါအပြင် အသင်းဝင်များ၏ လိုအပ်ချက်ဖြစ်သော နယ်စပ်မှ ကုန်ကြမ်းတင်သွင်းခွင့်ရရှိရေးအတွက် ထောက်ခံချက်များ ပြုလုပ်ပေးခြင်း၊ ကုန်ကြမ်းအခက်အခဲများ အခြားသော အခက်အခဲများအတွက် အသင်းချုပ်ကြီးနှင့် တကွ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်တွင်းဆက်သွယ်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

**တိုပ္ပ**

ဈေးကွက်ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြပွဲများ ကျင်းပပေးခြင်း၊ ပြည်ပပြပွဲများကို သွားရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ပြည်တွင်းမှာ ပလတ်စတစ်ကို စနစ်တကျ သုံးစွဲရေးနဲ့ပတ်သက်ပြီး ဘာများပြောလိုပါသလဲ။**

ပလတ်စတစ်နဲ့ပတ်သက်ပြီး ဖြစ်နိုင်ရင် တွေ့ဆုံဆွေးနွေးပွဲတွေ လုပ်ဖို့၊ စီမံချက်တွေ၊ ဥပဒေတွေ သတ်မှတ်ချက်တွေကို အသင်းအဖွဲ့တွေ၊ စားသုံးသူတွေအနေနဲ့ရော ပညာရှင်တွေအနေနဲ့ရော အားလုံး ညှိညှိနှိုင်းနှိုင်းနဲ့ အစီအစဉ်တွေချမှတ်ပြီးတော့ လုပ်မယ်ဆိုရင် နိုင်ငံအတွက်သော်လည်းကောင်း၊ လုပ်ငန်းရှင်အတွက်သော်လည်းကောင်း၊ ပြည်သူတွေအတွက်သော် လည်းကောင်း အားလုံးအတွက် အကျိုးရှိမယ်လို့ မြင်မိပါတယ်။ အခက်အခဲတော့ အနည်းအများတော့ ရှိပါတယ်။ ဝိုင်းဝန်းပြီးတော့ ဖြေရှင်းလျက် ရှိပါတယ်။ အကောင်းဆုံး မဟုတ်ပေမယ့် အတိုင်းအတာတစ်ခုထိတော့ ရောက်ရှိအောင် လုပ်ဆောင်ပေးလျက်ရှိပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

အဓိကတော့ ပလတ်စတစ်က သုံးတတ်ရင် မိတ်ဆွေ၊ မသုံးတတ်ရင် ရန်သူဖြစ်တဲ့အတွက် စနစ်တကျ စွန့်ပစ်တတ်ဖို့ပဲ လိုအပ်တာပါ။အဲလိုဖြစ်အောင်လည်း ပြည်သူ ပြည်သားအားလုံးမှာ တာဝန်ရှိသလို နိုင်ငံတော်အစိုးရကလည်း စနစ်တကျဖြစ်မြောက်အောင် ဥပဒေနဲ့ပြဋ္ဌာန်းမယ်ဆိုရင် ပိုပြီးအကျိုးရှိလာမှာဖြစ်ပါတယ်။ပလတ်စတစ်က အပူချိန် ၂၀၀ ကျော်၊ ၁၀၀ ကျော်နဲ့ ထုတ်ထားလည်း ပိုးကသေပြီးသား။ စနစ်တကျ သုံးစွဲဖို့ စွန့်ပစ်ဖို့ပဲ ဖြစ်စေချင်တာပေ့ါ။အခြားနိုင်ငံတွေမှာဆိုရင် ပလတ်စတစ်ကို လျှော့ဖို့ မပြောဘူး။ စနစ်တကျ သုံးဖို့ပဲပြောတယ်။အမေရိကန်မှာတောင် ပလတ်စတစ်က သုံးနေတုန်းပဲ။ ကင်းကွာလို့မရဘူး။ တိုးတက်တဲ့နိုင်ငံတောင် ကင်းကွာလို့မရတာ ဖွံ့ဖြိုးဆဲနိုင်ငံမှာဆိုရင်တော့ စနစ်တကျ သုံးဖို့လိုတယ်။ ဒ့ါအတွက် စနစ်တကျသုံးစွဲပြီးတော့ စနစ်တကျစွန့်ပစ်ဖို့ပဲ ဖြစ်စေချင်ပါတယ်။ ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိအောင်သုံးဖို့ လိုအပ်သလို စနစ်တကျသုံးဖို့အတွက် သက်ဆိုင်ရာ အစိုးရရယ်၊ အသင်းအဖွဲ့ရယ်၊ ပညာရှင်ရယ်၊ စားသုံးသူရယ် ညှိနှိုင်းပြီးတော့ ကောင်းမွန်တဲ့ အစီအမံတွေ ချမှတ်ပြီးတော့ လုပ်ဆောင်သွားစေချင်ပါတယ်။

> **ပလတ်စတစ်နဲ့ပတ်သက်ပြီး ဖြစ်နိုင်ရင် တွေ့ဆုံဆွေးနွေးပွဲတွေလုပ်ဖို့၊ စီမံချက်တွေ၊ ဥပဒေတွေ သတ်မှတ်ချက်တွေကို အသင်းအဖွဲ့တွေ၊ စားသုံးသူတွေအနေနဲ့ရော ပညာရှင်တွေအနေနဲ့ရော အားလုံး ညှိညှိနှိုင်းနှိုင်းနဲ့ အစီအစဉ်တွေချမှတ်ပြီးတော့ လုပ်မယ်ဆိုရင် နိုင်ငံအတွက်သော် လည်းကောင်း၊ လုပ်ငန်းရှင်အတွက်သော် လည်းကောင်း၊ ပြည်သူတွေအတွက်သော် လည်းကောင်း အားလုံးအတွက် အကျိုးရှိမယ်လို့ မြင်မိပါတယ်။**

# မြန်မာ့ရိုးရာဆေးသနပ်ခါးဟု တင်စားခေါ်ယူ စန္ဒကူးနံ့သာဖြူ

စန္ဒာစိုးလွင် (မကွေး)

နံ့သာငါးပါးထဲတွင် ပါဝင်သော စန္ဒကူး(ခေါ်)နံ့သာဖြူသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းပင် အာရှဒေသများတွင် အလေးအနက်ထား သုံးစွဲခဲ့ကြသည့် အပင်တစ်မျိုးဖြစ်သည်။ ၎င်းအပင်သည် ဆေးဖက်ဝင်သကဲ့သို့ အမွှေးနံ့သာအဖြစ်လည်း အသုံးပြုလျက်ရှိကြပြီး အချို့သော ဘာသာရေး အခမ်းအနားများတွင်လည်း အမွှေးနံ့သာအဖြစ် အသုံးပြုကြသည်။ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် တည်ရှိသော သမိုင်းဝင် ကျောင်းတော်ရာဘုရားကြီး၌ စန္ဒကူးပင် စုစုပေါင်း ၂၅၀၀ ခန့် စိုက်ပျိုးထားရှိပြီး အမှတ်စဉ်များ တပ်ကာ စိုက်ပျိုးထားလျက်ရှိရာ နံပါတ် စဉ်(၉)သည် အခြားအပင်များထက် လွန်စွာ မွှေးပျံ့ကြိုင်လှိုင်လျက်ရှိသည်ကိုလည်း တွေ့ရှိရသည်။ ဘုရားဝင်းတစ်ဝင်းလုံးတွင်လည်း နံ့သာဖြူရနံ့များ သင်းပျံ့မွှေးကြိုင်လျက် ဘုရားဖူးလာသူ မိဘပြည်သူများရင်ဝယ် စိတ်အေးချမ်းသာယာမှုကို ရရှိစေသည်။

စန္ဒကူး(ခေါ်)နံ့သာဖြူပင်များသည် အမြဲစိမ်းလန်းသည့် အလယ်အလတ် သစ်ပင်မျိုးဖြစ်ပြီး အခြားအပင်များ၏အစာများကို မြေအောက်အမြစ်များမှတစ်ဆင့် စုပ်ယူစားသုံးကြသည့် ကပ်ပါးပင်အမျိုးအစားလည်းဖြစ်သည်။ နံ့သာဖြူပင်၏ အဆီအနှစ်ကို ရေမွှေးထုတ်လုပ်ရာတွင် အဓိက ပါဝင်ပစ္စည်းအဖြစ် အသုံးပြုကြပြီး အဆီအနှစ်ပါသည့် နံ့သာဖြူသားတစ်ပိဿာကို ကျပ်နှစ်သိန်းမှ သုံးသိန်းအထိတန်းဖိုးရှိကြောင်းလည်း လေ့လာသိရှိရသည်။

နံ့သာဖြူပင်သည် နေရောင်ကောင်းစွာရရှိ၍ ပူအိုက်စိုစွတ်သည့် ရာသီဥတုမျိုးကို နှစ်သက်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ မှ ပေ ၃၀၀၀ ကျော်အမြင့်အထိ စိုက်ပျိုးဖြစ်ထွန်းနိုင်ကာ မိုးရေချိန် လက်မ ၃၀ မှ ၇၀ အတွင်း ကောင်းစွာ ဖြစ်ထွန်းအောင်မြင်နိုင်သော သက်တမ်းရင့် အပင်တစ်မျိုးဖြစ်သည်။ နံ့သာဖြူပင်သည် နုန်းဆန်သော ရေစိမ့်ဝင်မှုအားကောင်းသည့် မြေများတွင် စိုက်ပျိုးပါက ဖြစ်ထွန်းအောင်မြင်နိုင်သော်လည်း နံ့သာဖြူ၏ အရည်အသွေးမှာမူ အဆီအနှစ်ပါဝင်မှု နည်းပါးပြီး ရနံ့မွှေးပျံ့မှု နည်းပါးကြောင်းနှင့် မြေနီ၊ ခဲမြေ၊ ကျောက်စရစ်ဆန်သော မြေများတွင် စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်း အောင်မြင်နိုင်ကြောင်း သိရှိရသည်။

နံ့သာဖြူပင်သည် စိုက်ပျိုးသည့်မြေတွင် တိုက်ရိုက်အစေ့ချပြီး စိုက်ပျိုးရသော်လည်း ပျိုးထောင်ပြီးမှ စိုက်ပျိုးပါက ပိုမိုကောင်းမွန်ကြောင်း၊ ပျိုးအိတ်တစ်အိတ်ကို မျိုးစေ့ နှစ်စေ့နှုန်းဖြင့် ပျိုးထောင်နိုင်ပြီး ပျိုးအိတ်များကို နေ့စဉ်ရေလောင်းပေးရကြောင်း၊ ရေမများ နိုင်စေရန်လည်း ဂရုစိုက်ပေးရန်လိုကြောင်း၊ တစ်လ၊ တစ်လ ခွဲခန့်တွင် အပင်ပေါက်ပြီး အပင်ပေါက်များမှာ တစ်ပေခွဲ၊ နှစ်ပေခွဲအရွယ်ရှိလျှင် ပြောင်းရွှေ့စိုက်ပျိုးနိုင်ကြောင်းလည်း သိရှိရသည်။ အပင်ပေါက်များကို ပြောင်းရွှေ့စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးမည့်မြေကို တစ်ပေပတ်လည် ကျင်းတူးရကြောင်း၊ ထို့နောက် မြေတစ်ဆ၊ နွားချေးမြေဆွေးတစ်ဆ၊ သဲတစ်ဆရော၍ စိုက်ပျိုးမည့်မြေကျင်းအား ရေလောင်းကာ နှစ်ရက်၊ သုံးရက်ကြာ နှပ်ထားပြီးမှ ပျိုးပင်များကို စိုက်ပျိုးရကြောင်းလည်း သိရှိရသည်။

နံ့သာဖြူပင်များကို တစ်ပင်နှင့်တစ်ပင် ခြောက်ပေ ပတ်လည်အကွာ(သို့မဟုတ်) ပင်ကြား တန်းကြား ၆ပေ-၄ပေ ထားပြီး စိုက်ပျိုးနိုင်ကာ မိုးဦးကျချိန် ဇွန်လမှ အောက်တိုဘာလအတွင်း စိုက်ပျိုးလျှင်လည်း ပိုမိုသင့်လျော်ကြောင်း သိရှိရသည်။ နံ့သာဖြူပင်များသည် အခြားအပင်များ၏ အမြစ်များကို မှီတွယ်ပြီး ဖြစ်ထွန်းကြသည့်အတွက် နံ့သာဖြူပင်အနေဖြင့် အမှီအခိုဖြစ်မည့် အပင်များဖြစ်သော ရှား၊ ထနောင်း၊ မဲဇလီ၊ ကုက္ကို၊ ဘောဇကိုင်း၊ ပြည်ပန်းညို၊ ဝါးမျိုးနွယ်ပင်များ စသည့်အပင်များကို နံ့သာဖြူပင်စိုက်ပြီးပါက ကြားညှပ်စိုက်ပျိုးပေးရကြောင်းကိုလည်း သိရှိရသည်။

နံ့သာဖြူပင်များကို စိုက်ပျိုးသည့်ပထမနှစ်တွင် အထူးဂရုစိုက်ပေးရန်လိုအပ်သည်။ အကြောင်းမှာ ပထမနှစ် အပင်ငယ်အရွယ်တွင် ရောဂါကျရောက်မှုဒဏ်ကို ခံနိုင်ရည်မရှိဘဲ ရောဂါကျရောက်လျှင် အရွက်များကြွေပြီး အပင် သေနိုင်သည့်အဆင့်အထိ ရောက်ရှိနိုင်သည်။ ထို့ကြောင့် မိုးရာသီတွင် တစ်လတစ်ကြိမ် မှိုသတ် ဆေးတစ်မျိုးမျိုးအား ပတ်ဖျန်းပေးရပြီး ဆောင်းရာသီ၌ မှိုသတ်ဆေးကို သုံးပတ်တစ်ကြိမ် ပတ်ဖျန်းပေးရန် လိုအပ်ကြောင်း သိရှိရသည်။

အပင်သည် အမြဲစိမ်းလန်းသော အပင်မျိုးဖြစ်သည်။ ပင်လတ်မျိုးဖြစ်၍ အမြင့်ပေ ၃၀ မှ ၄၀ အထိမြင့်သည်။ အခေါက်မှာ အညိုရင့်ရောင် သို့မဟုတ် နီညိုရောင်ရှိသည်။ အတွင်းသားမှာ မာ၍ ချောမွတ်သည်။ အညိုရောင်သန်းသည်။ နံ့သာဖြူ၏ အကာသားမှာဖြူသည်။ အပင်ငယ်စဉ်တွင် အပွေးများ ချောမွတ်သော်လည်း အပင်ကြီးလျှင် ကြမ်းတမ်း၍ အမြောင်းလိုက် အက်ရာများ ထင်ရှားစွာ ပေါ်လာသည်။ အကိုင်းအခက်များမှာ အပင်လုံးကြီးသော်လည်း သေးသွယ်၍ တွဲကျသော အကိုင်းအခက်များ ရှိသည်။ နံ့သာဖြူပင် တစ်ဧကလျှင် အပင် ၂၅၀ စိုက်ပျိုးနိုင်ပြီး ခြောက်ပေကြားစိုက်ပျိုးရကြောင်းနှင့် အတန်းလိုက်စိုက်ပျိုးလျှင် တစ်ပင်နှင့်တစ်ပင်အကြား ငါးပေမှ ၁၀ ပေအထိခြား၍ စိုက်ပျိုးကြသည်ကို လေ့လာသိရှိရသည်။ အရွက်သည် ရုက္ခဗေဒသဘောအားဖြင့် ရွက်ဆိုင်ထွက်သော အပင်မျိုးဖြစ်သည်။ တစ်ခါတစ်ရံ ရွက်လွှဲလည်းထွက်သည်။ အရွက်မှာ ၃ လက်မအထိ ရှည်သည်။ စိမ်းဝါရောင်ဖျော့ဖျော့ အရောင်အဆင်းရှိပြီး အရွက်ရင့်လျှင် အစိမ်းရောင်ရှိသည်။ အရွက် အပေါ်မျက်နှာပြင်မှာ ပြောင်ချော၍ အောက်မျက်နှာပြင်ထက် အရောင်ပိုရင့်သည်။ တစ်နှစ်လျှင် နှစ်ကြိမ် ရွက်နုများ ထွက်လေ့ရှိသည်။ အပွင့်သည် ပွင့်ခါစတွင် မြက်ခြောက်ရောင်ကဲ့သို့ ညိုဝါရောင်ရှိသည်။ ရင့်လာသောအခါ ခရမ်းရောင်သန်းသော အညိုရောင်ဖြစ်လာသည်။ နံ့သာဖြူအနှစ်သည် မွှေးသော်လည်း အပွင့်တွင် အနံ့မရှိချေ။ အပင်သက်ရင့်လာပြီး သုံးလေးနှစ်မှသာ အပွင့်ပွင့်သည်။ တစ်နှစ်လုံးပွင့်သည်။ အသီးသည် လုံးဝန်းသည်။ အသီးအရွယ်အစားမှာ ပုဏ္ဏရိတ်သီးနှင့် ဆင်တူပြီး အနည်း ငယ်ပိုကြီးသည်။ ရင့်မှည့်သောအခါ ညိုနက်သော အရောင်ဖြစ်လာသည်။ အရည်ရွှမ်းသည်။ အစေ့သည် သေးသွယ်၍ မာသည်။ ငရုတ်ကောင်းစေ့ထက် အနည်းငယ်ပိုကြီးသည်။

နံ့သာဖြူပင်များကို ရှစ်နှစ်သားမှစပြီး ခုတ်ယူနိုင်သော်လည်း နှစ်ကြာလေတန်ဖိုးမြင့်လေ ဖြစ်သည့်အတွက် ၁၀နှစ်၊ ၁၅နှစ် ထားပြီးမှခုတ်လျှင် အနှစ်သားပိုရကြောင်း သိရှိရသည်။ အပူကြီးခြင်း၊ ကိုယ်သားကိုယ်ရေပူခြင်း၊ အပူလွန်သော ရောဂါများတွင် နံ့သာဖြူကိုသွေးပြီး ပရုတ်ရည်နှင့်ရော၍ ဦးခေါင်းတွင်လိမ်းပေးပါက အပူခိုးများ ထွက်သွားလိမ့်မည်ဟု အာယုဗေဒဆေးကျမ်းများအရ သိရသည်။ ထို့ပြင် ခန္ဓာကိုယ်ယားယံခြင်း၊ သွေးယားခြင်းတို့ဖြစ်လျှင် နံ့သာဖြူအဆီနှင့် သံပရာရည်ရောစပ် လိမ်းပေးခြင်း သို့မဟုတ် နံ့သာဖြူတုံးကို သံပရာရည်နှင့် ရောသွေးပြီး လိမ်းပေးခြင်းများ ပြုလုပ်ပါက သက်သာပျောက်ကင်းစေနိုင်သည်။ ဆီးကျင်/အောင့်ရောဂါများဖြစ်လျှင်လည်း နံ့သာဖြူကိုသွေး၍ ဆန်ဆေး ရည်နှင့်ရောပြီးတိုက်ပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။ ဝမ်းပျက်ဝမ်းလျှောဝေဒနာ ခံစားရပါကလည်း ဆန်ဆေးရည်နှင့် နံ့သာဖြူရောသွေး၍ ပျားရည် သို့မဟုတ် သကြားနှင့် သင့်လျော်အောင်ရောစပ်ပြီး တိုက်ပေးပါက အပူဝမ်းသွားရောဂါများ ပျောက်ကင်းစေနိုင်သေးပြန်သည်။ ဦးခေါင်းတွင် ဒက်ပေါက်ခြင်း၊ အပူကန်အနာစက်ပေါက်ခြင်းများဖြစ်ပါက နံ့သာဖြူအား သွေး၍ လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။ လေပူ အထက်ဆန်ခြင်း၊ လေအကျဉ်းကျခြင်း၊ ကြို့ထိုးခြင်းများ ဖြစ်လျှင်လည်း ဆန်ဆေးရည်နှင့်နံ့သာဖြူသွေးကာ သကြားခဲနှင့် ရောသောက်ပေးပါက ပျောက်ကင်းစေနိုင်သည်။

နံ့သာဖြူပင်ကို စမ်းသပ်စိုက်ခင်းများအဖြစ် မင်းဘူး၊ ပုပ္ပား၊ ပြင်ဦးလွင်နှင့် မြေလတ်ပိုင်းဒေသများ၌ စနစ်တကျ စိုက်ပျိုး ထားရှိသည်ကို တွေ့ရှိရသည်။ မန္တလေးတိုင်းတွင် စိုက်ပျိုးမှု များကြောင်း၊ ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင်လည်း စမ်းသပ် စိုက်ပျိုးလျက်ရှိရာ အောင်မြင်မှုများရှိနေကြောင်းလည်း သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် စန္ဒကူးပင်များကို သစ်တောဦးစီးဌာနက နိုင်ငံပိုင်ရတနာပစ္စည်းတစ်ခုအဖြစ် စနစ်တကျ ကာကွယ်ထားရှိပြီး ခုတ်ယူခွင့်တားမြစ်ထားကြောင်း၊ မျိုးတုန်း ပျောက်ကွယ်မသွားအောင်ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

ရှစ်နှစ်သား၊ ၁၀ နှစ်သားရှိသော နံ့သာဖြူပင်တစ်ပင်မှ ၁၀ ပိဿာ၊ ၁၅ ပိဿာခန့်ထွက်ရှိပြီး နံ့သာဖြူ တစ်ပိဿာ၏ ကာလတန်ဖိုးမှာ သုံးသိန်းခန့်ရှိကြောင်း သိရှိရသည်။ အပင်နှစ်သက်တမ်းကြာလေလေ နံ့သာဖြူအနှစ်သားများလာပြီး တန်ဖိုးမြင့်မားလာလေဖြစ်သည်။ မျိုးစေ့အနေဖြင့် ကာလအချိန်အလိုက် နံ့သာဖြူအစေ့တစ်ပြည်လျှင် ကျပ် ၁၀၀၀၀ မှ ၅၀၀၀၀ နှုန်းအထိရှိပြီး ပျိုးပင်အနိမ့်အမြင့်ပေါ်မူတည်၍ ပျိုးပင်တစ်ပင်လျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ နှုန်းအထိ ဈေးနှုန်းရှိကြောင်း၊ မြန်မာနိုင်ငံတွင်မူ နံ့သာဖြူကို ပရဆေးဆိုင်များ၌ အများဆုံးရောင်းချလေ့ရှိကြပြီး၊ မကွေးတိုင်းဒေသကြီး တွင်မူ မြသလွန်၊ ရွှေစက်တော်ဘုရားပွဲများ၌ နံ့သာဖြူ ကရမက်အစရှိသည့် အမွှေးတုံးများကို ဈေးဆိုင်များ ခင်းကျင်း၍ ရောင်းချလေ့ရှိသည်။ အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများဖြစ်သည့် အာရပ်နိုင်ငံများတွင် နံ့သာဖြူအဆီအနှစ်ကို အခြေခံထားရှိကာ တန်ဖိုးမြင့် ထုတ်ကုန်တစ်ခုဖြစ်သော ရေမွှေးအဖြစ်ပြောင်းလဲ၍ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ဩစတြေးလျနိုင်ငံတွင်လည်း နိုင်ငံခြားဝင်ငွေရရှိသည့် နှစ်ရှည်သီးနှံပင်အဖြစ် စိုက်ပျိုးလျက်ရှိကြောင်း လေ့လာသိရှိရသည်။ ဩစတြေးလျနိုင်ငံတွင် နံ့သာဖြူတစ်တန်လျှင် ဒေါ်လာ ၁၅၀၀၀ ဈေးပေါက်ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အလှကုန်ထုတ်လုပ်ရာတွင် အခြေခံအသုံးပြုကြပြီး မြန်မာနိုင်ငံတွင် အိမ်တွင်းမှု စီးပွားဖြစ် နံ့သာဖြူအနံ့ဆပ်ပြာခဲ၊ နံ့သာဖြူခဲ၊ နံ့သာဖြူအမွှေးတိုင်၊ နံ့သာဖြူနံ့ဖြင့် ထုတ်လုပ်သော အလှကုန်များ၊ အနံ့များထည့်သွင်း၍သော်လည်းကောင်း စီးပွားဖြစ်ထုတ်လုပ်ရောင်းချလာသည်ကိုလည်း တွေ့ရှိရသည်။ နံ့သာဖြူပင်သည် ရှစ်နှစ်သားကထဲက တစ်ပင်ကိုသုံးသိန်းခန့် ရရှိသည်။ နံ့သာဖြူပင်ကို စီးပွားဖြစ်သော်လည်းကောင်း၊ မိမိခြံစည်းရိုးတွင်သော် လည်းကောင်း စိုက်ပျိုးနိုင်သည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် စန္ဒကူးစိုက်ပျိုးမှုဧကများလာပြီး ခုတ်ယူရောင်းချချိန် ဈေးနှုန်းကောင်းရရှိရေးနှင့် နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်နေကြကြောင်း စန္ဒကူးစိုက်ပျိုးထားသည့် တောင်သူတစ်ဦးထံမှ သိရသည်။ ရေစကြိုမြို့နယ်တွင် စန္ဒကူးစိုက်ပျိုးခြင်းအား ရာသီမရွေး စိုက်ပျိုးလာကြပြီး မြေအောက်ရေတူးဖော်ကာ စန္ဒကူးပင် အခြေရေပိုက်အစက်ချစနစ်ဖြင့် ရေပေးကာ ရာသီမရွေးစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ စတင်စိုက်ပျိုးရန် နှစ်နှစ်သား စန္ဒကူးပျိုးပင်များကို ဝယ်ယူစိုက်ပျိုးခြင်း၊ ကိုယ်တိုင်ပျိုးထောင်စိုက်ပျိုးခြင်းများဖြင့် စိုက်ပျိုးလာခဲ့ရာ ကိုးပေပတ်လည် ပန္နက်ရိုက်စိုက်ပျိုးကြကြောင်း၊ စန္ဒကူးပင်ပေါက်များ နေဒဏ်၊ လေဒဏ်ခံနိုင်စေရန် ကပ်ပါးပင်အဖြစ် ပဲစင်းငုံပင်များဖြင့် စိုက်ပျိုးခြင်း၊ မဲဇလီပင်များကို ကပ်ပါးပင်အဖြစ်စိုက်ပြီး စန္ဒကူးပင်အား အထောက်အကူဖြစ်စေကြောင်း သိရသည်။

စန္ဒကူးပင်ပေါက် နှစ်နှစ်သားခန့် တစ်ပင်လျှင် ကျပ် ၁၅၀၀ ပေးဝယ်ရပြီး လေးနှစ်သား စန္ဒကူးပျိုးပင်ပေါက် တစ်ပင်လျှင်ကျပ် ၄၅၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးကြကြောင်းသိရသည်။ စန္ဒကူးပျိုးပင်ပေါက်များအား ကျောက် ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာ၊ ညောင်ကန်ကျေးရွာနှင့် မြိုင်မြို့နယ်တို့တွင် ဝယ်ယူရရှိပြီး စိုက်ပျိုးကြကြောင်း သိရသည်။ စန္ဒကူးပင်များ ရောင်းတန်းဝင်ချိန် ခုနစ်နှစ်ခန့်မှ ၁၀ နှစ်ခန့်ရှိလျှင် အပင်ရှိအပွေးကိုကြည့်ပြီး အနှစ်ထည့်၊ မထည့် သိရှိရကြောင်း၊ စန္ဒကူးဈေးကွက်သည် ပြင်သစ်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့မှ အများဆုံး ဝယ်ယူကြပြီး အနှစ်ပါသည့်ပင်စည် တစ်ပိဿာလျှင် ကျပ် တစ်သိန်းခွဲမှ နှစ်သိန်းခွဲထိ ဈေးရှိကြောင်း၊ စန္ဒကူးစိုက်ပျိုးခြင်းသည် ဈေးကွက်ခိုင်မာသည့် စိုက်ပျိုးရေးဖြစ်ကာ မြန်မာပြည်အရပ်ရပ်တွင် စန္ဒကူးစိုက်ပျိုးမှုများလာကြောင်း သိရကာ စန္ဒကူးပင်များ ရောင်းတန်းဝင်ချိန် စန္ဒကူးပွဲစာများ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်းနှင့် စန္ဒကူးစိုက်ပျိုးမှုဧက များလာကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုလျှင် စန္ဒကူး(ခေါ်)နံ့သာဖြူပင်များကို နှစ်ရှည်သီးနှံပင်အဖြစ် စိုက်ပျိုးပါက အကျိုးဖြစ်ထွန်းနိုင်သည့်အပြင် နိုင်ငံခြား ဝင်ငွေရရှိနိုင်သဖြင့် စီးပွားဖြစ်စိုက်ပျိုးသင့်ကြောင်း အကြံပြုလိုသည်။ ထို့ပြင် အိမ်းတွင်းမှု အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းအဖြစ်လည်း အမွှေးတိုင်များ၊ အလှကုန်များ ထုတ်လုပ်ရောင်းချနိုင်သဖြင့် မိမိတို့အတွက် အရှုံးမရှိသော၊ အိမ်တွင်းစီးပွားဖြစ် အားထားနိုင်သည့်အတွက် ရေရှည်အကျိုးဖြစ်ထွန်းသော နှစ်ရှည်သီးနှံပင်တစ်မျိုးဖြစ်ကြောင်းလည်း အကြံပြု ရေးသားအပ်ပါသည်။

# ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေး စားသုံးဆီများ ဖြန့်ဖြူးပေး



စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ သက်သာသော နှုန်းထားများဖြင့် စားအုန်းဆီများ ဝယ်ယူရရှိစေရေး ရည်ရွယ်လျက် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအား ၁၆. ၁၂. ၂၀၂၁ ရက်တွင် အဖွဲ့ဝင် ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့အနေဖြင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီသည့် စားသုံးဆီများ တင်သွင်းရန် ကြီးကြပ်ခြင်း၊ စားသုံးဆီသင်္ဘော(In bulk) ဖြင့် တင်သွင်းခြင်းအပြင် ကွန်တိန်နာဖြင့် တင်သွင်းခြင်းတို့အား စိစစ်ကြီးကြပ်ခြင်း၊ ပြည်ပမှ တင်သွင်းလာသည့် ဆီသင်္ဘောများ ဆိပ်ကမ်းတွင် မကြန့်ကြာစေရေး ကြီးကြပ်ခြင်း၊ ဆီထည့်သွင်းမည့် သိုလှောင်ကန်များ သန့်ရှင်းစိတ်ချရမှု ရှိ/မရှိ ကြိုတင်စိစစ်ခြင်း၊ လက်ခံချယူခြင်း မပြုလုပ်မီ ဆီသင်္ဘောမှ နမူနာရယူခြင်း၊ ပေးပို့ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရေး ကြပ်မတ်ပေးခြင်း၊ ဆီသိုလှောင်ကန်သို့ ထည့်သွင်းနေစဉ် တစ်နာရီတစ်ကြိမ် နမူနာရယူခြင်းနှင့် မျက်မြင်စစ်ဆေးခြင်း၊ ဆီအရည်အသွေးပိုင်းနှင့် ထူးခြားမှုရှိပါက သတင်းပို့တင်ပြခြင်း၊ FDA ထောက်ခံချက်ရရှိပြီးမှသာ ဆီသိုလှောင်ကန်မှ ဈေးကွက်သို့ ဖြန့်ဖြူးထုတ်ပေးမှုအား ကြပ်မတ်ဆောင်ရွက်ခြင်း၊ သိုလှောင်ကန်မှ ထုတ်ယူဖြန့်ဖြူးနေချိန်အတွင်း အရည်အသွေးပိုင်းကို အခါအားလျော်စွာ စိစစ်ပေးခြင်း၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော စားသုံးဆီများ FDA မှ အသိအမှတ်ပြုသော စားသုံးဆီဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ ပြည်ပမှ စားသုံးဆီသင်္ဘောဝင်ရောက်မှုကို တင်သွင်းကုမ္ပဏီ၊ နိုင်ငံ၊ တန်ချိန်၊ လိုင်စင်ရက်စွဲ ဖော်ပြ၍ လစဉ်တင်ပြခြင်း၊ စားသုံးဆီ သိုလှောင်ကန်တွင် သိုလှောင်ထားသော ဆီပမာဏကို အပတ်စဉ်တင်ပြ၍ လိုအပ်ပါက စစ်ဆေးခြင်းနှင့် ဈေးကွက်အတွင်း ရောင်းဝယ်မှုလုပ်ငန်းစဉ်တွင် မသမာသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုများရှိလာပါက အရေးယူဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းတာဝန်များကို တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ၂၈. ၁. ၂၀၂၂ ရက်တွင် "ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသုံးဆီဖြန့်ဖြူးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့အား ထပ်မံ ဖွဲ့စည်းခဲ့ရာ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးမှ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး လုပ်ငန်းတာဝန်(၆)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေလွှဲနှုန်းဖြင့် နိုင်ငံခြားငွေရရှိ၍ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီမှ Quota အလိုက် တင်သွင်းလာမှုများကို မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စီမံခန့်ခွဲမှုဖြင့် စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသုံးဆီဖြန့်ဖြူးမှု လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးလုပ်ငန်းအဖွဲ့ကြီးကြပ်မှုဖြင့် ဆီကန်များမှ ဆီထုတ်ယူရာတွင် Food Grade အဆင့်ရှိအဝါရောင်ပေပါများ အသုံးပြု၍ ဆီထုတ်ယူခြင်းများကို နေ့စဉ်ကြပ်မတ်ဆောင်ရွက်ခြင်း၊ စားသုံးဆီ သိုလှောင်ကန်မှ ဆီများ ထုတ်ယူရာတွင် တစ်ရက်လျှင် တန် ၁၄၀၀ ထက် မပိုသော ပမာဏဖြင့် ထုတ်ယူခွင့်ပြုထားခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်များသို့ ရောင်းချနိုင်ရေးအား ၁၇. ၂. ၂၀၂၂ ရက်မှ ၅. ၄. ၂၀၂၂ ရက်ထိ ကုမ္ပဏီ ၁၈ ခုမှ မြို့နယ် ၂၉ ခုသို့ အရောင်းဈေးကား ၇၁ စီးဖြင့် ဖြန့်ဖြူးရောင်းချပေးစေခြင်း၊ အခြားတိုင်းဒေသကြီး ပြည်နယ်များအတွင်း နေ့စဉ်ဈေးကားဖြင့် ရောင်းချနိုင်ရေးအတွက် ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများသို့ စားသုံးဆီဖြန့်ဖြူးရန် စားသုံးဆီများ ထုတ်ယူရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် စနစ်တကျရှိစေရေးတို့အတွက် ကုမ္ပဏီပိုင်စက်ရုံများ၊သိုလှောင်ရုံများသို့ ဆီသယ်ယူရာတွင် Food Grade ဆီသယ်ယာဉ်များဖြင့်သာ သယ်ယူစေရေး စီမံဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ဖြန့်ဖြူးရာတွင်လည်း New Drum, Clean Drum, Yellow Drum များကို အသုံးပြုစေရေး ကြပ်မတ်ပေးခြင်း၊ Drum နှင့် ထုတ်ပိုးပစ္စည်းများတွင်လည်း သက်ဆိုင်ရာ ကုမ္ပဏီ၏ Logo ပါဝင်သည့် Cap Seal အသုံးပြုစေခြင်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများသို့ ၁၁၉၀၈၅ ပိဿာအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသ ကြီးရှိ မြို့နယ် ၄၄ မြို့နယ်ရှိ အခြေခံစားသုံးသူ ပြည်သူများသို့လည်း ပထမအကြိမ် စားသုံးဆီ ၆၈၆ ဒသမ ၅ တန်နှင့် ဒုတိယအကြိမ် ၉၈တန်အား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့လျက်ရှိခြင်း၊ ဆက်လက်၍လည်း တစ်ရက်လျှင် ၄၄ ပေပါ၊ တစ်ပတ်လျှင် ၂၂၀ ပေပါနှုန်းဖြင့် အများပြည်သူများ သက်သာသောနှုန်းထားများဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး ဆက်လက်၍ ရောင်းချပေးလျက်ရှိကြောင်းနှင့် "စားသုံးဆီများအား သက်သာသော ဈေးနှုန်းဖြင့် ပြည်သူများ ဝယ်ယူရရှိစေရေးနှင့် ပြည်ပမှ တင်သွင်းလာသည့် စားသုံးဆီများ ဈေးကွက်အတွင်း ဖြန့်ဖြူးရာတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းစဉ်များဖြင့် စနစ်တကျ ဆောင်ရွက်စေရေး" ဟူသော ရည်ရွယ်ချက်နှင့်အညီ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**နှင်းနွယ်**(DOCA YGN)

# မြစ်ကြီးနားမြို့ စည်ပင်သာယာဈေး၌ ရောင်းချလျက်ရှိသော အခြေခံစားကုန်များ၏ ဈေးနှုန်း

၂၀၂၃ ခုနှစ် မေလ ပထမပတ်အတွင်း မြစ်ကြီးနားမြို့၊ စည်ပင်သာယာဈေး၌ အခြေခံစားကုန်များဖြစ်သော လုံးသွယ်မွှေးဆန် တစ်ပြည် ကျပ် ၃၇၀၀ ကျပ်၊ ဆင်းကေရီ-၃ ဆန်တစ်ပြည် ၂၈၀၀ ကျပ်၊ ရောမင်း ဆန်တစ်ပြည် ၃၀၀၀ ကျပ်၊ မနော်သုခ ဆန်တစ်ပြည် ကျပ် ၃၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်သွန်နီ လက်လီဈေးမှာ (ကြီး) တစ်ပိဿာ ကျပ်၂၂၀၀၊ (လတ်)တစ်ပိဿာ ကျပ် ၂၀၀၀၊ (သေး) တစ်ပိဿာ ကျပ် ၁၈၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကြက်သွန်ဖြူ လက်လီဈေးမှာ (ကြူကုတ်)တစ်ပိဿာ ကျပ် ၄၈၀၀ မှ ၅၀၀၀ ထိ၊ (ရှမ်း)တစ်ပိဿာ ကျပ် ၄၈၀၀ မှ ၅၀၀၀ ထိ၊ (မိုးညှင်း) တစ်ပိဿာ ကျပ် ၄၀၀၀ မှ ၄၅၀၀ ထိ၊ ငရုတ်သီးခြောက် လက်လီဈေးမှာ (အရှည်) တစ်ပိဿာ ကျပ် ၁၅၀၀၀ မှ ၁၆၀၀၀ထိ၊ အာလူးတစ်ပိဿာဈေးမှာ ကျပ် ၂၁၀၀ မှ ၂၃၀၀ ထိ၊ ခရမ်းချဉ်သီး တစ်ပိဿာဈေးမှာ ကျပ် ၁၈၀၀ မှ ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ကြက်ဥလက်လီဈေးမှာ တစ်လုံး ကျပ် ၃၀၀ မှ ၃၂၀ ထိဖြစ်သည်။ မြစ်ကြီးနားမြို့၊ စည်ပင်သာယာဈေး၏ အသား/ငါး ဈေးနှုန်းမှာ ကြက်သား(CP)တစ်ပိဿာ ကျပ် ၁၃၀၀၀ ၊ (ဗမာ) တစ်ပိဿာ ကျပ် ၁၈၀၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၂၂၀၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၁၆၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၄၀၀၀၊ ငါးကြင်း တစ်ပိဿာ ကျပ် ၁၈၀၀၀ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ(ရှယ်) တစ်ပိဿာ ကျပ် ၁၅၀၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၇၂၀၀ ၊ နှမ်းဆီ တစ်ပိဿာ ကျပ် ၁၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ကိုဖိုင်း(ကချင်)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (Myanmar International Trade Center)၊ | ဖုန်း-၀၁ ၃၈၅၃၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ပန်းတောင်းနှင့် ပေါက်ခေါင်းဒေသထွက် မြန်မာ့အိုးလုပ်ငန်းအကြောင်း တစေ့တစောင်း

**ဝေဝေမင်း (ပြည်)**

မြန်မာနိုင်ငံတွင် အိုးလုပ်ငန်းကို ရှေးနှစ်ပေါင်း ၅၀၀ ခန့်က စတင်လုပ်ကိုင်လာကြကြောင်း သိရသည်။ ရှေးယခင်ခေတ်များက အစားအသောက်များ ချက်ပြုတ်စားသောက်ရာတွင် ဝါးဆစ်ဘူးနှင့် ကျောက်ခွက်များတွင်ထည့်၍ စားသောက်ကြရာ နောက်ပိုင်းတွင် မြေကြီးဖြင့်အိုးကို တီထွင်ဖန်တီးခဲ့ကြသည်။ အိုးသည်လူတို့အဖို့ အစားအသောက်များ ချက်ပြုတ်စားသောက်ရာတွင် မရှိမဖြစ်လိုအပ်သော ပစ္စည်းတစ်ခုဖြစ်သည်။ ယခုမျက်မှောက်ကာလတွင် ဒန်အိုး၊ သတ္တုအိုးများ ပေါ်လာသော်လည်း မြန်မာလူမျိုးများသည် မြေအိုးကို လက်မလွှတ်ကြသေးဘဲ ထမင်း၊ ဟင်းချက်ပြုတ်ခြင်း၊ ရေနွေးအိုးကျိုခြင်းများကို ပြုလုပ်ကြသည်။ မြန်မာလူမျိုးများသည် ယခုအချိန်အထိ သုံးစွဲနေသော အိုးအမျိုးအစားမှာ သောက်ရေအိုးဖြစ်သလို နှစ်သစ်ကူးသင်္ကြန် အခါကာလတွင် အကြို ပန်းအိုးများ၊ အတာစားအိုးများ အသုံးပြုခြင်း၊ ကဆုန်ညောင်ရေသွန်းပွဲတော်ရက်များတွင် မြန်မာအမျိုးသမီးများ မြေအိုးထဲသို့ ရေများထည့်၍ ဘုရားကျောင်းကန်ရှိ ညောင်ပင်များသို့ သွားရောက်၍ ညောင်ရေသွန်းရာတွင် အသုံးပြုကြသည်။ ကျေးလက်တောရွာများတွင် နေဝင်ဆည်းဆာချိန်၌ ရေအိုးများကို ရွက်ပြီး ရေခပ်ကြရာတွင်လည်း မြေဖြင့်လုပ်ထားသောအိုးများဖြစ်သည်။ ထိုသို့အသုံးပြုသော မြန်မာအိုးများကို ပြည်ခရိုင်၊ ပန်းတောင်း မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်တို့တွင် စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

### ဖောင်းကန်ဒေသထွက် မြေအိုးလုပ်ငန်း

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဖောင်းကံရပ်ကွက်တွင် မြန်မာ့ရိုးရာ မြေအိုး၊ သဲအိုးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်သူ ၂၀ ခန့်ရှိပြီး မိသားစု တစ်နိုင်တစ်ပိုင်အဖြစ် ရိုက်ပြီးသား အိုးစိမ်းကို ဝယ်ယူ၍ အိုးဖုတ်သူ ၁၅ ဦးခန့်ရှိသည်။ အိုးဖုတ်လုပ်ငန်းကို ဖောင်းကန်ရပ်ကွက် တစ်ခုလုံးနီးပါး လုပ်ကိုင်လျက်ရှိသည်။ ဖောင်းကန်ရပ်ကွက်မှာ ပန်းတောင်းနှင့် ဉသျှစ်ပင်သို့သွားရာ ကားလမ်းမပေါ်တွင် တည်ရှိသည်။ အိုးလုပ်ငန်းကို တန်ဆောင်မုန်းလမှစတင်ပြီး တပေါင်းလအထိ အိုးစိမ်းရိုက်၊ အိုးဖုတ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ အိုးဖုတ်လုပ်ငန်း လုပ်ကိုင်ရာတွင် သဲအိုးလုပ်ငန်းကို အဓိကထား၍လုပ်ကိုင်ကြပြီး အသုံးပြုသော မြေကြီးကို ငပျက် အင်းမြေမှယူ၍ ပြုလုပ်ကြောင်း သိရသည်။

အိုးဖုတ်သည့် ဖိုတစ်ဖိုတွင် အိုးဖုတ်သူနှစ်ဦးရှိပြီး မိသားစုလုပ်အား(သို့)အပြင် အလုပ်သမား သုံးဦးနှင့် အိုးပေး၊ အိုးစီလေးဦး စုစုပေါင်းကိုးဦးဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။ အိုးဖုတ်သည့်ဖို တစ်ဖိုလျှင် အိုးအလုံးပေါင်း သောင်းပြောင်း ၁၀၀၀၀ ခန့်ရှိပြီး အိုးထုတ်လုပ်ပုံ အဆင့်ဆင့်မှာ မြေကြီး၊ သဲနှင့်ရေရောပြီး အိုးပုံထွင်း၍ တစ်နေလှန်းရသည်။ တစ်နေလှန်းပြီး အိုးများအား အလှပုံခတ်ပြီးလျှင် တစ်နေပြန်လှန်းပြီး အိုးဖုတ်ကွင်းသို့သယ်၍ မီးအေးအေးဖြင့် ရက် ၂၀ ကြာ မီးဖုတ်ပြီးပါက သုံးစွဲ၍ရသည့် သဲအိုးများ ရရှိသည်။ အိုးဖုတ်သည့်ဖို တစ်ဖိုလျှင် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကုန်ကြမ်း၊ အလုပ်သမားခ၊ သယ်ယူပို့ ဆောင်ခ အပါအဝင် ကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။ ထွက်ရှိလာသောအိုးများကို ရောင်းချရာတွင် အိုးတစ်အိုးလျှင် ကျပ် ၁၃၀၀ မှ ၁၅၀၀ အထိ ရောင်းချရကြောင်း သိရသည်။ ရာသီချိန်ဖြစ်သော သင်္ကြန်ကာလနှင့် ညောင်ရေသွန်းကာလများတွင် ဝယ်လိုအား များလာသောကြောင့် အိုးဈေးများ အနည်းငယ် မြင့်လာပြီး ကျန်အချိန်များတွင် အိုးဈေးမှာပုံမှန်ဈေးများဖြင့် ရောင်းချရကြောင်းသိရသည်။ အိုးဈေးကွက်အနေဖြင့် ဖောင်းကံ ရွာထဲလမ်းဖြစ်သော ပန်းတောင်း၊ ဉသျှစ်ပင်ကားလမ်းမကြီးဘေး တစ်ဖက်တစ်ချက်ပေါ်တွင် ဆိုင်များဖွင့်လှစ်၍ရောင်းချကြပြီး ခရီးသွားပြည်သူများနှင့် တစ်ဆင့်ပြန်လည်ရောင်းချသူများက ဝယ်ယူကြောင်း သိရသည်။ ထို့ပြင် ကြံခင်း၊ မြန်အောင်၊ အောင်လံ၊ ပြည်၊ ရွှေတောင်၊ မင်းတုန်း၊ ကံမ၊ တောင်ကုတ်၊ ပဒါန်းမြို့သို့တင်ပို့ရောင်းချကြောင်း သိရသည်။ ရောင်းချသော အိုးဈေးနှုန်းများ အနေဖြင့် အင်တုံ(အကြီး)တစ်လုံးလျှင် ကျပ် ၁၅၀၀၊ အင်တုံ(အလတ်)တစ်လုံးလျှင် ကျပ် ၈၀၀၊ အင်တုံ(အသေး)တစ်လုံးလျှင် ကျပ် ၅၀၀၊ သောက်ရေအိုး တစ်လုံးလျှင် ကျပ် ၁၅၀၀၊ ရေခပ်အိုး တစ်အိုးလျှင်ကျပ် ၁၂၀၀၊ ပန်းအိုးတစ်အိုးလျှင် (ကြီး-လတ်- သေး) ကျပ် ၁၂၀၀-၁၀၀၀-၈၀၀၊ စုဘူးတစ်လုံးလျှင် ကျပ် ၅၀၀၊ သင်္ကြန်အိုးတစ်အိုးလျှင် ကျပ် ၃၀၀ ဖြင့် လက်ကားရောင်းချသော ဈေးနှုန်းများဖြစ်သည်။ အသားတင်အကျိုးအမြတ်အနေဖြင့် အိုးတစ်ဖိုလျှင် တစ်သိန်းကျပ်ခန့် ရရှိသည်ဟုသိရသည်။ ပန်းတောင်းမြို့နယ်ရှိ ဖောင်းကံအိုးလုပ်ငန်းသည် မိရိုးဖလာ အဆက်ဆက်မှ လုပ်ကိုင်သော လုပ်ငန်းဖြစ်သဖြင့် နေ့စဉ်ဝင်ငွေများ ရရှိသည့် လုပ်ငန်းဖြစ်သည်။


**ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဖောင်းကံရပ်ကွက်တွင် မြန်မာ့ရိုးရာ မြေအိုး၊ သဲအိုးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်သူ ၂၀ ခန့်ရှိပြီး မိသားစု တစ်နိုင်တစ်ပိုင်အဖြစ် ရိုက်ပြီးသား အိုးစိမ်းကို ဝယ်ယူ၍ အိုးဖုတ်သူ ၁၅ ဦးခန့်ရှိသည်။**


### ချောင်းကောင်းဒေသထွက် မြေအိုး

ချောင်းကောင်းရွာသည် ပေါက်ခေါင်းမြို့နယ်တွင် ပါဝင်သော်လည်း ပြည်မြို့နယ်ရှိ ပေါင်းတလည်မြို့နှင့် အလှမ်းမဝေးသောရွာကလေးဖြစ်သည်။ ထိုရွာတွင် မြေအိုးပေါင်းစုံ လုပ်သည့်အပြင် ကလေးကစားစရာ အိုဖုတ်များလည်း ပြုလုပ်၍ ရောင်းချကြသည်။ ချောင်းကောင်းအုပ်စု ချောင်းကောင်းကျေးရွာတွင် အိုးလုပ်ငန်း လုပ်ကိုင်သူအရေအတွက်မှာ ၇/၈ ခု ရှိပြီး အလုပ်သမား ၂၅-၃၀ ဦးဖြင့် အိုးဖုတ်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ အိုးဖုတ်ရာ ကုန်ကြမ်းဖြစ်သော မြေစေးကို ဇတ်ငါးရာရွာမှရယူပြီး၊ အိုးဖုတ်ရန်အတွက် ဖွဲခွံကို မြို့တွင်းရှိ ဆန်စက်များမှရယူပြီး နှမ်းရိုးနှင့် ရိုးဖြတ်ကို အနီးအနားရှိ ကျေးရွာများမှ ရရှိသည်ဟု သိရသည်။ အိုးတစ်ဖိုလျှင် အိုအလုံးပေါင်းသောင်းပြောင်း ၂၀၀ လုံးခန့်ထွက်ရှိပြီး ကုန်ကျစရိတ်အနေဖြင့် ကျပ် ၈၅၀၀၀ ခန့် ကုန်ကျကြောင်း သိရ သည်။ အိုးတစ်ဖိုလျှင် အသားတင်အကျိုးအမြတ်အနေဖြင့် ကျပ် ၁၅၅၀၀၀ ခန့်ရရှိကြောင်း သိရသည်။ ချောင်းကောင်းကျေးရွာမှ ထွက်ရှိသော အိုးများကို ပေါင်းတလည်ဈေး၊ အောင်လံ၊ တီတွဒ်နှင့် ဝက်ထီးကန်ဒေသများသို့ တင်ပို့ရောင်းချပြီး အိုးအကြီး အသေးအလိုက် တစ်အိုးလျှင် ကျပ် ၁၅၀၀-၁၂၀၀-၈၀၀-၇၀၀ အထိ လက်ကားရောင်းချသော ဈေးနှုန်းဖြစ်သည်။

ထို့ကြောင့် မြန်မာ့အိုးလုပ်ငန်းအနေဖြင့် ပြည်ခရိုင်တွင် ပန်းတောင်း၊ ပေါက်ခေါင်း မြို့နယ်များတွင် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအနေဖြင့် လုပ်ကိုင်လာခဲ့ရာ မိသားစုဝင်ငွေများ ရရှိလာသည်။ နောက်ပိုင်းတွင် မြေဖြင့်ခေတ်မီဆန်းသစ်သော အလှပန်းအိုးများ၊ လူ့အသုံးအဆောင်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်သို့ ရောင်းတမ်းဝင်အောင် လုပ်ဆောင်နိုင်လျှင် ပြည်ပဝင်ငွေများလည်း ရရှိလာမည်ဖြစ်သလို အိုးဖုတ်လုပ်ငန်းလုပ်ကိုင် သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိလာနိုင်မှာဖြစ်ပြီး ကျေးလက်နေ ပြည်သူများအတွက် မိုးစပါးပြီး၍ နားနေချိန်တွင် အိုးဖုတ်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် နှစ်ပတ်လည်အလုပ်နှင့် မပြတ်ဘဲ အပိုဝင်ငွေ များရရှိနိုင်သလို အလုပ်အကိုင်အခွင့် အလမ်းကောင်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရသည်။

# စစ်ကိုင်းဒေသထွက် နွားနို့ယိုနှင့် နွားနို့ ဆက်စပ်အစားအစာများ

စစ်ကိုင်းမြို့နယ်အတွင်း နွား၊ ကြက်၊ နို့စားနွားနှင့် သိုး၊ ဆိတ်များကို အဓိကထား မွေးမြူကြပြီး နွားမွေးမြူရေးအနေဖြင့် ယခင်က ခိုင်းစေရန်နှင့် ဒေသတွင်းစားသုံးရန် မွေးမြူကြသော်လည်း ယခုပြည်ပပို့ကုန်(Export) လုပ်ငန်းများ ဆောင်ရွက်လာသဖြင့် ခြံလှောင်စနစ်ဖြင့် မျိုးကောင်းမျိုးသန့်များ မွေးမြူလာကြသည်။ ထိုသို့မွေးမြူခြင်းကြောင့် နွားဈေးကောင်းရရှိခြင်း၊ ဒေသတွင်း ကောက်ရိုး၊ မြေပဲရိုး၊ ပြောင်းရိုး စသည်တို့ကို စိုက်ပျိုးသည့်တောင်သူများက နွားစာအဖြစ် ရောင်းချရ၍ ဒေသခံပြည်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိကြောင်း သိရှိရသည်။

စစ်ကိုင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ စာရင်းများအရ စစ်ကိုင်းမြို့နယ်တွင် ဒေသနွားကောင်ရေ တစ်သိန်းတစ်သောင်းကျော် မွေးမြူထားပြီး နို့စားနွားကောင်ရေ နှစ်ထောင့်ငါးရာခန့်ရှိကြောင်း သိရှိရသည်။ နို့စားနွားများကို စစ်ကိုင်းမြို့နယ် ဆင်တပ်၊ ကုန်းရွာ၊ အောင်သာ၊ ရွာသစ်ကြီး၊ အာလောင်၊ ဝါးချက် စသည့်ကျေးရွာများနှင့် စစ်ကိုင်းမြို့ပေါ်ရှိရွာထောင်ရပ်ကွက်နှင့် ဧမြဝတီရပ်ကွက်တို့တွင် တစ်ပိုင်တစ်နိုင် မွေးမြူကြသည်။ နို့စားနွားများမွေးမြူ၍ ရရှိလာသော နွားနို့များကို နို့အဖြစ် ဈေးများနှင့် လက်ဖက်ရည်ဆိုင်များသို့ ရောင်းချ၍ လည်းကောင်း၊ နို့ထမင်း၊ ဒိန်ချဉ်၊ နို့ခဲ၊ နို့ပူတင်း၊ နို့ကျောက်ကျော၊ နို့ငှက်ပျောပေါင်း၊ နွားနို့ယိုများ စသည့် မုန့်များ ပြုလုပ်၍ ဒေသတွင်းနှင့် မန္တလေးဈေးကွက်သို့ ရောင်း ချခြင်းဖြင့် စီးပွားရေး တွက်ခြေကိုက်လျက်ရှိကြောင်း သိရှိရသည်။

### ရွာသစ်ကြီးကျေးရွာ နွားနို့ယိုလုပ်ငန်း

စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီး ကျေးရွာတွင် နွားနို့ယိုများကို စက္ကူဘူး စသည့် ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ရောင်းချခြင်းလုပ်ငန်းကို ၁၉၈၉ ခုနှစ်က စတင်၍ ဦးဘုန်းကြွယ်က ပုလဲနှင်းဆီ နွားနို့ ယိုလုပ်ငန်းအမည်ဖြင့် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ယခု လုပ်ငန်းရှင် ၂၀ ခန့်ရှိပြီး နွားနို့ယို တစ်ပိဿာပေါက်ဈေး ကျပ်တစ်သောင်းမှ ကျပ်တစ်သောင်းငါးထောင်ကြား ပေါက်ဈေးရှိကြောင်း၊ နွားနို့ယိုများကို ၁၀ ကျပ်သား၊ ၂၀ ကျပ်သား အသီးသီး လေလုံအောင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးပြီး ရောင်စုံစက္ကူဘူးများဖြင့် ငွေကျပ် ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ ဈေး အသီးသီးဖြင့် စစ်ကိုင်းမြို့ရှိ တန်ခိုးကြီးဘုရားဈေးတန်းများ၌ ရောင်းချခြင်းနှင့် အမှာစာများရှိပါက မြန်မာပြည် အနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချကြောင်း ပုလဲနှင်းဆီ နွားနို့ယိုလုပ်ငန်းရှင်ထံမှ သိရှိရသည်။

### ကုန်းရွာနှင့် အောင်သာကျေးရွာ နို့ထမင်းနှင့် နွားနို့ခဲလုပ်ငန်း

စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာ၌ လုပ်ငန်းရှင် ၅၀ ကျော်နှင့် အောင်သာကျေးရွာ၌ လုပ်ငန်းရှင် ၃၀ ကျော်သည် နို့ထမင်း ခေါ် နို့ဆန်ပြုတ်များ ကျိုချက်ပြီး နှစ်ပြည်၊ သုံးပြည်ဝင် ဒန်အိုးများဖြင့် ထည့်၍လည်းကောင်း၊ နွားနို့ခဲများကို ကြော်၍လည်းကောင်း နေ့စဉ်နံနက် ၅နာရီတွင် မန္တလေးမြို့သို့ ဒိုင်နားကားသုံးစီးခန့်ဖြင့် ဖောက်သည်များထံ သွားရောက်ပို့ဆောင် ရောင်းချခြင်းနှင့် စစ်ကိုင်းမြို့တွင်း၌လည်း ဖောက်သည်ပေးရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေကောင်းလျက်ရှိကြောင်း၊ ရောင်းဈေးနှုန်းများမှာ ကျပ် ၅၀၀၊ ၈၀၀၊ ၁၀၀၀ ဖြစ်၍ စားသုံးသူများအနေဖြင့်လည်းဈေးနှုန်းချိုသာပြီး အာဟာရပြည့်ဝသော လူတန်းစားမရွေး ဝယ်ယူစားသုံးနိုင်သည့် မြန်မာ့ရိုးရာ အစားအစာဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

နို့ထမင်း၊ ဒိန်ချဉ်၊ နို့ခဲ၊ နို့ပူတင်း၊ နို့ကျောက်ကျော၊ နို့ငှက်ပျောပေါင်း၊ နွားနို့ယိုများ စသည့် မုန့်များပြုလုပ်ရာတွင် ပြုလုပ်ချိန်နှင့် ရောင်းချချိန် နေ့တစ်ဝက်ခန့်သာရှိသဖြင့် အချိန်မကုန် လူမပန်းဘဲ စီးပွားရေးတွက်ခြေကိုက်သဖြင့် ထုတ်လုပ်ရောင်းချသူ နှစ်စဉ်များပြားဆဲဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**သန်းသန်းတင် (မုံရွာ)**

# ရာသီစာ ကန်စွန်းဥနှင့် ကျန်းမာရေး အကျိုးကျေးဇူးများ



ကန်စွန်းဥကို မြန်မာနိုင်ငံ၌ နေရာအနှံ့အပြားတွင် စိုက်ပျိုးကြသည်။ ကန်စွန်းဥကို မြေအမျိုးအစားများစွာတွင် စိုက်ပျိုးနိုင်သော်လည်း ဩဂဲနစ်များစွာပါဝင်သော သဲနှင့် နုန်းရောထားသော သမမြေအမျိုးအစားသည် အကောင်းဆုံးဖြစ်သည်။ ရေဝပ်ခြင်းမရှိ ရေစီးရေလာ ကောင်းမွန်ရန်လိုအပ်သည်။ မြစ်ရေဝင် သဲနုန်းမြေများတွင် အများဆုံးစိုက်ပျိုးကြသည်။ သို့မှသာ အမြစ်ကောင်းစွာ ကြီးထွားလာမည်ဖြစ်ပြီး အပင်အဖြစ်သန်၍ အထွက်နှုန်းကောင်းမွန်သည်။

ကန်စွန်းဥမှာ မျိုးပေါင်း မြောက်မြားစွာရှိပြီး အသားမာနှင့် အသားပျော့ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ကန်စွန်းဥ၏ အရောင်အပေါ်နှင့် အပင်ပေါက်ပုံအပေါ် မူတည်ပြီး အမျိုးအစားခွဲခြားခြင်းဖြစ်သည်။ ရေမြေရာသီဥတုအနေဖြင့် ပူနွေးရာသီ လေးလခန့်ရှိပြီး မိုးအသင့်အတင့်ရွာသောဒေသဖြစ်ပြီး အလင်းရောင် ကောင်းမွန်ပြီး သဲဆန်သော မြေများတွင် စိုက်ပျိုးရာ၌ အကောင်းဆုံးဖြစ်သည်။

ကန်စွန်းဥကို စိုက်ပျိုးရာတွင် အညွန့်ကိုယူ၍ စိုက်ရသည်။ ဥကောင်းများကို ရွေးချယ်ပြီး ပျိုးထောင်၍ ရရှိသော အညွန့်များကို စိုက်ပျိုးရာ ပို၍အထွက်နှုန်းကောင်းမွန်သည်။ ကန်စွန်းဥသည် မိုးရာသီစိုက်လျှင် ရေသွင်းရန် မလိုအပ်ဘဲ ဆောင်းရာသီစိုက်လျှင် လိုအပ်ပါက ရေသွင်း၍ စိုက်ပျိုးရသည်။ ရေသွင်းစိုက်ပျိုးပါက ကန်စွန်းဥအထွက်နှုန်း ပိုမိုများပြားကြောင်း သိရှိရသည်။ အပင်ပြုစုမှုအပေါ် မူတည်ပြီး ထွက်ရှိမှုကွဲပြားသည်။ တစ်ဧက ပိဿာ ၃၀၀၀ မှ ၅၀၀၀ ထိ ထွက်ရှိကြောင်း သိရှိရသည်။ ကန်စွန်းဥများကို စိုက်ပျိုးချိန်မှစ၍ လေးလခန့်တွင် ရိတ်သိမ်းတူးဖော်သည်။ သို့သော် ပျိုးအပေါ် မူတည်၍ ရိတ်သိမ်းချိန် ပြောင်းလဲပြီး အချို့ဒေသများတွင် စော၍ တူးဖော်ကြသည်။

ကန်စွန်းဥစိုက်ခင်းများကို ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ကိုးထောင့်အုပ်စုအတွင်းရှိ ရေလယ်ကျွန်း၊ သံဇလုံ၊ တောင်ငယ်လုံး၊ ပဒေသာကျွန်း ကျေးရွာများတွင် ကိုင်းကျွန်းသဲမြေများ၌ အများဆုံးစိုက်ပျိုးလျက်ရှိသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စိုက်ဧက ၂၀၀၀ ခန့် စိုက်ပျိုးပြီး နှစ်စဉ် ဒေသစီးပွားအဖြစ် အမြောက်အမြား စိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် ရွှေဝါနှင့် ငချိတ် ကန်စွန်းဥနှစ်မျိုးကို စိုက်ပျိုးကြပြီး ယခုနှစ်တွင် ငချိတ်မျိုးကို အများဆုံးစိုက်ပျိုးသည်။ တစ်ဧကလျှင် အညွန့် သုံးသောင်းခန့် ဝင်ဆံ့စိုက်ပျိုးပြီး တစ်ညွန့် ငါးကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရသည်။ ဘောင်တင်စိုက်ပျိုးခြင်း မပြုလုပ်ဘဲ ထယ်ချောင်းဆွဲပြီး ပင်ကြားတန်းကြား နှစ်ပေအကွာတွင် စိုက်ပျိုးကြောင်း၊ အညွန့်များကို စိုက်ရာတွင် နှစ်ဆစ်ကို မြေတွင် ထည့်စိုက်ပြီး ဘေးအစွန်းနှစ်ဆစ်ကို မြေပေါ်တွင် ထားရှိပြီး စိုက်ပျိုးကြသည်။ ဥစားကန်စွန်းညွန့်များကို ဆောင်းရာသီအစ အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ကန်စွန်းဥများကို တူးဖော်ကြသည်။ ကန်စွန်းဥတူးဖော်ချိန် နောက်ကျလျှင် ဥများတွင် ပိုးဝင်ခြင်းကြောင့် ပျက်စီးမှုများခြင်းကြောင့် သုံးလအကြာတွင် တူးဖော်ကြသည်။

ကန်စွန်းဥတစ်ဧကလျှင် ယခုနှစ် အထွက်နှုန်းမှာ ပိဿာ ၃၀၀၀ ခန့်ထွက်ရှိပြီး ဒေသပေါက်ဈေး တစ်ပိဿာ လက်ကားဈေး ကျပ် ၈၀၀-၉၀၀ ဖြင့် ရောင်းချရပြီး ယခင်နှစ်

**မြင့်မြင့်သန်း (ပခုက္ကူ)**

အထွက်နှုန်းမှာ ပိဿာ ၃၅၀၀ ထွက်ရှိပြီး သီးနှံပေါ်စ ဒေသပေါက်ဈေး တစ်ပိဿာပျမ်းမျှ ကျပ် ၃၅၀ လက်ကားဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခုနှစ် ကန်စွန်းဥ စိုက်ပျိုးရာတွင် တစ်ဧက ကုန်ကျစရိတ်မှာ ကျပ်ငါးသိန်းခန့်ကုန်ကျပြီး ၂၇ သိန်းခန့်ဝင်ငွေရရှိ၍ သိန်း ၂၀ ခန့် အကျိုးအမြတ် ရရှိကြောင်း သိရှိရသည်။

ယခုနှစ်ကန်စွန်းဥစိုက် တောင်သူများမှာ စိုက်ပျိုးမြေများတွင် မြစ်ရေတက်ချိန်တွင် စိုက်ခင်းအတွင်း ရေဝင်ခြင်းမရှိ၍ မြေအောက်ရေ မရရှိခြင်းကြောင့် အထွက်နှုန်း နည်းသွားခြင်းဖြစ်သော်လည်း သီးနှံပေါ်ချိန်တွင် ယခင်နှစ်ထက် ကန်စွန်းဥ တစ်ပိဿာ ပျမ်းမျှ ကျပ် ၅၀၀ ခန့် ဈေးနှုန်းမြင့်တက်ရောင်းချရခြင်းဖြစ်၍ ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကန်စွန်းဥစိုက်တောင်သူများ ယခုနှစ်တွင် အကျိုးအမြတ် များစွာရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရှိ ရသည်။

ကန်စွန်းဥသည် အလွယ်တကူရရှိနိုင်ပြီး ဈေးနှုန်းချိုသာသော အသီးအနှံများထဲတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။ ကန်စွန်းဥ စားပေးခြင်းဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ကန်စွန်းဥတွင် ကဆီဓာတ်များစွာပါဝင်မှုကြောင့် အပူပိုင်းနှင့် သမပိုင်းဒေသပိုင်းတွင် စိုက်ပျိုးလျက်ရှိသော အရေးကြီး သီးနှံတစ်မျိုးဖြစ်သည်။ အရောင်မှာ ရွှေဝါရောင်၊ ငချိတ်ရောင်၊ အဝါဖျော့ရောင်များရှိပြီး ကန်စွန်းဥကို ပြုတ်စား၊ မီးဖုတ်စား၊ ကြော်စား၊ ယိုထိုးစားခြင်းအပြင် မုန့်မျိုးစုံ ပြုလုပ်ရာတွင်လည်း အသုံးပြု၍ ရရှိသော သီးနှံဖြစ်သည့်အပြင် စက်မှုကုန်ကြမ်းသီးနှံအဖြစ်လည်း အသုံးဝင်သည်။ အခြားဥစားသီးနှံများနှင့် နှိုင်းယှဉ်ပါက ကယ်လိုရီများစွာ ပိုမိုပါဝင်၍ ကျန်းမာရေး အထောက်အကူပြုသီးနှံဖြစ်သည်။ တိရစ္ဆာန်အစာအဖြစ်လည်း အသုံးဝင်သည်။ ကန်စွန်းဥကို တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံများတွင် အများဆုံး စိုက်ပျိုးကြသည်။

ကန်စွန်းဥတွင် ဗီတာမင် အေ၊ ဘီ၊ စီ၊ ဒီနှင့် အီးတို့ မြင့်မားစွာ ပါဝင်ခြင်းဖြစ်၍ စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူ ဖြစ်စေသည်။ အမျှင်ဓာတ်များစွာ ပါဝင်ခြင်းကြောင့် စားသုံးပေးခြင်းဖြင့် ကလေးရောလူကြီးပါ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးခြင်း၊ ကိုယ်အလေးချိန်လျှော့ချပေးခြင်းအပြင် ငချိတ်ရောင် ကန်စွန်းဥကို စားသုံးပေးပါက နှလုံးသွေးကြောဆိုင်ရာ ရောဂါများ လျှော့ချပေးခြင်း၊ ကန်စွန်းဥတွင် ဗီတာမင် "အေ" နှင့် "စီ" မြင့်မားစွာ ပါဝင်ခြင်းကြောင့် စားသုံးပေးခြင်းဖြင့် အမြင်အာရုံ ကောင်းမွန်မှုကို အထောက်အကူဖြစ်စေသည်။

ကန်စွန်းဥတွင် အဓိကအမျှင်ဓာတ်များစွာ ပါဝင်၍ ကင်ဆာ ရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးခြင်းအပြင် ဆံပင်နှင့် အသားအရေ ကို ကောင်းမွန်စေခြင်း၊ အရွယ်တင်နုပျိုစေခြင်းနှင့် ဗီတာမင် "အီး" များစွာပါဝင်၍ ဆံသားကျန်းမာရေးကို ထိန်းသိမ်းပေးရာတွင် အထူးအသုံးဝင်ပြီး ကာဗိုဟိုက်ဒရိတ်ဓာတ် ပါဝင်မှုကြောင့် သွေးတွင်းသကြားဓာတ်ကို မတက်စေဘဲ ဆီးချိုရောဂါကို ကာကွယ်ပေးခြင်းနှင့် သံဓာတ်များစွာ ပါဝင်မှု ကြောင့် ရောဂါဒဏ်ခံနိုင်ရည်ရှိစေသည်။

ကန်စွန်းဥစားသုံးပေးခြင်းဖြင့် ရရှိသော ကျန်းမာရေး ကောင်းကျိုးများကို သိရှိကြပြီး အစာလည်းဆေး၊ ဆေးလည်း အစာ ဆိုသည့်အတိုင်း ဈေးချိုချိုဖြင့် အလွယ်တကူ ဝယ်ယူရရှိသည့် ကန်စွန်းဥကို စားသုံးပေးသင့်ပါကြောင်းနှင့် ကန်စွန်းဥ စိုက်ပျိုးခြင်းဖြင့် စိုက်တောင်သူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ရောင်းဝယ်ဖောက်ကားလျက်ရှိသော ဈေးသည်များ ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာရရှိပြီး စိုက်တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရလွယ်ကူ၍ ကုန်ကျစရိတ်နည်းပြီး အကျိုးအမြတ်များစွာ ရရှိလျက်ရှိသော ရာသီစာဆောင်းသီးနှံ ကန်စွန်းဥကို နှစ်စဉ် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

## ပြည်ပဆန်ဈေးနှုန်းများ

၂၆-၄-၂၃ မှ ၂-၅-၂၀၂၃ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 495 – 505 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 485 – 495 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 480 – 485 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 470 – 475 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 465 – 470 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 480 – 490 | |
| 7 | Myanmar Long Grain White Rice 10% Broken (Reasonable Well Milled) | 470 – 480 | |
| 8 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 465 – 470 | |
| 9 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 450 – 460 | |
| 10 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 510 – 520 | |
| 11 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 500 – 510 | |
| 12 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 490 – 500 | |
| 13 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 485 – 490 | |
| 14 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 500 – 510 | |
| 15 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 490 – 500 | |
| 16 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 480 – 490 | |
| 17 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 475 – 480 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 510 – 520 | |
| 19 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 500 – 510 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 490 – 500 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 480 – 490 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 515 – 525 | |
| 23 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 510 – 515 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 500 – 510 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 490 – 500 | |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 550 – 560 | |
| 27 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 540 – 550 | |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460 – 470 | |
| 29 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 540 – 550 | |
| 30 | A–1 , 2 (Sortexed) | 425 – 427 | |
| 31 | B–1 , 2 (Sortexed) | 415 – 425 | |
| 32 | B–1,2 (Non–Sortexed) | 400 – 408 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၅-၅-၂၀၂၃)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၁၅၀၀ | ၁၁၅၀၀ | - | ၇၂၀၀ | ၆၈၀၀ | ↓ |
| ရန်ကုန် | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၁၅၀၀ | ၁၁၅၀၀ | - | ၇၂၀၀ | ၆၈၀၀ | ↓ |
| မန္တလေး | ၁၃၅၀၀ | ၁၃၅၀၀ | - | ၁၃၅၀၀ | ၁၁၀၀၀ | - | ၆၄၀၀ | ၆၄၀၀ | - |
| ပဲခူး | ၁၄၅၀၀ | ၁၄၅၀၀ | - | ၁၄၅၀၀ | ၁၃၅၀၀ | - | ၆၅၀၀ | ၆၂၀၀ | ↓ |
| မကွေး | ၁၁၀၀၀ | ၁၁၀၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၇၀၀၀ | ၆၆၀၀ | ↓ |
| မုံရွာ | ၁၂၅၀၀ | ၁၂၅၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၅၀၀ | ၆၂၅၀ | ↓ |
| စစ်တွေ | ၁၅၀၀၀ | ၁၅၀၀၀ | - | - | - | - | ၈၀၀၀ | ၈၀၀၀ | - |

# စီးပွားဖြစ် နှစ်ရှည်ပင် ဒူးရင်းစိုက်ပျိုးနည်းနှင့် ခူးဆွတ်ခြင်း

**ကျော်စွာ (ကျိုက်ပိ)**

စာရေးသူတို့ နိုင်ငံတွင် ဒူးရင်းသီးကို ရာသီစာ တစ်မျိုးအနေဖြင့် စားသုံးကြသည်။ ဒူးရင်းသီးကို ကြိုက်သူရှိသလို မကြိုက်သူများလည်းရှိသည်။ ဒူးရင်းသီးသည် အနံ့ပြင်းသော အသီးမျိုးဖြစ်သည်။ သို့သော် ဒူးရင်းသီးသည် အလွန်စားကောင်းသော အသီးဖြစ်သည်။ ဒူးရင်းမှာ နှစ်ရှည်ပင်ဖြစ်သဖြင့် တစ်ခါစိုက်ပျိုးထားရုံဖြင့် တစ်သက်လုံး ခူးဆွတ်နိုင်သည်။

**ဒူးရင်းပင်၏ မူရင်းဒေသ**

ဒူးရင်းပင်၏ မူရင်းဒေသမှာ မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများဟု ဆိုသည်။ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် သဘာဝအလျောက်ပေါက်ရောက်ပြီး ထိုမှတစ်ဆင့် အရှေ့တောင်အာရှနိုင်ငံများသို့ ပျံ့နှံ့လာသည်။ အနောက်နိုင်ငံများသို့ လွန်ခဲ့သောနှစ်ပေါင်း ၆၀၀ ခန့်က ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံအတွင်းသို့ မလေးရှားနိုင်ငံက ဝင်ရောက်လာဟန်ရှိသည်။ စင်စစ် "ဒူးရင်း"ဟူသော အမည်သည် မလေးစကားမှ မြန်မာမှု ပြုထားခြင်းဖြစ်ကြောင်း မှတ်သားခဲ့ရဖူးသည်။

**ဒူးရင်းသီးမျိုးများ**

ဒူးရင်းမျိုးများမှာ ဟိုးယခင်က ဒေသမျိုးများသာအများဆုံး စိုက်ပျိုးလေ့ရှိသော်လည်း ယခုအခါ ယိုးဒယားမျိုးများနှင့် စပ်မျိုးများကိုလည်း စိုက်ပျိုးလာကြသည်။ နိုင်ငံခြားမျိုးများမှ ကိုင်းဆက်မျိုးပွားထားသည့် မိကျောင်းခေါင်း မျိုး(အသီးရှည်)နှင့် ကန်ကလေး (၁)နှင့် ကန်ကလေး (၂)မျိုးများကိုစိုက်ပျိုးကြကြောင်း သိရသည်။ ဒူးရင်းမျိုးစုတွင် မျိုးစိတ်ပေါင်း ၃၀ ခန့်ရှိသော်လည်း လူတို့စားသုံးနိုင်သော မျိုးစိတ်မှာ ကိုးမျိုးသာရှိပြီး မြန်မာနိုင်ငံတွင် လေးမျိုးရှိသည်။ မျိုးစိတ်ပေါ်မူတည်၍ အရောင်နှင့်အနံ့အရသာ မတူပေ။ ဒူးရင်းသီးသည် အလုံး၌ဆူးပါသည်။အတွင်းအမြှာသည် အဝါဖျော့ဖျော့အရောင်နှင့် အဖြူဖျော့ဖျော့အရောင် နှစ်မျိုးရှိသည်။ အတွင်းအမြှာ အနီရောင်လည်းရှိသည်။ အများအားဖြင့်တော့ အဝိုင်းသီးမျိုးနှင့် အရှည်သီးမျိုးဟူသာ အလွယ်ခေါ်ကြသည်။

**မြေနှင့် ရာသီဥတု**

ဒူးရင်းစိုက်မြေသည် သဲနုန်းမြေ၊ မြေပွနှင့် မြေဆီကောင်းပြီး ရေစီးရေလာ ကောင်းသော မြေကို နှစ်သက်သည်။ သို့သော် မြေစေးတွင် စိုက်ပျိုးမည်ဆိုပါက စိုက်ကျင်းကို ၃ ပေအကျယ် ၃ ပေအနက် သို့မဟုတ် ၅ ပေအကျယ် ၅ ပေ အနက် အထိတူး၍ အပေါ်ယံမြေဆီလွှာ ၃၀ ရာခိုင်နှုန်းနှင့် မြေဆွေး ၃၀ ရာခိုင်နှုန်း ရောစပ်ပြီး စိုက်ပျိုးနိုင်သည်။ မြေအချဉ်အငန်ဓာတ်မှာ ၅ ဒသမ ၅ မှ ၇ ဒသမ ၀ ဖြစ်သည်။ ဒူးရင်းပင်သည် ပူအိုက်စွတ်စိုသော ရာသီဥတုကို နှစ်သက်သည်။ အပူချိန်အားဖြင့် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ် အတွင်းဖြစ်သည်။ မိုးရေချိန်လက်မမှာ ၁၀၀ နှင့် ၂၀၀ အတွင်းဖြစ်သည်။

**မျိုးပွားနည်း**

ဒူးရင်းပင်ကို မျိုးပွားမည်ဆိုလျှင် လိင်မဲ့မျိုးပွားနည်းကိုသာ အသုံးပြုသင့်သည်ဟုဆိုသည်။မျိုးပွားနည်း သုံးမျိုးရှိသည်။ အစေ့မှ မျိုးပွားနည်း၊ အဖူးမြှုပ် မျိုးပွားနည်း၊ ကိုင်းကူးဆက် မျိုးပွားနည်းတို့ဖြစ်သည်။ အစေ့မှမျိုးပွားမည်ဆိုလျှင် သက်တမ်း ၁၅ နှစ် အနှစ် ၂၀ ခန့်ရှိသော သန်မာပြီး အပင်မြင့်အနေတော် အပင်မှ ရင့်မှည့်ပြီး ကြွေကျသော အသီးမှအစေ့ကိုယူ၍ မျိုးပွားရမည်။ အစေ့မှာ ပေါက်လာသော အပင်ကို တစ်နှစ်သားအရွယ်တွင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။ ကိုင်းကူးဆက်မျိုးပွားလျှင် အောက်ခံပင်၏ သက်တမ်းမှာခြောက်လမှ တစ်နှစ်သားအရွယ်အထိ မျိုးပွားနိုင်သည်။ ကိုင်းကူးဆက်ရာတွင် သပ်သွင်းကိုင်းကူး ဆက်နည်းနှင့် ချဉ်းကပ် ကိုင်းဆက်နည်းဟူ၍လည်း နှစ်မျိုးရှိသည်။ အသုံးများသောနည်းမှာ သပ်သွင်းကိုင်းကူးနည်းဖြစ်ကြောင်း သိရသည်။ ကိုင်းကူးဆက်စိုက်ပျိုးသော အပင်သည် စောစောသီးသည်ဟုဆိုသည်။

**စိုက်ပျိုးနည်း**

ဒူးရင်းစိုက်ပျိုးတော့မည်ဆိုလျှင် စိုက်ကျင်းကို ၃ ပေပတ်လည် တူးရသည်။ သဘာဝဓာတ်မြေဩဇာနှင့် အပေါ်ယံမြေဆီလွှာကို ရောထည့်ပေးရသည်။ တစ်ပင်နှင့် တစ်ပင် ၂၄ ပေ သို့မဟုတ် ပေ ၃၀ ခြား၍စိုက်ရသည်။ တစ်ဧကတွင် အပင် ၁၀၀ ဝင်ဆံ့နိုင်သည်။ စိုက်ပျိုးရမည့်အချိန်မှာ မေလနှင့် ဇွန်ဖြစ်သည်။ စိုက်စတွင် နေပူရှိန် မကျအောင် အရိပ်ပြုလုပ်ပေးရမည်။ ဒူးရင်း တစ်နှစ်သားအရွယ်တွင် စိုက်ပျိုးနိုင်သလို နှစ်နှစ်သားအရွယ် အပင်ကိုလည်း စိုက်ပျိုးနိုင်သည်ဟုဆိုသည်။

**ဒူးရင်းသီးပင်စိုက်ပျိုးရာ ဒေသများ**

မြန်မာနိုင်ငံတွင် ဒူးရင်းပင်ကို တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြသည်။ ထို့ပြင် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးဘက်တွင်လည်း ဖြစ်ထွန်းနိုင်ကြောင်း သိရသည်။ ရွှေကျင်နှင့် ကျောက်ကြီးဒေသတွင်လည်း အနည်းငယ် စိုက်ပျိုးကြသည်။

**အပင်ပြုစုနည်းနှင့် ရောဂါနှိမ်နင်းနည်း**

စိုက်ပျိုးသီးနှံတိုင်းကို စိုက်ပျိုးပြီးလျှင် စနစ်တကျ ပြုစုပေးရသည်။ သို့မှသာ အပင်သန်ပြီး အသီးသီးနှုန်း ကောင်းမည်ဖြစ်သည်။ ဒူးရင်းပင်ကို စိုက်ပျိုးပြီးနောက် အရွက်မရင့်မီ ယူရီးယားဖျော်ရည် ၁၀ လီတာကို တစ်ပင်နှုန်းဖျန်းပေးရမည်။ အရွက်မရင့်မီ အညွှန့်ပိုးကျပါက ပိုးကျသော အညွှန့်ကို ဖြတ်ပေးရသည်။ စိုထိုင်းစနည်းလျှင် အာဖရိကမွှားပင့်ကူနီကျရောက်တတ်သဖြင့် ရေဖြင့် ပက်ဖျန်း နှိမ်နင်းပေးရသည်။ အပင်ပြုစုမှု မကောင်းပါက အပင်သက်တမ်း ထက်စော၍ ၇ နှစ် ၈ နှစ်လောက်တွင်သေနိုင်သည်။ ဤကားစိုက်ပျိုးသူများ သတိပြုရမည့်အချက်ဖြစ်သည်။ ရွက်ခြောက်ရောဂါ ကျရောက်ပါက Carbendazin ၆၀ ရာခိုင်နှုန်းနှင့် WP ၁၂ ဂရမ်ကို ရေလီတာ ၂၀ ဖြင့်ဖျော်၍ ပက်ဖျန်း နှိမ်နင်းပေးရမည်။ ပင်စည်၌ ရေညှိတက်လျှင် Copper oxychloride ၈၅ ရာခိုင်နှုန်းနှင့် WP ၅၀ ဂရမ်ကို ရေ ၂၀ လီတာ၌ ဖျော်၍ ပက်ဖျန်းပေးရပါမည်။ ထို့နောက် အပွင့်မပွင့်မီ အရွက်ရင့်အဆင့်၌ပင် အညွှန့်သစ်များ ထွက်ရန်အတွက် ယူရီးယား ၂ ရာခိုင်နှုန်း ဖျန်းပေးပါ။ပန်းပွင့်များစေရန် အကိုင်းများသို့ ယမ်းစိမ်း တစ်ရာခိုင်နှုန်း ပက်ဖျန်းပေးပါ။ ပန်းပွင့်များ ပွတ်သိပ်နေလျှင်လည်း ခြွေပေးရသည်ဟုဆိုသည်။အပင်တစ်ပင်အတွက် တစ်နေ့ ရေ ၅ မီလီမီတာ သွင်းပေး၍ ပေါင်းမြက်များကို နှိမ်နင်းပေးရမည်။ ဤသို့ပြုလုပ်ပေးပါက အပင်သန်၍ အသီးသီးနှုန်း ကောင်းမွန်မည်ဖြစ်ပါသည်။ (ဤကား စိုက်ပျိုးရေးဆိုင်ရာစာအုပ်မှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။)

**အသီးခြွေပေးရခြင်းနှင့် မြေဩဇာကျွေးခြင်း**

တချို့သော သီးပင်များသည် အသီးများနေလျှင် ခြွေပေးရသည်။ ဥပမာ-သဘော်ပင်ကဲ့သို့ အပင်မျိုးဖြစ်သည်။ ဤသို့ပြုလုပ်ရခြင်းမှာ အသီးကြီးထွားနှုန်း ကောင်းစေရန်ဖြစ်သည်။ အသီးညှပ်နေပါက ကြီးထွားမှုနှုန်းကို အဟန့်အတားဖြစ်စေသည်။ အသီးသက်တမ်း ၂၁ ရက်မှ ရက် ၃၀ အတွင်းနှင့် ပန်းပွင့်ပြီး ၇ ပတ်ခန့်တွင် လိုအပ်သော အသီးအရေအတွက်ထက် နှစ်ဆချန်၍ခြွေပေးရသည်။ ထို့နောက် အသီးသီးပြီး ၃၅ ရက်သားအရောက်တွင် ဓာတ်မြေဩဇာကို တစ်ပင်လျှင် ၂ ကီလိုဂရမ်နှုန်း ကျွေးပေးရမည်။

**ခူးဆွတ်ခြင်း**

ဒူးရင်းသီးသည် စိုက်ပျိုးပြီး ခြောက်နှစ်မှ ခုနစ်နှစ်အတွင်း အသီးစသီးသည်။ ဒူးရင်းပင်သည် နှစ်ရှည်ပင်လည်းဖြစ်သည်။ သက်တမ်းမှာ ၅၀ အထိရှိသည်။ဒူးရင်းသီးကို ပန်းပွင့်ပြီး ငါးလခွဲအကြာ ဆူးကြီးလာချိန်နှင့် အသီးအရောင်ပြောင်းလာချိန်တွင် ကိုင်းဖြတ်ကတ်ကြေးဖြင့် ဖြတ်၍ ခူးဆွတ်ရသည်။ ဒူးရင်းပင် တစ်ပင်လျှင် အလုံး ၁၀၀ မှ ၃၀၀ အထိသီးကြောင်း သိရသည်။ ဒူးရင်းသီးသည် အလုံးအရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းကွဲပြားသည်။ ယိုးဒယားသီးဆို တစ်လုံး ကျပ် ၄၀၀၀-၅၀၀၀ မှ ၁၀၀၀၀-၁၅၀၀၀ အထိရှိသည်။ ပျမ်းမျှ တစ်နှစ် အလုံး ၂၀၀ ကို တစ်လုံး ကျပ် ၄၀၀၀ နှုန်းဆိုလျှင် နှစ်စဉ် ကျပ် ရှစ်သိန်းခန့် ပြန်လည်ရရှိနိုင်သည်။ ဒူးရင်းသီးသည် ဈေးကွက်ဝင်အသီးဖြစ်သလို ဈေးကောင်းသောအသီးလည်းဖြစ်သည်။ ထို့ပြင် နှစ်ရှည်ပင်ဖြစ်သည့်အတွက် တစ်ကြိမ်သာ ရင်းနှီးရမည်ဖြစ်ပြီး နှစ်စဉ်ဝင်ငွေကောင်းသည့် အပင်ဖြစ်သည်။ထို့ကြောင့် ဒူးရင်းပင် စိုက်ပျိုးပါက မြေကြီးက ရွှေသီးသည်ဟုပင်ဆိုနိုင်ပါသည်။

## ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ရော်ဘာနှင့် ပြောင်း တင်ပို့မှု

ဧပြီ ၂၂ ရက်မှ ၂၈ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၄၃ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၃၄၄၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၂၅၂၀၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၃၂၀ ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၃၀၀၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ကျော်နှင့် ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၆ ဒသမ ၅၄၃ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၂၁၂၅၀ ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုများမှာ ထိုင်းနိုင်ငံသို့ပြောင်း ၂၀၇၉၅ တန်ချိန်နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၄၆၀ ကျော် တင်ပို့ကြောင်း စာရင်းများအရ သိရသည်။

**အေးအေးသန့် (DOT)**

## တညင်းကုန်းလက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်း အခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်း လက်ကားဈေးကြီး အတွင်းသို့ ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက် ရောင်းချနေကြောင်း သိရှိရပါသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ)ကျပ် ၁၈၀၀ မှ ၂၂၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်) ကျပ် ၁၀၀၀ မှ ၂၀၀၀ အတွင်း၊ ပန်းဂေါ်ဖီ (ထုပ်) ကျပ် ၆၀၀ မှ ၁၅၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၁၈၀၀ မှ ၂၀၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၈၀၀ မှ ၁၃၀၀အတွင်း ရွှေဖရုံသီး(လုံး)ကျပ် ၁၅၀၀ မှ ၃၅၀၀အတွင်း၊ ဘူးသီး(လုံး) ကျပ် ၇၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) (ပိဿာ)ကျပ် ၁၈၀၀ မှ ၂၀၀၀ အတွင်း၊ ကြက်သွန်နီ (ဆိပ်ဖြူ) ကျပ် ၁၂၅၀ မှ ၁၅၀၀ အတွင်း၊ ကြက်သွန်ဖြူ (ရှမ်း)(ပိဿာ) ကျပ် ၃၅၀၀ မှ ၄၅၀၀ အတွင်း၊ ကြက်သွန်ဖြူ (ကြူကုတ်)(ပိဿာ) ကျပ် ၅၀၀၀ မှ ၅၂၀၀ အတွင်း၊ ချင်း (ပိဿာ) ကျပ် ၃၀၀၀ မှ ၃၇၀၀ အတွင်း၊ ဆလတ်ရွက် (စည်း) ကျပ် ၁၅၀ မှ ၂၀၀ အတွင်း၊ ချဉ်ပေါင်ရွက် (စည်း) ကျပ် ၆၀ မှ ၁၀၀ အတွင်း၊ ခရမ်းသီး (ရှည်) (ပိဿာ)ကျပ် ၁၀၀၀ မှ ၁၅၀၀ အတွင်းဖြစ်သည်။

ထို့ပြင် သံပရာသီး(လုံး)ကျပ် ၅၀ မှ ၃၅၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ)ကျပ် ၁၈၀၀ မှ ၂၄၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၁၅၀၀ မှ ၈၀၀၀ အတွင်းဖြစ်ကြောင်း သိရှိရသည်။ တညင်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၁၅၇၉၅၀ ကျော်၊ ခရမ်းသီး(ရှည်) (ပိဿာ) ၄၀၂၂၀ ကျော်၊ ဘူးသီး အလုံးပေါင်း ၃၇၅၀ ကျော်၊ ရွှေဖရုံသီး အလုံးပေါင်း ၄၇၁၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၂၅၄၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၁၇၄၀၀ ကျော်၊ မုန်ညှင်းထုပ်(ပိဿာ) ပေါင်း ၉၈၀၅ ကျော်၊ ဖရဲသီးလုံးပေါင်း ၁၆၆၀၀ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။ **မြင့်မြင့်စန်း(ရန်ကုန်)**

# ကုမ္ပဏီများပေါင်းစည်းခြင်းနှင့် အကျိုးရလဒ်များ

ထွန်းသက်ထွန်း

ကုမ္ပဏီများ၏ ပိုင်ရှင်များ ပြောင်းလဲခြင်း၊ ကုမ္ပဏီများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်း ၊ ခွဲထုတ်ခြင်း ၊ ဖက်စပ် တည်ထောင်ခြင်း စသည့် ဆောင်ရွက်ချက်များသည်ကုမ္ပဏီတစ်ခု အောင်မြင်တိုးတက်ရေးအတွက် အရေးပါသည့် မဟာဗျူဟာများဖြစ်သလို ရှယ်ယာရှင်တို့၏ ပိုင်ဆိုင်မှုတန်ဖိုး တိုးမြင့်လာရေး၊ ဆုံးရှုံးနိုင်ခြေ လျှော့ချရေးတို့အတွက်လည်း အဓိကကျသည့် လုပ်ဆောင်ချက်များဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဘဏ်သမားတို့သည် ကုမ္ပဏီတို့၏ ကနဦးအဆင့် ဆောင်ရွက်ခြင်း၊ တန်ဖိုးတွက်ချက်ခြင်းနှင့် ပေါင်းစည်းရေးကိစ္စများကို အဓိက ဆောင်ရွက်ကြရသည်။ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် ဤကုမ္ပဏီများ ပေါင်းစည်းခြင်း ၊ ဝယ်ယူခြင်း (Merger and Acquisition, M&A) လုပ်ငန်းဆောင်ရွက်မှုများမှ အဓိကဝင်ငွေများကို ရှာဖွေပေးသည်။

### ကုမ္ပဏီများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်း၏ အနှစ်သာရ

ကုမ္ပဏီတစ်ခုသည် မိမိ၏ နည်းဗျူဟာနှင့် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အခြားကုမ္ပဏီတစ်ခု၏ ပိုင်ဆိုင်မှုများကို ဝယ်ယူခြင်း၊ ရောင်းချခြင်းဖြစ်သည်။ ကုမ္ပဏီတစ်ခုကို ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်း မပြုလုပ်မီ မိခင်ကုမ္ပဏီသည် ကုန်ကျစရိတ်များ၊ ဆုံးရှုံးနိုင်ခြေများ၊ ပေါင်းစည်းခြင်းမှရရှိမည့်အကျိုးကျေးဇူးများကို တွက်ချက်ရသည့်အပြင် မိမိတို့တွင် နဂိုမူလက ပိုင်ဆိုင်ထားသည့် အခွင့်အလမ်း(Organic Opportunity) မည်မျှရှိသည်ကိုလည်း တွက်ချက်ကြရပါသည်။ ယင်းသို့တွက်ချက်ခြင်းကို Green field Analysis ဟုခေါ်ပါသည်။ ဝယ်ယူခြင်းနှင့် တည်ထောင်ခြင်း သုတေသနပြုချက်သည် ကုမ္ပဏီတစ်ခုကို မဝယ်ယူမီ စဉ်းစားသင့်သည့် ပထမခြေလှမ်းတစ်ခုဖြစ်ပါသည်။

အမှတ်တံဆိပ်၊ ပထဝီဝင် အနေအထား ဖြန့်ကြက်နိုင်မှု၊ ဖြန့်ချိရေးကွန်ရက် ကုန်စည်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုများတပ်ဆင်ထားမှု နှင့် ဆက်နွယ်မှု စသည်တို့ကို ကြိုတင်တည်ဆောက်ထားသင့်ပါသည်။ သုတေသနလုပ်ငန်းသည် အမြဲတမ်း တည်ငြိမ်နေသည်မရှိပါ။ အခြေအနေနှင့် အချိန်အခါကိုလိုက်၍ ဗျူဟာမြောက် ဆုံးဖြတ်ချက်များကို ပြောင်းလဲချမှတ်ရပါသည်။ ပြိုင်ဘက်တစ်ဦး၏ အောင်မြင်မှု၊ ဆုံးရှုံးမှု၊ အရင်း အနှီးစရိတ်များ ပြောင်းလဲမှု၊ ပိုင်ဆိုင်မှုတန်ဖိုးများ ပြောင်းလဲမှုတို့ကို အခြေခံကာ ပုံသေနည်းများ ပြောင်းလဲ တွက်ချက်ကြရပါသည်။

ရောင်းချမည့်ဘက်မှ ပြောင်းပြန်စဉ်းစားမည်ဆိုပါကလည်း ကုမ္ပဏီ၏ အက်ဆက်များကို ရောင်းမထုတ်ပဲ တိုးတက်ကြီးပွားအောင် ဆောင်ရွက်သင့်သည် သို့မဟုတ် ထုတ်ရောင်းကာငွေဖော်သည်က အကောင်းဆုံးဖြစ်မည်ကို သုတေသနသမားများက တွက်ချက်ပေးကြရပါသည်။ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် စီမံအုပ်ချုပ်ရေးအဖွဲ့၏ လွန်ခဲ့သည့် အချိန်ကာလများကချမှတ်ခဲ့သည့် ရည်မှန်းချက်များကို ပြန်လည်သုံးသပ်ကာ ၎င်းတို့၏ အမျှော်အမြင်နှင့် စွမ်းဆောင်ရည် ကောင်းမှု၊ မကောင်းမှု စသည်တို့ကို အကဲဖြတ်ပြီး ယင်းအဖွဲ့၏ ပိုင်ဆိုင်ပစ္စည်းများ တန်ဖိုးဖြတ်ခြင်းကို သဘောရိုးနှင့် ကူညီပေးကြပါသည် ။

### တန်ဖိုးဖန်တီးခြင်း

တစ်ကမ္ဘာလုံးဆိုင်ရာ အရင်းအနှီး ဈေးကွက်ကြီးသည် နှစ်စဉ်နှစ်တိုင်း ထောင်ပေါင်းများစွာသော ကုမ္ပဏီများ ပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းများကြောင့် လှုပ်ရှားသက်ဝင်လျက်ရှိပါသည်။ ယင်းလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု ဘဏ်များ၊ ဥပဒေအကြံပေးများ စာရင်းကိုင်များ၊ စီမံအုပ်ချုပ်မှုအကြံပေးများ၊ ပြည်သူ့ဆက်ဆံရေးအဖွဲ့များ၊ စီးပွားရေးအကြံပေးများ၊ ဘဏ္ဍာရေး မဂ္ဂဇင်းများက အရေးပါသောနေရာမှ ရပ်တည်လျက်ရှိသည်။ သို့ရာတွင် ယင်းသို့ ကုမ္ပဏီများပေါင်းစည်းခြင်း၊ ဝယ်ယူခြင်းသည် ရှယ်ယာရှင်များ၏အကျိုးအမှန်တကယ်ဖြစ်ထွန်းမှု ရှိ၊ မရှိ ယခု တိုင်ငြင်းခုံနေကြဆဲဖြစ်သည်။ ဆက်လက်၍ ရှယ်ယာရှင်များ အကျိုးဖြစ်ထွန်းသည့် တိုင်စားသုံးသူများ၊ ဝန်ထမ်းများနှင့်လူ့အဖွဲ့အစည်းအတွက် ထိခိုက်နိုင်ခြင်း ရှိ၊ မရှိဆိုသည့်မေးခွန်းက ခေတ်စားနေဆဲဖြစ်သည်။

အကယ်၍ ကုမ္ပဏီများပေါင်းစပ်ခြင်းကြောင့် ရှယ်ယာရှင်များ၏အကျိုးကို ပိုမိုဖြစ်ထွန်းသည်ဟု ဆုံးဖြတ်ပြီးချိန်တွင် အရေးတကြီး စဉ်းစားရန်အချက်တစ်ခုမှာ လုပ်ငန်းတူအုပ်စုများအတွင်းရှိ အခြားသော ကုမ္ပဏီများ၏ တန်ဖိုးပြောင်းလဲသွားခြင်း ရှိ၊ မရှိ သုံးသပ်ရန် ဖြစ်ပါသည်။ ဥပမာ- ၂၀၀၀ ခုနှစ်ဇန်နဝါရီလတွင် အမေရိကန် အော်န်လိုင်းကုမ္ပဏီမှ Time Warner ကုမ္ပဏီ၏ ရှယ်ယာနှင့်ကြွေးမြီစာချုပ် စုစုပေါင်း ၁၈၂ ဘီလီယံဖိုး ဝယ်ယူရန် ကြေညာခဲ့ပါသည်။ ဝယ်ယူပေါင်းစည်းပြီးနောက် AOL Time Warner ဟူအမည်ပေးကာ တေးဂီတ၊ ထုတ်လုပ်ဖြန့်ချိရေး၊ ဖျော်ဖြေရေး၊ သတင်းထုတ်ပြန်ရေး၊ ကေဘယ်ဆက်သွယ်ရေးနှင့် အင်တာနက်လုပ်ငန်းများကို ပြိုင်ဘက်မရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကုမ္ပဏီသစ်ကို AOL မှ ၅၅ ရာခိုင်နှုန်း ပိုင်ဆိုင်ကာ Time Warner မှ ၄၅ ရာခိုင်နှုန်းပိုင်ဆိုင်ခဲ့သည်။ သို့သော်လည်း သက်တမ်း ၂ နှစ်ကျော်လာပြီးနောက်ပိုင်း နည်းပညာပူဖောင်း ပေါက်ကွဲမှုများနှင့်အတူ ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းများ ၅၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရသည်။

AOL Time Warner ၏ ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့မှုမှာ မှတ်သားလောက်ပြီး ရှယ်ယာရှင်များအတွက် စိတ်ပျက်စေသည်မှာ မှန်သော်လည်း အခြားသော အရေးကြီးသည့် အချက်တစ်ခုမှာ ဤကုမ္ပဏီ၏ ရှယ်ယာဈေးကျဆင်းမှုသည် အခြားသော ကဏ္ဍတစ်ခုအတွင်းရှိ အမျိုးတူကုမ္ပဏီများကို အဆိုပါကာလအတွင်းထိခိုက်ခြင်း ရှိ၊ မရှိကို စူးစမ်းဆင်ခြင်း သင့်ခြင်းပင်။ ဥပမာအားဖြင့်-အဆိုပါ သက်တမ်းနှစ်နှစ် ကာလအတွင်း အဓိကပြိုင်ဘက်ကုမ္ပဏီတစ်ခုဖြစ်သည့် News Corp ၏ ရှယ်ယာဈေးနှုန်းများသည်လည်း ၅၀ ရ ၁ ခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါကာလအတွင်း နည်းပညာကုမ္ပဏီအများစု၏ ရှယ်ယာဈေးနှုန်းများသည်လည်း သိသိသာသာ ကျဆင်းသွားခဲ့ရပေသည်။

### ဗျူဟာမြောက် စဉ်းစားဆင်ခြင်ခြင်း

ကုမ္ပဏီတစ်ခုသည် အခြားကုမ္ပဏီတစ်ခုကို ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်း မပြုလုပ်မီ မဟာဗျူဟာကျသည့် စဉ်းစားတွေးခေါ်မှုများ ရှိရမည်ဖြစ်ပါသည်။ ပေါင်းစည်းလိုက်ခြင်းကြောင့် အရွယ်အစား ကြီးမားခြင်းမှာ စီးပွားရေးတွက်ခြေကိုက်မှု ရှိ၊ မရှိ၊ စရိတ်စကများ လျော့ကျသက်သာသွားခြင်း ရှိ၊ မရှိ၊ ဥပဒေ၊ စာရင်းကိုင် ၊ ဘဏ္ဍာရေး နှင့်စီမံခန့်ခွဲမှု စရိတ်များလျော့ကျသွားခြင်း ရှိ၊ မရှိတို့ကို သေချာစွာ တွက်ချက်လေ့လာရမည်ဖြစ်ပါသည်။ အထူးသဖြင့် အောက်ပါအချက်လေးချက်တွင် အကျိုးရှိ၊ မရှိကို သေချာစွာ တွက်ချက်ရမည်ဖြစ်ပါသည်။

**(က) စင်နာဂျီ ဖြစ်မှုနှင့် ပရီမီယံပေးနိုင်မှု။** ။ကုမ္ပဏီတစ်ခုကို ဝယ်ယူပေါင်းစည်းခြင်းမပြုမီ ကျိုးကြောင်းဆီလျော်မှု ရှိ၊ မရှိနှင့် စင်နာဂျီ မည်မျှရရှိနိုင်မည်နည်းဆိုသည်ကို တွက်ချက်ရန် လိုအပ်ပါသည်။ ယင်းတွင် ကုန်ကျစရိတ်စင်နာဂျီ (Cost Synergy) နှင့် ဝင်ငွေ စင်နာဂျီ (Revenue Synergy)များ မည်မျှရရှိမည်ကို တွက်ချက်ရပါသည်။ ကုန်ကျစရိတ်အပိုင်းသည် ပို၍အရေးကြီးပါသည်။ ယင်းတွင်ထပ်တလဲလဲ ဆောင်ရွက်နေရသည့် လုပ်ငန်းများလျော့ကျသွားခြင်း ရှိ၊မရှိ၊ ကုန်ကျနေသည့်စရိတ်များ လျော့ကျသွားခြင်း ရှိ၊မရှိ၊ အရွယ်အစားကြီးမားခြင်းမှ စီးပွားဖြစ်ထွန်းမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ရမည်ဖြစ်သည်။ ဝင်ငွေ စင်နာဂျီတွင်ကုမ္ပဏီနှစ်ခု ပေါင်းစည်းလိုက်ခြင်းမှ ဝင်ငွေသည် မပေါင်းစည်းမီ ကုမ္ပဏီနှစ်ခု ပေါင်းဝင်ငွေထက် မည်မျှပိုမိုရရှိနိုင်သနည်းဆိုသည်ကို တွက်ချက်ရမည်ဖြစ်ပါသည်။ ဆက်လက်၍ ကုမ္ပဏီသည် မိမိဝယ်ယူပေါင်းစည်းမည့် ကုမ္ပဏီအား သာမာန်ဈေးကွက် ပေါက်ဈေးထက် အပိုကြေး (Premium) မည်မျှပေးကာ ဝယ်ယူမည်ဆိုသည့်အချက်နှင့် ဝယ်ယူမည့်ကုမ္ပဏီအားထိန်းချုပ်နိုင်မည့် ရှယ်ယာအချိုးအစား မည်မျှဝယ်ယူမည်ကို ကြိုတင်လေ့လာ တွက်ချက်ရန်လိုအပ်ပါသည်။

> **ကုမ္ပဏီတစ်ခုကို ဝယ်ယူပေါင်းစည်းခြင်း မပြုမီ ကျိုးကြောင်းဆီလျော်မှု ရှိ၊ မရှိနှင့် စင်နာဂျီ မည်မျှရရှိနိုင်မည်နည်း ဆိုသည်ကို တွက်ချက်ရန် လိုအပ်ပါသည်။**

**(ခ) ကြွေးမြီပေးဆပ်မှုအဆင့် မြင့်တက်လာမှု။** ။ကုမ္ပဏီနှစ်ခု ပေါင်းစည်းခြင်းမှ ကြွေးမြီပေးဆပ်နိုင်မှု အဆင့်အတန်း (Credit Rating)မည်မျှ မြင့်တက်လာသည်။ မည်မျှ ကျဆင်းသွားသည် သို့မဟုတ် ပြောင်းလဲမှုမရှိ ဆိုသည်ကို ကြိုတင်စဉ်းစားချင့်ချိန်ရန် လိုအပ်ပါသည်။ သို့အတွက် ကုမ္ပဏီများအနေဖြင့် ဝယ်ယူခြင်း၊ ပေါင်းစည်းခြင်းမပြုလုပ်မီ ကြွေးမြီအဆင့်သတ်မှတ်သည့် အေဂျင်စီများ (Rating Agencies) နှင့်ညှိနှိုင်းကာ ဖြစ်ပေါ်လာနိုင်သည့် အဆင့်အတန်းကို ခန့်မှန်းလေ့ရှိပါသည်။ ခန့်မှန်းပြီးသည့်နောက် ဝယ်ယူမည့်ကုမ္ပဏီကို ရှယ်ယာများထုတ်ဝေ၍ ဝယ်ယူမည်၊ သို့မဟုတ် ငွေသားဖြင့် ပေးချေကာ ဝယ်ယူမည်ကို ဆုံးဖြတ်ချက်ချကြပါသည်။ ကုမ္ပဏီကို ရှယ်ယာများဖြင့် ဝယ်ယူသည့်နည်းစနစ်သည် ဝယ်ယူမည့်ကုမ္ပဏီ၏ လက်ကျန်ရှင်တမ်း (Balance sheet) ကို ပိုမိုခိုင်မာစေပြီး ကြွေးမြီအဆင့်သတ်မှတ်သည့် အေဂျင်စီ၏ အဆင့်လျှော့ချခြင်းမှ ကင်းဝေးစေမည်ဖြစ်ပါသည်။ အမေရိကန်တွင် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ လက်ရှိရှယ်ယာအရေအတွက်၏ ၂၀ရာခိုင်နှုန်း ကျော်လွန်သည့် ရှယ်ယာအသစ်ထုတ်ဝေကာ အခြားကုမ္ပဏီကို ဝယ်ယူမည်ဆိုပါက ရှယ်ယာရှင်များ၏ မဲဆန္ဒကို ရယူရန်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ရှယ်ယာအသစ်များ ထုတ်ဝေခြင်းဖြင့် ကုမ္ပဏီ၏ လက်ရှိ ရှယ်ယာတစ်စုအပေါ် အမြတ် (EPS)ကိုထိခိုက်စေနိုင်သောကြောင့်ဖြစ်သည်။

**(ဂ) ဥပဒေဆိုင်ရာ ညီညွတ်မှု။** ။ကုမ္ပဏီ၏ ဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှု အကြံပေးများအနေဖြင့် ကုမ္ပဏီများ ဝယ်ယူခြင်း၊ ပေါင်းစပ်ခြင်းများ ပြီးမြောက်စေရေးအတွက် တည်ဆဲဥပဒေများနှင့် ညီညွတ်မှု ရှိ၊ မရှိကို စိစစ်သုံးသပ်ရန်လိုအပ်ပါသည်။ အထူးသဖြင့် နိုင်ငံအတွင်း ၊ ဒေသကြီးအတွင်းနှင့် နိုင်ငံတကာ ဥပဒေများနှင့် ညီညွတ်မှု ရှိ၊ မရှိကို လေ့လာရန် လိုအပ်ပါသည်။ လုပ်ငန်းပြီးမြောက်စေရေးအတွက် ဝယ်ယူပေါင်းစပ်မည့်လုပ်ငန်း သဘာဝနှင့် အရွယ်အစား၊ လုပ်ငန်း၏ တည်နေရာနှင့် ယင်းလုပ်ငန်းကို ထိန်းကျောင်းသည့် အာဏာပိုင်အဖွဲ့များ၏ ခွင့်ပြုချက်များကို ရရှိရန်လိုအပ်ပါသည်။

**(ဃ) လူမှုရေးရာများ ။** ။ ကုမ္ပဏီများ ဝယ်ယူခြင်းပေါင်းစည်းခြင်းတွင် မြောက်များလှစွာသော လူမှုရေးဆိုင်ရာ စဉ်းစားရမည့်အချက်များရှိပါသည်။ ဥပမာ-ကိုယ်ဝယ်ယူရန် ပစ်မှတ်ထားသည့်ကုမ္ပဏီကို ဦးဆောင်နေသည့် အုပ်ချုပ်ရေးအဖွဲ့၏ အရည်အသွေးကိုကြည့်၍ ဆက်လက်ထားမည်လား။ ဖယ်ရှားမည်လား ဆိုသည့်အချက်ဖြစ်သည်။ အုပ်ချုပ်ရေးအဖွဲ့ နှစ်ဖွဲ့ပေါင်းစည်းခြင်းက ကုမ္ပဏီလုပ်ငန်းကို လွန်လွန်ကဲကဲ ထိခိုက်စေမည်လားဆိုသည်ကိုလည်း စဉ်းစားရမည်ဖြစ်သည်။ ထို့ပြင် ဒါရိုက်တာအဖွဲ့သစ်တွင် မည်သူများဖြင့် ပါဝင်ဖွဲ့စည်းမည်။ ထွက်ခွာသွားမည့်သူများအတွက် အကျမနာစေသည့် ခံစားခွင့် (Golden Parachutes) များ မည်သို့ပေးအပ်သွားမည်ကိုလည်း ကြိုတင်စဉ်းစားထားကြရမည်ဖြစ်သည်။ ကုမ္ပဏီပေါင်းစည်းလိုက်ခြင်းကြောင့် အလုပ်လက်မဲ့ မည်မျှပေါ်ပေါက်လာမည်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် နိုင်ငံရေးကိစ္စများ ဆက်နွယ်လာနိုင်မှုများကိုလည်း စဉ်းစားထားရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် ပေါင်းစည်းလိုက်ပြီးနောက်နေရာအသစ်သို့ ပြောင်းရွှေ့မှုများနှင့် လူမှုရေးကိစ္စရပ်များကိုထည့် ထည့်သွင်းတွက ချက်ရမည်ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ဤသို့ပေါင်းစပ်ခြင်း ဝယ်ယူခြင်းများကြောင့် ပါဝင်ဆက်နွယ်သူများ၏ အကျိုးစီးပွားကို ထိခိုက်ခြင်း ရှိ၊ မရှိ၊ နိုင်ငံရေးအရ အကျိုးဆက်များ ရှိ၊ မရှိနှင့် သတင်းမီဒီယာများ၏ ပြင်းထန်သော ဝေဖန်မှုများ ရှိ၊ မရှိကိုလည်း သတိပြုရမည်ဖြစ်ပါသည်။

**Reference: Wealth Management Guide Book #Tho_Mas**

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED





MPU UnionPay

" စိတ်ချရတာ မြဝတီဘဏ် "

**Card Services**

- Individual Debit Card/ Credit Card
- Corporate Debit Card
- Automated Teller Machine Services
- Point of Sales Services
- Online Payment/ Tax Payment Via E-commerce



Phone No : (01) 2301367, 2301368, 2301452, 2301378




FBT
FU XING BROTHERS GROUP OF COMPANIES
ဖူရှင်းဘရားသား(စ်)ကုမ္ပဏီများအုပ်စု
မုန့်ဖုတ်လုပ်ငန်းသုံး၊ ဖျော်ရည်လုပ်ငန်းသုံး၊
အခြားစားသောက်ကုန်လုပ်ငန်းသုံး၊ ကုန်ကြမ်းပစ္စည်းများနှင့်
စက်မှုလုပ်ငန်းသုံးဓါတုကုန်ကြမ်းများကို အထူးဈေးနှုန်းများဖြင့်
လက်လီလက်ကားရောင်းချပေးနေပါသည်။
MALTO DEXTRIN
DEXTROSE MONOHYDRATE
Citric Acid
CORN STARCH
AMANDA
AMANDA
လူကြီးမင်းတို့၏ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းခွင်အရောက်ပို့စနစ်ဖြင့်
သင့်လျော်သောနှုန်းအရည်အသွေး၊ အာမခံချက်အပြည့်အဝရှိသော ပြည်ပမှ စံချိန်မီ
Original သံချောင်း HRB 400Cr, HRB 500Cr,
BS 460B,BS500B နှင့် Coil (SAE 1008Cr) Size
အမျိုးမျိုးတို့ကိုဝယ်ယူရရှိနိုင်သည့် အပြင် လူကြီးမင်းတို့လိုအပ်သော
Deformed Bar, Wire Rod In Coil, Galvanized Iron Pipe
(Square/Rectangular) အမျိုးမျိုးတို့ကိုစိတ်တိုင်းကျ အော်ဒါမှာယူနိုင်ပါသည်။
We Produce and Export a huge quantity of Natural Rubber
MSR - 10, MSR - 20, RSS - 1 and RSS - 3
Yangon
Tel : 01-9554140, 01-9554080, 01-9554090, 01-9554083
Fax : 01-9401105
Email : fuxingb@gmail.com, fuxingbrothers@gmail.com
No.(16/17), U Chit Maung Housing, U Chit Maung Road, Tamwe Township, Yangon, Myanmar.
Mandalay
Tel : 02-21977, 02-32990, 02-34803
Fax : 02-33181
Email : cmfuxingmdy@gmail.com
No.275, 81st street, Bet : 24th & 25th street, Aung Myae Thar Zan Township, Mandalay, Myanmar.

COMMERCE INTERNATIONAL

# အမေရိကန်ဘဏ်ရှယ်ယာများ သိသိသာသာ လျှော့ကျလာ




အမေရိကန်ပြည်ထောင်စုရှိ ရင်းနှီးမြှုပ်နှံသူများသည် ငွေကြေးဈေးကွက်ကို ချုပ်ကိုင်ထားသည့် ဘဏ်အကျပ်အတည်းကို စိုးရိမ်သောကြောင့် ဒေသတွင်းရှိ ဘဏ်အများအပြားတွင် ရှယ်ယာများထည့်ဝင်မှု သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်က ရေးသားဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် First Republic ဘဏ် ပြိုကွဲပြီးနောက် ဖောက်သည်များက အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော် ပြန်လည်ထုတ်ယူခဲ့သည်။ ယင်းမှာ အမေရိကန်ပြည်ထောင်စုသမိုင်း၌ ဒုတိယအကြီးဆုံး ဘဏ်ကျရှုံးမှုဖြစ်ပြီး ၂၀၂၃ ခုနှစ် မတ်လနောက်ပိုင်းတွင် တတိယအကြိမ်ဖြစ်ပွားခဲ့ခြင်းလည်း ဖြစ်သည်။

ယခုအချိန်တွင် အမေရိကန်ပြည်ထောင်စု၌ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ပြည်တွင်းရှိ အခြားဘဏ်များ၏ အန္တရာယ်များကို စောင့်ကြည့်နေကြသည်ဟုဆိုသည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိမ်ဂျလိစ်ရှိ Pacific Western Bank သည် အကျိုးတူ အရင်းအနှီးဖြင့် ကျောထောက်နောက်ခံပြုထားသော ကုမ္ပဏီများသို့ ချေးငွေထုတ်ချေးခြင်းအတွက် စိစစ်ခံနေရပြီး အဆိုပါဘဏ်တွင် ထည့်ဝင်ထားသည့် ရှယ်ယာများသည်လည်း ၂၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ထို့ပြင် အရီဇိုးနားပြည်နယ် ဖီးနက်စ်တွင် ရုံးစိုက်သော Western Alliance ဘဏ်၏ အစုရှယ်ယာများသည်လည်း ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းကို ပြီးခဲ့သည့် မတ်လက ၄ ဒသမ ၇၅ ရာခိုင်နှုန်းအထိ ဆွဲမြှင့်ခဲ့ပြီး မေလထဲတွင်လည်း နောက်ထပ် သုည ဒသမ ၂၅ ရာခိုင်နှုန်း ထပ်တိုးဖွယ်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိနေသည်။

အစိုးရထံမှ First Republic ဘဏ်ကို ဝယ်ယူခဲ့သော JP Morgan Chase ၏ အမှုဆောင်အရာရှိချုပ် Jamie Dimon က First Republic ပြိုလဲခြင်းသည် အကျပ်အတည်းများ၏ အဆုံးသတ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၌ ဘဏ်ပေါင်း ၄၀၀၀ ကျော်ရှိသည့် ဘဏ်လုပ်ငန်းစနစ်သည် စီးပွားရေး အားနည်းနေချိန်တွင် စုစည်းမှုလှိုင်းတစ်ခုအတွက် အသင့်ရှိနေနိုင်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့သည်။

**Source; BBC**




# ပို့ကုန်ကျဆင်းမှုနှင့် တောင်ကိုရီးယားနိုင်ငံ ရင်ဆိုင်နေရ

တောင်ကိုရီးယားနိုင်ငံသည် ယခု ၂၀၂၃ ခုနှစ်တွင် ပြည်ပပို့ကုန် ကျဆင်းမှုနှင့် ရင်ဆိုင်နေရကြောင်း oec.world သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ဧပြီလက ပြည်ပပို့ကုန် ၁၄ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ပြည်ပပို့ကုန် တင်ပို့မှု အားကောင်းခဲ့သော်လည်း ယခု ၂၀၂၃ ခုနှစ်ထဲသို့ ရောက်ရှိလာချိန်တွင် ပြည်ပပို့ကုန် တင်ပို့မှု သိသိသာသာ ကျဆင်းလာခဲ့ရသည်။ တောင်ကိုရီးယားနိုင်ငံ၏ ပြည်ပပို့ကုန်အနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ၁၆ ဒသမ ၆ ရာခိုင်နှုန်း၊ ဖေဖော်ဝါရီလတွင် ၇ ဒသမ ၅ ရာခိုင်နှုန်း၊ မတ်လတွင် ၁၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဧပြီလတွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ရခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ဧပြီလတွင် ၁၄ ဒသမ ၂ ရာခိုင်နှုန်းအထိ ပို့ကုန်တင်ပို့မှု ကျဆင်းခဲ့ရခြင်းကြောင့် ယင်းအတွက် အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၆ ဘီလီယံ နစ်နာဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ချစ်ပ်ပြားများ တင်ပို့ရောင်းချမှုတွင် ၄၁ရာခိုင်နှုန်း၊ ရေနံတင်ပို့မှုတွင် ၂၇ ဒသမ ၃ ရာခိုင်နှုန်း၊ ရေနံဓာတုပစ္စည်း တင်ပို့မှုတွင် ၂၃ ဒသမ ၈ ရာခိုင်နှုန်း၊ စတီးလ်ထုတ်ကုန် တင်ပို့မှုတွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း စသည်ဖြင့် အသီးသီး ရောင်းအား ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၎င်း၏နောက်တွင် အာဆီယံ၊ ဂျပန်နိုင်ငံ၊ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့ ရှိနေသည်။

**Source; oec.world**

စိုင်းဗညား - စုစည်းသည်

# တရုတ်က အာရှ၏ အနက်ရှိုင်းဆုံး ရေနံနှင့် ဓာတ်ငွေ့တွင်း တူးဖော်

တရုတ်နိုင်ငံ၏ အကြီးဆုံး China Petrochemical Corporation (Sinopec)က အာရှတွင် အနက်ရှိုင်းဆုံး ရေနံနှင့်ဓာတ်ငွေ့တွင်း တူးဖော်ခြင်းကို တရုတ်နိုင်ငံ ရှင်းကျန်း(ဝေဂါ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ စတင် တူးဖော်နေပြီဖြစ်ကြောင်း သိရသည်။

China Petrochemical Corporation(Sinopec) အနေဖြင့် ရေနံနှင့် ဓာတ်ငွေ့တွင်းတူးဖော်ခြင်းကို မေ ၁ ရက်က စတင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

တရုတ်နိုင်ငံက ယခုတူးဖော်နေသော အဆိုပါ ရေနံတွင်းသည် အနက် ၉၄၇၂ မီတာရှိကြောင်းနှင့် ယင်းမှာ ချိုမိုလန်းမားတောင်၏ အမြင့်ထက် မီတာ ၆၂၀ ပိုမိုရှည်လျားကြောင်း China Petrochemical Corporation (Sinopec)၏ အဆိုအရ သိရသည်ဟု ဆင်ဟွာသတင်းတွင် ရေးသားထားသည်။ အဆိုပါ ရေနံနှင့် ဓာတ်ငွေ့တွင်းသည် မြေအောက်ရေနံတွင်း တူးဖော်ခြင်းနည်းပညာ၌ တရုတ်နိုင်ငံ၏ နောက်ထပ် ဦးဆောင်မှုတစ်ရပ်ဖြစ်ပြီး အာရှတွင် အနက်ရှိုင်းဆုံးအဖြစ်လည်း မှတ်တမ်းဝင်မည် ဖြစ်သည်။

**Source; Xinhua**

